www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြည်နုခေတ်

အချစ်
လုံးချင်းဝတ္ထုသစ်

# အချစ်ချင်းတူရင် ဝင်ခင်းယူမယ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ဗိုလ်ပြု၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကြည်နုခေတ်

# အချစ်ချင်းကျရင် စစ်ခင်းယူမယ်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၉၉၇၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၉၉၀၆၁၁

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၂ ဩဂုတ်လ

ထုတ်ဝေသူ - ဦးအေးလွင (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ်(၃၃)၊ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျိုတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး - ၁၀၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅.

ကြည်နူခေတ်

အချစ်ချွင်းတူရင် စစ်ခင်းယူမယ် /ကြည်နူခေတ် ။ - ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၀ ။

၂၂၉ စာ၊ ၁၂. ၃ x ၁၈ စင်တီ ။

(၁) အချစ်ချွင်းတူရင် စစ်ခင်းယူမယ်

## အခန်း (၁)

"ချောချောရေ့ ဒီမှာလာပါဦး. . . ငါ့အကျီကိုလာကြည့်ပါဦးမယ်"

လင်းအသံစူးစူးလေးကြောင့် အအိပ်ပုပ်မလေး ချောချောမှာ အိပ်ရာမှ လူးလဲထလာသည်။ ပြီးမှ ဖရိုဖရဲရှုပ်ပွနေသည့်ဆံပင်တွေကို လက်နဲ့ထိုးဖွသပ်တင်ရင်း အိပ်ချင်မူးတူးလေသံနှင့် စိတ်မပါတပါလှမ်း ...လေသည်။

"ဘာလဲ လင်းရယ်၊ ခေါင်းတွေမူးရတဲ့အထဲ နင်က တစ်မျိုး။ ...သိအလုပ်မသွားသေးဘူးလား"

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"မသွားရသေးဘူးဟာ။ ဒီမနက်အလုပ်သွားရင် ဝတ်မယ်ဆ
ပြီး ကုတ်အင်္ကျီအဝါလေး ချိတ်မှာလှမ်းထားတာ ဘယ်သူ့လက်ချက်လဲ
မသိဘူး. . . စိုကုန်ပြီ"

ချောချောက မျက်လုံးတွေကိုပွတ်သပ်ပြီး ရေစိုကွက်နေသော
အင်္ကျီကို သေချာစိုက်ကြည့်၏။

"ဟုတ်ပါ့. ရေတွေစိုလို့၊ နင်က ဘယ်နားသွားထားလို့လဲ
လင်းရဲ့"

"ဘယ်သွားထားရမှာလဲ. . . ဟိုနားကတန်းမှာ ချိတ်ထားတာ
ခုကြည့်ဦး။ အင်္ကျီရေစိုကြီး လာကပ်လှမ်းထားတော့ အကုန်စိုကုန်တာ
ပေါ့"

လင်း တမင်တကာအသံကိုမြှင့်ပြီး ပြောလိုက်ခြင်းဖြစ်သည်
ချောချောကလည်း လင်းအနားသို့ကပ်ကာ. . .

"အော်သာအော်၊ လင်း၊ အဲ့ဒါ ဘဏ်မှာလုပ်တဲ့အပျိုကြီးအောက်
သူများသာဆို ရစရာမရှိအောင်ပြောမှာ။ သူ့ကျတော့ မသိချင်ယောင်
ဆောင်နေတယ်"

"တော်ပါပြီဟာ. . . ပြောချင်စိတ်လည်း မရှိတော့ဘူး။ အမှု
နဲ့နေရတာ အဲ့ဒီလိုပဲ စိတ်ညစ်တယ်"





လင်း၊ အင်္ကျီကို ကုတင်ပေါ် လုံးထွေးပစ်တင်ရင်း စိတ်ပျက်
လက်ပျက် ထိုင်ချလိုက်သည်။ အဆောင်မှာနေရတာ အလွန်စိတ်ညစ်ဖို့
ကောင်းလှသည်ဟု လင်း၊တွေးမိပြန်သည်။

"နင် အလုပ်မသွားဘူးလား။ ဒီနေ့မှစဆင်းရတာကို မသွား
ရင်"

"အဲ့၊ဟုတ်သားပဲ၊ ဟယ်! ရှစ်နာရီတောင်ခွဲပြီ။ လုပ်ပါဦး ချော
ချောရယ်၊ ငါထမင်းဘူးရော၊ ထီး. . . ထီး. . . ဟိုမှာ လှမ်းယူပေးစမ်း
ပါ"

တစ်ခဏအတွင်းမှာပင် လင်း ပျာယာခတ်သွားသည်။

"ဖြစ်ရမယ်. . . လင်းတို့ကတော့"

ချောချောက ပွစိပွစိပြောရင်း ထမင်းဘူးကို ခြင်းထဲထည့်ပြီး
အဆင်သင့်ပြင်ဆင်ပေး၏။ လင်းမှာ ဘာမှပြန်ပြောမနေအားချေ။

ရေချိုးခန်းထဲဝင်ကာ အဝတ်အစားလဲကာ အားလုံးဆယ်ငါး
မိနစ်လောက်နှင့် တက်သုတ်ရိုက်ရတော့၏။

မျက်နှာကိုတော့ ဘာမှထူးထူးထွေထွေမပြင်တတ်တဲ့သူမို့
ခေါင်းဖြီးခြင်းတစ်ခုသာလုပ်ရသည်။ ဒါလည်း လေ့ကားကအဆင်း ဘီး
ထုတ်ထားပြီး ဖြီးသွားရုံသာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပရမ်းပတာ၊ ကမန်းကတန်းကိစ္စတွေအားလုံးက လင်းအကျွမ်းကျင်ဆုံးအရာများသာဖြစ်သည်။

"ဟဲ့၊ လင်း။ ပယ်(ဖ်)လေးဘာလေး နည်းနည်းရိုက်သွားပါဦး။ မျက်နှာပြောင်ကြီးနဲ့ တော်တော်မိန်းမပီသတဲ့လူ"

"အဟဲ့၊ နေပါစေတော့၊ လှပြီးသားပဲမဟုတ်လား။ နောက်ကြုံမှပဲ အလှအပတွေပြင်တော့မယ်"

လင်းက အဲဒီလို မိန်းကလေးမပီသသော မိန်းကလေးတစ်ယောက်သာဖြစ်၏။ အလုပ်အင်တာဗျူးသွားဖြေတုန်းက ရင်ဖုံးနဲ့ထမီနဲ့။ ဆံပင်ပုံဆံအမျိုးမျိုး မထားတတ်သောကြောင့် ပုံစံတစ်မျိုးတည်းရှိနေသည့် ခါးကျော်ဆံပင်ရှည်ကြီးနှင့် မြန်မာဆန်စွာလှနေသည်။

အင်တာဗျူးသွားဖြေစဉ်က ချောချော ထမိတွေ၊ အင်္ကျီတွေ ငှားဝတ်သွားခဲ့ခြင်းဖြစ်၏။ လင်းမှာ မိန်းမဆန်ဆန် အင်္ကျီတစ်ထည်တစ်လေမျှပင်မရှိ။ အနက်ရောင်တစ်မျိုးသာရှိသည့်ထမီများနှင့် ရှပ်အင်္ကျီပွပွကြီးတွေသာရှိသည်။

အင်တာဗျူးနေ့ပုံစံနှင့် ယခုအလုပ်လာဆင်းသောပုံစံမှာ တခြားစီမို့ သူဌေးပင် သူခန့်လိုက်သောဝန်ထမ်းကို ရုတ်တရက်မှတ်မိမည်မထင်ချေ။





ရောက်တတ်ရာရာတွေးရင်း အလုပ်ရုံးခန်းရှေ့ရောက်လာ၏။ တံခါးရှေ့မှာတပ်ထားသည့် လူခေါ်ဘဲ(လ်)ကိုနှိပ်ပြီး နှစ်မိနစ်လောက်အကြာ ကောင်မလေးတစ်ယောက် ထွက်လာ၏။

"ဘယ်သူလဲ"

ဘယ်သူလဲလို့မေးတာလောက် အခံရခက်တာ၊ ဖြေရခက်တာမျိုးမရှိဟု လင်းထင်မိ၏။

"လင်းရတီ"

"ရှင်! "

ကောင်မလေးက လင်းကိုမကြည့်ဘဲ သူ့လက်ထဲက လက်သည်းနီဘူးကိုကြည့်နေရင်းမှ လင်းအဖြေကြောင့် ဆတ်ခနဲခေါင်းထောင်လာသည်။

"လင်းရတီ, ဝန်ထမ်းအသစ်ပါ၊ ဒီနေ့မှအလုပ်စဆင်းတာ"

လင်း့အသံက မာမနေသော်လည်း ပျော့ပျောင်းနူးညံ့ခြင်းအလျဉ်းမပါ။ အလုပ်ကိုစိတ်ဝင်စားဟန်မရှိဘဲ အလှအပလောက်သာဂရုစိုက်ဟန်ရှိသောထိုကောင်မလေးမှာ ရွှေဝါရောင်ဆံပင်စင်းစင်းတွေကို ဝေ့ဝဲခါတင်ရင်း. . .

"သြော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ခွန်းသာ ရေရွတ်ပြီး တံခါးဖွင့်ပေးသည်။

"ထီးနဲ့ထမင်းဘူး ဘယ်မှာထားရမလဲ"

"ရှင်!"

လင်းအသံကြောင့် ခုနကောင်မလေးက ကုလားထိုင်မှာ ဝင်ထိုင်တော့မလို့ပြုပြီးမှ လှည့်ကြည့်သည်။ လင်းလက်ထဲမှ ရေစက်လက်နှင့်ထီးကိုကြည့်ရင်း မပွင့်တပွင့်လှမ်းဖြေသည်။

"ထီးက တံခါးဘေးကပုံးမှာ ထောင်ထားလိုက်၊ ထမင်းဘူးက ဟိုဘက်ကစားပွဲပေါ်မှာ တင်ထားလို့ရတယ်"

"ကျေးဇူးပဲ"

ထိုစဉ် အခန်းထဲသို့ လင်းနှင့်ထက် အသက်အနည်းငယ်ကြီးပုံပေါ်သည့်ကောင်မလေးတစ်ယောက် ဝင်လာသည်။ ဘယ်မှာထိုင်ရမှန်းမသိဘဲ ယောင်နနဖြစ်နေသည့်လင်း့ကို ဖျတ်ခနဲတစ်ချက်လှည့်ကြည့်ပြီးလျှင်. . .

"ဝန်ထမ်းအသစ်ထင်တယ်၊ ဟိုမှာထိုင်လေ"

"ဟုတ်"

သူမက လင်းထိုင်နေသည့်နေရာနှင့် မလှမ်းမကမ်းရှိစားပွဲတွင် သွားထိုင်သည်။ သူမ၏မျက်နှာကို လင်းမြင်ဖူးသလိုရှိသောကြောင့်





သေသေချာချာကို စိုက်ကြည့်နေမိသည်။

မဟုတ်သေးပါဘူး။ သူ့မျက်နှာမျိုးကိုပဲ လင်း့မြင်ဖူးတာ ဖြစ်မှာပါဟု တွေးလိုက်မိ၏။ ရှည်လျား၍ မည်းနက်နေသော မျက်တောင်ကော့ကော့များပေါ်မှ မိုးပြာရောင်ဆိုးထားသော မျက်ခွံလက်လက်များ၊ ပန်းခရမ်းရောင်နှုတ်ခမ်းဆိုးဆေးရင့်ရင့်ကြောင့် ဖူးကြွလှပနေသည့် သူမ၏မျက်နှာက အမျိုးသမီးကြိုက်မဂ္ဂဇင်းများထဲတွင်ပါတတ်သော တစ်မျက်နှာပြည့် မိတ်ကပ်ကြော်ငြာမှပုံနှင့် ခပ်ဆင်ဆင်တူကြောင်း လင်းသတိပြုလိုက်မိ၏။

"လင်းရတီနော်၊ ဒီမှာ လက်မှတ်လာထိုးလိုက်၊ ခဏနေရင် ဆရာလာလိမ့်မယ်"

ဆရာဆိုသည်မှာ အလုပ်ရှင်သူဌေးကို ခေါ်ခြင်းဖြစ်ကြောင်း လင်း မှတ်သားလိုက်သည်။ ရုံးခန်းထဲတွင် လင်းအရွယ် ကောင်မလေးငါးယောက်ခြောက်ယောက်နှင့် ကောင်လေးတစ်ယောက်ရှိ၏။

အမည်ဆိုသည့်အောက်မှာ နာမည်ရေးပြီး လက်မှတ်ထိုးလိုက်သည်။

ထိုအခါ သူမက. . .

"ဘယ်အချိန်ရောက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလေသည်။

"အင်း၊ ကိုးနာရီကျော်လောက်တော့ရှိပြီ။ အတိအကျတော့ မမှတ်မိတော့ဘူး"

"ရုံးချိန်က ကိုးနာရီလေ၊ ဘာလို့နောက်ကျနေတာလဲ"

ရုတ်တရက် ရုံးခန်းထဲသို့ဝင်လာရင်း လှမ်းအော်ပြောလိုက်သော ယောကျ်ားတစ်ယောက်၏အသံကြောင့် လင်း အလန့်တကြား နောက်ကိုလှည့်ကြည့်လိုက်မိသည်။ လင်းတစ်ယောက်တည်းတင်မဟုတ်၊ ရုံးခန်းထဲတွင် လင်းကိုစပ်စပ်စုစုလှမ်းကြည့်နေသော မိန်းကလေးများ ပင် မလိုအပ်ဘဲ စာရင်းစာအုပ်လှန်သူလှန်၊ အလုပ်မရှိသေးဘဲ ကွန်ပျူ တာရှေ့ ပြေးထိုင်သူထိုင်နှင့် ယောက်ယက်ခတ်သွားသည်။

အလုပ်များချင်ဟန်ဆောင်နေကြသော ကောင်မလေးများကို ကြည့်ခြင်းအားဖြင့် ရုံးခန်းထဲသို့ဝင်လာသူမှာ သူဌေးဖြစ်ကြောင်း လင်း ရိပ်မိလိုက်သည်။

"ဝန်ထမ်းအသစ်နဲ့တူတယ်။ ဘယ်သူ. . . မင်းနာမည်"

"လင်းရတီပါ"

"အေး၊ လင်းရတီ၊ ဒီနေ့မှ ရုံးစဆင်းတာမဟုတ်လား။ ဘာ လို့နောက်ကျနေတာလဲ"





"ဟို. . . လင်း"

"ကားနောက်ကျတာပဲဖြစ်ဖြစ်၊ ကျန်တဲ့ ဖာဟီရက်ကိစ္စတွေ ကြောင့်ပဲဖြစ်ဖြစ် နောက်နေ့ရုံးနောက်ကျတာ မလိုချင်ဘူး။ ကြားလား။ ကြယ်စင် တစ်ခါတည်းပြောထားနော်။ နောက်နေ့ နောက်ကျတာ မမြင် ချင်ဘူး"

"ဟုတ်ကဲ့ဆရာ၊ ကြယ်စင်သူလာတာမသိလိုက်ဘူး။ အခုပဲ ပြောမလို့ပါပဲ"

"သူဝင်လာတာမသိရအောင် မင်းဘယ်သွားနေလို့လဲ။ ထား လိုက်ပါတော့၊ ဟန်နီ မင်းမိတ်ကပ်ဘူးတွေဘာညာတွေ အံဒီအံဆွဲထဲ မှာ မထားနဲ့၊ မေမိလွင်၊ မင်းပေါင်ပေါ်က ဝတ္ထုစာအုပ် အမှိုက်ပုံးထဲ သွားထည့်ပြီး ဆိုင်စာရင်း ငါ့ဆီယူလာခဲ့"

သူဌေး၏စကားအဆုံး လင်း မျက်ခုံးပင့်သွားရသည်။ တစ်ရုံး လုံးကို မျက်လုံးတစ်ချက်ဝေ့ကြည့်ပုံက မင်းတို့လောက်မှမလည်ရင် သူဌေးလုပ်မနေဘူးဆိုသော အထာမျိုးပင်။

သူဌေး၏ လိမ္မာပါးနပ်ပုံ၊ စည်းစနစ်ကြီးပုံကိုကြည့်ပြီး လင်း နည်းနည်းတော့ ဖြုံသွားသည်။ လင်း၏ ဝတ်စားဆင်ယင်ပုံကိုကြည့်ပြီး အပြစ်ပြောဦးမှာလားဟု စိုးတထင့်ထင့်ဖြစ်နေပေမယ့် ဘာမှမပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ချေ။

သူဌေးမှာ အသက်သုံးဆယ်ကျော်ရုံလေးမို့ ခေတ်မီပြီး ပွင့်လင်းပုံရလေသည်။

"ကဲ, ဒေါ်လင်းရတီ၊ ကျုပ်ကိုသေသေချာချာကြည့်ပြီး အကဲခတ်မနေနဲ့တော့၊ တစ်ခါတည်း မိတ်ဆက်ပေးမယ်၊ ဒါ, မကြေယ်စင်တဲ့၊ ရုံးက မန်နေဂျာ၊ သူက ဟန်နီဝင်း, ဆရာ့ အတွင်းရေးမှူး။ ဟိုနှစ်ယောက်က မေမီလွင်နဲ့ အေးသီရိကျော်၊ ကွန်ပျူတာ စာရင်းကိုင်တွေ၊ ဟန်နီဝင်းက ဒီက Personal Secretry ၊ မင်းက Office Secretry ပေါ့၊ မင်းလုပ်ရမယ့်အလုပ်တွေကတော့ ကြယ်စင်ပြောပြလိမ့်မယ်၊ ခုနအပြင်ထွက်သွားတာ ဒီက ရုံးအကူ ကျော်ဇင်ဝင်းတဲ့။ ဒါတွေက မပြောလည်း နောက်နေ့သိလာမှာပါ"

"ဟုတ်ကဲ့"

လင်း၏အလုပ်ရှင်သူဌေးသည် Psycho ကျောင်းသူ လင်းထက်ပင် Human Behaviours ကို ပိုကျွမ်းကျင်ပုံရလေသည်။ ပါဝါမျက်မှန်ခပ်ထူထူအောက်မှ ရှုရှတောက်ပသောမျက်လုံးများက တစ်ယောက်ချင်းစီရဲ့အပြုအမူကို ကောင်းစွာအကဲခတ်နိုင်၏။

"ဟိုနေ့က မင်းဝတ်လာတာ တစ်မျိုးပါ။ ခုပုံစံမျိုး မဟုတ်ဘူး





လားလို့"

အမလေး! မေးမှမေးပါ့မလားလို့ လင်းမှာ ရင်တထိတ်ထိတ်ဖြစ်နေရတာ။

"ဟုတ်ကဲ့, အဲဒီနေ့က ဟိုဟာလေ၊ လင်း ဒီလိုပဲဝတ်တတ်လို့ပါ၊ အဲဒီအဝတ်မျိုး. . ."

"တော်ပြီ၊ ရတယ်, ကိစ္စမရှိပါဘူး အဲ့ဒီကိစ္စအတွက် တကူးတကရှင်းပြမနေနဲ့တော့။ ကဲကဲ. . . အားလုံး ကိုယ့်လုပ်စရာရှိတာ လုပ်ကြတော့"

"ဟုတ်ကဲ့ဆရာ"

အားလုံးက ကျောင်းသားများလို တစ်လေသံတည်းဖြေလိုက်ကြသောကြောင့် လင်း ပြုံးမိတော့မလိုပင် ဖြစ်သွားရသည်။

မဟုတ်ပါ။ လင်း အမှန်တကယ်ပင် ပြုံးမိသွားသည်။

ကံကောင်းချင်တော့ ဟန်နီဝင်းဆိုသည့် ပဲများများ ကောင်မလေးနှင့် မျက်နှာချင်းဆိုင်မိချိန်မှာပင်ဖြစ်၏။ သူမကလည်း လင်းကို ပြန်ပြုံးပြသည်။

မထူးတော့ပါဘူးလေဆိုပြီး ရုံးထဲရှိသမျှအားလုံးကို လင်း အုကြောင်ကြောင်နှင့်ပင် ပြုံးပြလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ တစ်ခါမှမသိဖူးမမြင်ဖူးတဲ့ သူစိမ်းတစ်ယောက် ယောက်နှင့်ခင်ဖို့ ဘာမဟုတ်တဲ့အပြုံးတစ်ခုသာ ဦးစွာလိုအပ်ကြောင်း လင်း သဘောပေါက်သွားမိ၏။

▣ ▣ ▣



## အခန်း (၂)

မိန်းကလေးဆိုတာမျိုးတွေက တစ်ယောက်နဲ့တစ်ယောက် ခင်သွားဖို့ အလွန်လွယ်ကူသောသတ္တဝါများပင်။ ကုမ္ပဏီတွင် အလုပ်စဝင်ပြီး တစ်ပတ်ကျော်သည့်အချိန်တွင် လင်းနှင့် ရုံးရှိဝန်ထမ်းတော်တော်များများမှာ ခင်မင်ရင်းနှီးနေပြီဖြစ်လေသည်။

"လင်း, ဘာဟင်းလဲ"

နှုတ်သွက်လျှာသွက်ရှိပြီး အစားမက်ပုံရသော မေမီလွင်ဆိုသည့် ဘုတ်မလေးက လင်း, ရုံးသို့ရောက်သည့်အချိန်တိုင်း ထိုသို့နှုတ်ဆက်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိသေးဘူး၊ ဖွင့်ကြည့်ဦးမယ်၊ ဒီမနက် အိပ်ရာထ နောက်ကျလို့ သူငယ်ချင်းထည့်ပေးလိုက်တာနဲ့ စားရမှာ"

"လင်းက အဆောင်မှာ နေတာလား"

မကြယ်စင့်အမေးကြောင့် လင်း ခေါင်းညိတ်ပြလိုက်သည်။ စားပွဲတွင်ထိုင်ရင်း မှန်ကြည့်နေသောဟန်နီဝင်းက လင်းကိုလှမ်းမကြည့်ဘဲ. . .

"အဆောင်မှာနေတာဆိုတော့ လင်းက ရန်ကုန်က မဟုတ်ဘူးပေါ့နော်"

ဟု ယပ်မေးပြန်သည်။

"ဩော်, ဟန်နီကလည်း ရန်ကုန်ကဆိုရင် အဆောင်မှာ နေ ပါ့မလား"

ကွန်မျူတာရှေ့တွင်ထိုင်နေသော အေးသီရိကျော်စကားကြောင့် ဟန်နီက မှန်ရှေ့က မျက်နှာခွာရင်း. . .

"တချို့ဆို ရန်ကုန်ကပဲ၊ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် အဆောင်မှာနေတာလည်း ရှိတာပဲဥစ္စာ"

ဟု မှုန့်နှဲ့နှဲ့လေးပြန်ပြောသည်။ သူမလေသံသည် တစ်ယောက် ယောက်ကိုရည်ညွှန်းလိုက်သလို။ ထိုအထဲတွင်မှ မမကြယ်စင်က ဘ





ာစ်ခွန်းမှုတင်မပြောဘဲ ခေါင်းငုံ့ရင်း စာရင်းစာအုပ်ကိုသာ သဲကြီးမဲကြီး ငုံ့ကြည့်နေတာ လင်း တွေ့လိုက်၏။

"လင်းက ကောစမက်တစ်တွေထဲက ဘယ်ဟာကိုသုံးတာလဲ ဟင်"

"ဘာကိုပြောတာလဲဟင်"

လင်းက နားမလည်သလို ပြန်မေးလိုက်တာမို့ ဟန်နီက ခပ်လွှင်လွှင်လေးရယ်ရင်း. . .

"ဩော်,မိတ်ကပ်တို့၊ နှုတ်ခမ်းနီတို့ အဲဒါတွေကိုပြောတာပါ"

ဟန်နီ့စကားကြောင့် လင်း အူကြောင်ကြောင်ဖြစ်သွားသည်။ မိတ်ကပ်၊ နှုတ်ခမ်းနီမပြောနှင့်။ မျက်နှာတောင် ပြီးစလွယ် ဆပ်ပြာနှင့် သစ်တာထ်သည့်လင်းမှာ ဟန်နီကိုခပ်တွေတွေပြန်ကြည့်ရင်း. . .

"ဘာမှမသုံးဘူး၊ ဘာဖြစ်လို့လဲ"

ဟု ပြန်ပြောလိုက်သည်။

"ဘာမှသာ မသုံးတယ်၊ လင်းမျက်နှာလေးက ဖွေးဥနေတာ ပဲနော်"

မေမီလွင့်စကားအဆုံး ဟန်နီ့မျက်နှာက တစ်မျိုးဖြစ်သွား၏။ ...င်းသတိထားမိသလောက် ဟန်နီနှင့် မကြယ်စင်မှာ ရုံးတွင်အလှဆုံး



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှစ်ယောက်ပင်။ မေကြယ်စင်က တည့်တည့်ငြိမ်ငြိမ်နှင့် ရင့်ကျက်သည့်အလှမျိုးဖြစ်ပေမယ့် မင်းသမီးတစ်ယောက်လို ကာလာစုံပြင်ထားတတ်သည်။

ဟန်နီကတော့ ပိုက်ဆံရှိပြီး ခေတ်ဆန်သည့်အသိုင်းအဝိုင်းမှာ မွေးဖွားကြီးပြင်းလာဟန်ရှိသည်။

ဘယ်အချိန်ကြည့်ကြည့် သူ့မျက်နှာမှာ ချွေးတစ်စက်မှမရှိအောင် ဝင်းအိ မွှန်ညက်နေတတ်သည်။ သူမို့ဝတ်လိုက်ပြီဆိုလျှင်လည်း အမြဲလို တောက်ပကြွရွနေပြန်သည်။

ဘယ်သူလုပါတယ်လို့ပြောရခက်သည့် မိန်းကလေးနှစ်ယောက်ပင်။ ထို့ကြောင့် သူတို့အလစ်တွင် လင်းက မေမိလွှင့်နားကပ်၍. . .

"ဟန်နီနဲ့ မကြယ်စင်က တော်တော်လှတယ်နော်"

ဟု ပြောလိုက်မိသည်။ မေမိလွှင်က ခေါင်းညိတ်ပြီး ထောက်လေ၏။

"ပြီးတော့ ပြင်လည်းပြင်တတ်တယ်နော်၊ လင်းဆို သူတို့သုံးတဲ့ပစ္စည်းတွေချပေးရင် ဘာမှလုပ်တတ်မှာမဟုတ်ဘူး"

ဟုပြောမိသောအခါ သူမက သဘောကျစွာ ရယ်လေသည်။

"လင်းလည်း လှတာပဲ၊ ပြင်စရာတောင်မလိုဘူး"





"ဟာ! မေမိကလည်း လင်းက ဆံပင်သာမရှည်ရင် ယောက်ျားလျာရုပ်ပေါက်နေမှာတဲ့။ လင်းသူငယ်ချင်းတစ်ယောက်ဆို အမြဲပြောတယ်"

မေမိလွှင်က လင်းစကားကိုသဘောကျသလို ဟက်ဟက်ပက်ပက် ရယ်ပြန်သည်။

"မဟုတ်တာလင်းရယ်၊ ဒီမျက်လုံးတွေနှုတ်ခမ်းတွေ ဒီလောက်လှတာကို။ ပြီးတော့ ဒီကိုယ်လုံးမျိုးက ယောက်ျား[illegible]မြတ်နိုးစရာလား"

"ယောက်ျားလျာက ဘယ်လိုကိုယ်လုံးမျိုးကြိုက်လဲဟဲ့၊ လုပ်စမ်းပါဦး"

အေးသီရိကျော်စကားကြောင့် လင်းမှာ တည်မထားနိုင်တော့ဘဲ ခစ်ခနဲရယ်ချလိုက်မိသည်။ မေမိလွှင်က စိတ်အားတက်ကြွသွားဟန် သရက်ကြီးလေသံနှင့်. . .

"ယောက်ျားလျာဆိုတာ မိန်းကလေးတော့ မိန်းကလေးပေါ့တယ်။ ဒါပေမဲ့ ဟိုဟာ. . ."

"အဟမ်း. . . ဟမ်း"

"ဟဲ့. . . အဲတော့၊ ကိုကျော်ဇင်ဝင်းက နောက်မှာ ရောက်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝမှာ ရောက်နေသည့်ကျော်ဇင်ဝင်းမှာ ရယ်ချင်ပက်ကျိ ဖြစ်နေသည့်မျက်နှာကို ဟန်လုပ်တည်ရင်း မသိဟန်ဆောင်နေပေမယ့် မေမီလွင့်မျက်နှာကတော့ နီရဲနေတော့၏။

“မိန်းမတွေ ကြည့်စမ်း! သိရက်နဲ့မပြောဘူး။ ဟိုတစ်ယောက်ကလည်း စွတ်ရွတ်ဝင်လာတာပဲ”

“ဟောဗျာ၊ ကျွန်တော့်ပါ အပြစ်တင်နေပြန်ပြီ။ မပြောမရှိနဲ့ Meeting ရှိတယ်၊ ဆယ်မိနစ်အတွင်း ဆရာ့ရုံးခန်းအရောက်လာတဲ့ အဲဒါလာပြောတာ”

“ဟယ်!”

ကျော်ဇင်လင်းစကားအဆုံး အားလုံးစိတ်ဆိုးတာတွေ၊ ရှက်တာတွေ မေ့ပျောက်ကုန်ပြီး ကမန်းကတန်း နေရာမှထကြတော့သည်။

“မကြယ်စင်ရော”

“မကြယ်စင်ရော၊မဟန်နီရော ဆရာ့အခန်းထဲ ရောက်နှင့်နေပြီ”

“သြော်၊ ဟုတ်လား၊ လာပြီ. . . လာပြီ အခုပဲလာမယ်”

မေမီလွင်တစ်ယောက်တည်း ပျာယာခတ်ပြီး ရှေ့ဆုံးမှပြေးထွက်သည်ကို ကြည့်ပြီး လင်းနှင့် အေးသီရိကျော်မှာ ရယ်ရပြန်သည်။





“ဟဲ့၊မေမီ၊ နင့်ကွန်ပျူတာ ဆော့(ဗ်)သွားဦးလေ။ ဘယ့်နယ် ကျော်ဇင်ဝင်းနောက် အတင်းတန်းလိုက်သွားတာလဲ”

ဟု အေးသီရိကျော်က လှမ်းနောက်လိုက်ရာ မေမီလွင်မှာ ရှက်ကိုးရှက်ကန်းနှင့် ပြန်လှည့်ပြေးလာလေသည်။ ကွန်ပျူတာဆော့(ဗ်) လုပ်ပြီးသားဖြစ်နေသည်ကိုမြင်ရလျှင် လင်းတို့နှစ်ယောက်စလုံးကို မျက်စောင်းထိုးကာ. . .

“အေးပါ၊ ရှင်တို့ နောက်ထား။ ဆရာ့ရှေ့မှာ အဲဒီလိုနောက်နိုင်အောင် စဉ်းစားထား. . . ဟင်း”

ဟုကြိမ်းမောင်းပြီး ရှေ့မှခပ်သုတ်သုတ်ထွက်သွားရာ လင်းတို့နှစ်ယောက်မှာ မျက်နှာပိုးသတ်ပြီး သူ့နောက်မှအပြေးအလွှားလိုက်သွားရလေတော့၏။

အလုပ်ရှင်ဘုန်း၊ မိုးသို့ချွန်း၊ ဝန်ထမ်း၊ ရုံးမှာ မရယ်သာပါသားဟု လင်းတွေးလိုက်မိတော့သည်။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"မကြွယ်စင်"

"ဘာလဲဟင်. . . လင်းဘာနားမလည်လို့လဲ"

"ဟို့, လင်း အလုပ်ကိစ္စနားလည်ပါတယ်။ ဟိုဟာလေ, လင်း မသိတာတစ်ခုရှိလို့"

"ပြောလေ လင်းရဲ့"

"ဟိုလေ. . . လင်းတို့အလုပ်ရှင်နာမည် မသိလို့"

"ဩော်"

မကြွယ်စင်မျက်နှာက ရယ်တော့မလိုပြုံးတော့မလိုလေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားပေမယ့် သူ့ဟန်အတိုင်း ခပ်တည်တည်လေးလုပ်ကာ မျက်ခုံးကို ပင့်ရင်း. . .

''လင်း, အလုပ်ဝင်တာ တစ်လပြည့်တော့မယ်၊ ခုထိ ဆရာ့နာမည်မသိဘူးလား၊ အင်းလေ, ဒီမှာက ဆရာ့နာမည် ဘယ်သူမှမခေါ်တာ၊ ဆရာ့နာမည်က ဦးစိုးသူရတဲ့''

''ဩော်''

ဒီတစ်ခါ 'ဩော်' ရသူက လင်းကိုယ်တိုင်ပင်ဖြစ်၏။ ထို့နောက် မေကြယ်စင်က လင်း မမေးသောမေးခွန်းတစ်ခုကိုပြောပြန်၏။ ထို့အတွက် လင်းဘက်က အထူးတလည်အံ့ဩမိခြင်းဖြစ်မသွားသည်ကို သူမစဉ်းစားမိမည်မဟုတ်ချေ။

''ဆရာအမျိုးသမီးက နိုင်ငံခြားမှာလေ၊ ဆရာလည်း မကြာခင် လိုက်သွားမှာ''

''ဟင်! ဒါဆို ကုမ္ပဏီက''

''ဆရာက ခဏသွားမှာပါ။ ဆရာမရှိရင် ကုမ္ပဏီကိုအုပ်ချုပ်ဖို့ လူတစ်ယောက်တော့ ထားခဲ့မှာပေါ့။ တို့ကတော့ သူပဲဖြစ်မယ်ထင်တာပဲ''

''သူ. . . သူဆိုတာ ဘယ်သူလဲဟင်''





''သူဆိုတာ တစ်ယောက်ယောက်ပေါ့လင်းရယ်၊ ပြောပြတော့ရော လင်း,သိမှာမှမဟုတ်တာ''

ကြားဖြတ်ဝင်ပြောလိုက်သည့်ဟန်နို့စကားကြောင့် မေကြယ်စင်မှာ မသိမသာမျက်နှာပျက်သွားလေတော့၏။ ဘာမဟုတ်တဲ့စကားလေးတစ်ခွန်းနှစ်ခွန်းအတွက် သူမတို့နှစ်ယောက် မျက်နှာအမူအရာပြောင်းသွားခြင်းကို လင်း,နားမလည်နိုင်ပါချေ။ သို့သော် ဘာမှထပ်မမေးဖြစ်တော့။

''ထိုက်ထိုက်ရေ ဒီမှာ ဝန်ထမ်းအသစ်ရောက်နေတာ သိပြီးပြီလား''

မေမိလွှင့်အသံကြောင့် လင်း, အနောက်သို့လှည့်ကြည့်လိုက်သည်။ ထို့အတူ ရုံးခန်းထဲသို့ဝင်လာသော အသားညိုညို မျက်ခုံးကောင်းကောင်းနှင့်ကောင်မလေးကလည်း လင်းကိုလှမ်းကြည့်လေသည်။

''ဩော်, အဲဒါ ထိုက်ထိုက်တဲ့။ သူလည်း ရုံးက ကွန်ပျူတာအော်ပရေတာပဲ၊ ခွင့်နဲ့ နယ်ပြန်သွားလို့။ သူက ရွှေဘိုကလေ''

လင်း ခေါင်းညိတ်ရင်း ပြုံးပြသောအခါ ထိုက်ထိုက်ဟူသော ကောင်မလေးကလည်း နှစ်လိုဖွယ် ပြန်ပြုံးပြနှုတ်ဆက်လေသည်။

''တို့က လင်းရေဝီပါ။ လင်းလို့ပဲခေါ်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



တခြားတစ်ယောက်ယောက်မိတ်မဆက်ခင် လင်းကိုယ်တိုင်ပဲ မိတ်ဆက်လိုက်၏။

"နာမည်ကလည်း ခပ်ဆန်းဆန်းပဲ၊ လူကလည်း ချစ်ဖို့ကောင်းတာပဲနော်"

ထိုက်ထိုက်က လင်းထက်ပင် ပိုမိုသွက်လက်ကာ ပွင့်ပွင့်လင်းလင်း ရှိလေသည်။

"ရုံးမှာတော့ အချောအလှလေးတစ်ယောက် တိုးလာပြန်ပြီနော်"

ထိုက်ထိုက်စကားကို အားလုံးက သဘောကျစွာ ရယ်ကြသော်လည်း မရယ်နိုင်သူကတော့ ဟန်နီဝင်းပင်။ သူမသည် လင်းထက်အသက်ပိုငယ်ကာ ပို၍လှလှပပဝတ်စားတတ်သူဖြစ်သောကြောင့် မေကြယ့်စင်ထက် သာမသွားရင်တောင် လင်းရတီထက်တော့ အပြတ်အသတ်လှနေရမည်ဟု ခံယူထားဟန်ရှိလေသည်။

"ဟုတ်ပါရဲ့၊ ဒါနဲ့ လင်းက မိန်းကလေးအင်္ကျီမျိုးတွေ ဘာလို့မဝတ်တာလဲ။ မိန်းမဆန်ဆန်လေးဝတ်ရင် ကြည့်လို့ကောင်းမှာ"

မေကြယ်စင်က လင်းကိုမြှောက်ပေးသလိုလိုနှင့် ကြည့်ရတာအဆင်မပြေဘူးဟုတိုက်ရိုက်မပြောဘဲ သွယ်ဝိုက်ပြီး ဝေဖန်လိုက်ပြန်





သည်။ မေကြယ်စင့်စကားအဆုံး အေးသီရိကျော်က လင်းကိုလှည့်ကြည့်ပြီး ပုခုံးတွန့်ပြသည်။

လင်းကတော့ အပြုံးမပျက်သည့်အပြင် ရယ်ပင်ရယ်နေလိုက်မိ၏။

မေကြယ်စင့်ဘက်သို့ မသိမသာလှမ်းကြည့်လိုက်သောအခါ ကော်ဖီသောက်လိုက်သောကြောင့် မဆိုစလောက်စိုသွားတဲ့နှုတ်ခမ်းကို တစ်ရှူးနဲ့ ဖွဖွလေးတို့သုတ်ပြီး နှုတ်ခမ်းနီပြန်ဆိုးနေသည်ကို တွေ့ရ၏။

ဩော်. . . မိန်းမဖြစ်ရတဲ့ဒုက္ခထဲမှာ ဒါတွေလည်း ပါနေပြန်ပါလားဟု စိတ်မသက်မသာ တွေးလိုက်မိပြန်သည်။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

လင်း အလုပ်က ပြန်ရောက်ကတည်းက အဝတ်လျှော်၊ မီးပူတိုက်နှင့် နားရသည်ကိုမရှိချေ။ ချောချောကတော့ သူ့ထုံးစံဟုပြောရမလိုပင်ဖြစ်နေသည့် လုပ်နေကျအကျင့်အတိုင်း အခွင့်အလမ်းရှာနယ်ဘေးချကာ လိပ်စာများ ကူးလိုက်၊ ပါးစပ်ကလည်း ပွစိပွစိရေရွတ်လိုက်လုပ်နေသည်။

တစ်ခါတစ်လေ ဝမ်းသာအားရ လက်ဖျစ်ထတီးတတ်ပြီး တစ်ခါတလေလည်း ခေါင်းကိုသာ တွင်တွင်ရမ်းလိုက်နှင့် လုပ်နေသည်မှာ ဆယ်ခါမကတော့။ လင်းလှည့်ကြည့်တိုင်း ထိုအပြုအမူမျိုးကိုသာ မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချောချော"

"ဟင်"

"နင်လည်း ဖတ်လိုက်ရတဲ့အခွင့်အလမ်း ရှာလိုက်ရတဲ့အလုပ်၊ ဘာမှလည်း အခုထိမယ်မယ်ရရမဟုတ်ဘူး။ တစ်ခုခုကိုရွေးပြီး စွဲစွဲမြဲမြဲ လုပ်စမ်းပါဟ၊ ထွက်ချည်ဝင်ချည်နဲ့ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ တွေ၊ ကုမ္ပဏီတွေကို ဖရိုဖရဲ ဖုတ်နေလား"

"အံမယ်! နင်က အလုပ်လေးအတည်တကျရှိပြီဆိုပြီး ငါ့ကို နှိပ်ကွပ်နေတယ်ပေါ့လေ။ ဟွန်း. . . ငါအလုပ်ရမှ နင်ဒုက္ခရောက်မှာ"

"ဘာဆိုင်လို့လဲ"

"နင့်အိပ်ယုပ်ကြီးနေတာနဲ့ ဟိုမမိဒီမမိဖြစ်ရင် ငါ့ကိုပဲ အား ကိုးနေတာလေ၊ ထမင်းထည့်ထားပါဦး. . . အကျီထုတ်ထားပါဦးနဲ့။ တွေ့ မယ်၊ ချောချောအိတို့ ပုံမှန်အလုပ်နဲ့အကိုင်နဲ့ဖြစ်သွားမှ ကောင်းကောင်း ဒုက္ခရောက်မှာ"

မဲ့ကာရွဲ့ကာပြောလိုက်သောချောချောစကားကြောင့် လင်း ခစ် ခနဲရယ်လိုက်မိသည်။

"ဟုတ်ပါတယ် ကျေးဇူးရှင်ရယ်။ ငါက နင့်အတွက်ပြောတာ ပါနော်။ စေတနာကို ဝေဒနာထင်နေတယ်"





"အမယ်လေး, ဘာမှမပူနဲ့. . . မပူနဲ့။ ဒီတစ်ပတ်ဗေဒင်ထဲ မှာ တနင်္လာသားသမီးတွေ အလုပ်အကိုင်အောင်မြင်တိုးတက်ဖို့ လမ်းစ ပေါ်တော့မယ်တဲ့၊ ဒီတစ်ခါလျှောက်ထားတဲ့အလုပ်က ကျိန်းသေပဲ"

အားတက်သရောပြောလိုက်သည့် ချောချောစကားကို လင်း နည်းနည်းတော့စိတ်ဝင်သွားသည်။ လင်းက ဗေဒင်တော့ယုံတတ်သည်။

"ဟုတ်လား, ဗေဒင်ထဲမှာ ငါ့အတွက်ရော ကြည့်မိသေးလား"

"ဟင့်အင်း, ကိုယ့်နေ့ပဲကိုယ်ကြည့်တတ်တာ။ နင်ဖတ်ချင်ရင် တော့ ဗေဒင်စာအုပ်ရှိတယ်။ ဘဝတစ်သက်စာပဲ။ ဖတ်မလား"

"အေး, ကောင်းသားပဲ"

လင်း မီးပုတိုက်လက်စအဝတ်တွေကို ခြင်းထဲပြန်ထိုးထည့် ရင်း ချောချောကုတင်ဆီသို့ အားရဝမ်းသာပြေးလာခဲ့၏။

"ဒီမှာလေ, မွေးနေ့ဗေဒင်။ နင် ဘယ်လမှာ မွေးတာလဲ၊ ငါ ဖတ်ပြမယ်"

"ဇူလိုင်. . . ဇူလိုင် (၂) ရက်၊ ပေးပါ, ငါ့ဘာသာ ဖတ်ကြည့် မယ်"

"နားထောင်စမ်းပါ၊ ငါဖတ်ပြမယ်။ ဇူလိုင်(၂)ရက်ဆိုတော့ ဟော! တွေ့ပြီ ဤလအတွက် ၂ဂဏန်း ရသူများမှာ ဂဏန်းနက္ခတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်သော လကြိုလ်၊ နေကြိုလ်၊ ကိတ်ကြိုလ်. . ."

"ဟာ. . . ကိတ်တွေပေါင်မုန့်တွေ လုပ်မနေစမ်းပါနဲ့၊ လိုရင်း ဖတ်စမ်းပါ"

"ဘာကိုလောတာလဲ. . . လာမှာပေါ့၊ ထိုသူများသည် စိတ်ကူးကောင်း၏၊ အနုပညာဘက်တွင်လည်းကောင်း၊ အချစ်နှင့်စိတ်ကူးယဉ်ဘက်တွင်လည်းကောင်း စိတ်သန်၏။ စာပေ၊ ကဗျာ၊ ဂီတကို နှစ်မြိုက်၏. . ."

"ဟယ်! မှန်လိုက်တာမှ အတိအကျပဲ"

"နေဦးဟဲ့ မဆုံးသေးဘူး၊ ထိုသူတို့သည် တစ်ခါတစ်ရံအပြောအဆိုကြမ်းတမ်းခြင်းကြောင့် ရန်သူပေါ်တတ်သည်၊ အာဃာရှင်ဆန်ဆန်ပြောဆိုတတ်ခြင်းကြောင့်. . ."

"တော်. . . တော်. . . အဲ့ဒါတော့ မှားတယ်"

"နင်ကလည်း ခုတစ်မျိုး တော်ကြာတစ်မျိုး. . . အမျိုးမျိုးပဲ"

ချောချောက စိတ်ဆိုးမာန်ဆိုးနှင့် စာအုပ်ကိုပိတ်ပစ်လိုက်၏။ ထိုစဉ် သူတို့အခန်းဘေးမှ သိမ့်သိမ့်နွေဦးနှင့် အေးအေးအောင်ဆိုသည့် နေဖြူမှကောင်မလေးနှစ်ယောက် ရောက်လာသည်။

"မချော, ခုန ဗေဒင်ဟောနေတာမဟုတ်လား၊ သိမ့်တို့ကိုလည်း ဟောပေးပါဦး"

"ဟာ, ဘယ်က ဗေဒင်ဟောရမှာလဲ၊ စာအုပ်ထဲပါတာ ဖတ်နေတာ"

"ဟုတ်လား၊ သိမ့်တို့ကိုလည်း ဖတ်ပြဦး၊ သိမ့်က အောက်တိုဘာ ၁၈"

"ဟင့်အင်း. . . အေးအောင်ဟာ အရင်ဖတ်ပြ. . . မေ ၂၆"

"ကဲ, ဒီလောက်ဖြစ်တာ ဘယ်သူ့ဟာမှမဖတ်တော့ဘူး၊ ကိုယ့်ဘာသာ ဖတ်ကြည့်ကြပေတော့"

ချောချောက စာအုပ်ကို သူတို့နှစ်ယောက်လက်ထဲထည့်ကာ စောင်ကို ရင်ဘတ်အထိဆွဲယူပြီး အိပ်ဖို့ပြင်လေတော့သည်။

"ဟာ, မချော မအိပ်ပါနဲ့ဦး၊ ဗေဒင်ဟောစာတမ်းက သူများဖတ်ပြတာ နားထောင်မှ ဖီးလ်ရှိတာ"

နေဖြူသူကလည်း အလာကြီးပါလားဟုတွေးရင်း လင်း ပြုံးလိုက်မိသည်။ ဗေဒင်စာအုပ်တောင် သူများဖတ်ခိုင်းပြီး ဖီးယူချင်သူက ရှိသေး၏။ စိတ်က ခပ်ယိုင်ယိုင်ဖြစ်နေသောချောချောမှာ နှစ်ခါမဆွယ်လိုက်ရ၊ အိပ်ရာမှလူးလဲထပြီး စာအုပ်ကြီးပြန်ကိုင်သည်။

"သိမ့်က အောက်တိုဘာ ၁၈ နော်၊ ဒီမှာတွေ့ပြီ. . . ဘာတဲ့







www.burmeseclassic.com

www.burmeseclassic.com



ထိုသူများမှာ ဂဏန်းကောင်နက္ခတ်နှင့်ယှဉ်သော အင်္ဂါဂြိုလ်၊ စနေဂြိုလ်၊ သောကြာဂြိုလ်တို့ကို ရရှိ၏။"

"ခစ်. . . ခစ်"

အေးအေးအောင်က မေးထောက်ရင်း တခစ်ခစ်ရယ်သည်။

"တိတ်တိတ်နေ. . . ထောင်တန်တဲ့စကား ရယ်ပေါ့တဲ့"

ချောချောက စာဖတ်ရင်း ဆရာကြီးဒီဖိုင်းနှင့် လှည့်ဟောက်တော့ အေးအေးအောင်ခမျာ ပြန်ငြိမ်သွားတော့သည်။

"ထိုသူများသည် မိမိတိုးတက်ရာ တိုးတက်ကြောင်းကို လုပ်ဆောင်ရာ၌ အငွေ့နှစ်စိတ်မြန်၏။ ဂုဏ်ရှူးထိုးနိုင်၏။ အငြင်းအခုန် သန်တတ်သဖြင့် ဆန့်ကျင်သူများ ရန်သူများ တွေ့ရတတ်၏။ မိမိမှန်သည် ထင်သည့်ကိစ္စရပ်များအတွက် တိုက်ခိုက်လိုစိတ်ပြင်းထန်လေသည်"

"ဟား. . . ဟား. . . မှန်တယ်. . . မှန်တယ်. . . သိမ့်က မဟုတ်မခံ"

"ခစ်,ခစ်. . . မဟုတ်မှတော့ ဘာခံစရာရှိလဲ"

ကောင်မလေးနှစ်ယောက်၏ ခိုးခိုးခစ်ခစ်ရယ်သံတွေ ထွက်လာပြန်သည်။

"ငြိမ်ငြိမ်နေ၊ ကောင်းခန်းရောက်နေပြီ"





"အချစ်ရေးရောမပါဘူးလား မချော"

"ရောက်ပြီဆို၊ အချစ်ကိစ္စနှင့်ပတ်သက်၍ အင်း. . . ဆန့်ကျင်ဘက်လိင်များက မိမိအပေါ်စွဲလမ်းတတ်၏တဲ့"

"ဟား. . . ဟား. . . ဟား. . ."

"ဘာတဲ့. . . ပြန်ဖတ်ပါဦး မိုက်တယ်ဟ"

ဒီတစ်ခါ ရယ်သံတွေ ပိုညံသွားသည်။ လင်းပါ ရောယောင်ပြီး ရယ်လိုက်မိသည်။ ခြေရင်းခန်းမှ ရှိုင်မလေးများမှာလည်း ဝါးခနဲ ထရယ်လိုက်ကြတော့၏။

"ဒုန်း! ဒုန်း! "

"ဟဲ့၊ ဘာတုန်း"

အခန်းတံခါးခေါက်သံပြင်းပြင်းကြောင့် အားလုံးအရယ်ရပ်ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။ ချောချောက မျက်မှောင်ကြုတ်ပြီး ဘာလဲဆိုသည့်သဘောနှင့် လင်းဘက်သို့ မေးငေါ့ပြ၏။

လင်း ခေါင်းခါပြလိုက်သည်။ ထိုစဉ် တံခါးထုသံ တဝုန်းဝုန်း ထွက်ပေါ်လာပြန်၏။

"ဒုန်း! ဒုန်း! "



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"ဘယ်သူလဲလုပ်မနေနဲ့။ အချိန်မတော်ကြီးဆူညံနေလို့ လာသတိပေးတာ၊ ဘေးမှာ လူတွေရှိသေးတယ်ဆိုတာလည်း သတိရဦး"

"အောင်မာ! "

မီးပုလပ်ခွဲဖြုတ်ပြီး လင်း ဂုန်းခနဲထရပ်လိုက်သည်။ ဘေးမှာ လူတွေရှိသေးတယ်ဆိုတော့ လင်းတို့အခန်းက တိရစ္ဆာန်တွေမို့လားဟု တွေးပြီး ဒေါသထွက်သွားမိ၏။

အခန်းတံခါးကိုခပ်ပြင်းပြင်းဆွဲဖွင့်ပြီး အပြင်ကိုထွက်ဖို့ ပြင်တော့ ကုတင်ပေါ်မှ ဝရုန်းသုန်းကားဆင်းလာသည့်ချောချောနှင့် အေးအေးအောင်က လင်း့လက်ကိုဆွဲထားသည်။

"မသွားနဲ့လင်း။ အပျိုကြီးမစီပါဟာ။ သိတဲ့အတိုင်း ပဓိပစပ်နဲ့ အသာနေစမ်းပါ"

"အသာနေရမလားဟဲ့၊ ဒီလောက်သောင်းကျန်းနေတာ"

"တိုးတိုးပြောပါ လင်းရဲ့"

တကယ်တော့ ချောချောက ကြောက်တတ်သူတစ်ယောက်ပင်။ လင်းလည်း သတ္တိရှိသူတစ်ယောက်မဟုတ်ပေ။ သို့သော် ဒေါသဖြစ်စရာရှိလာလျှင်တော့ ဘာကိုမှသိပ်မကြောက်တတ်တော့။





"ဘာလို့တိုးရမှာလဲ၊ ဒီလောက်စော်ကားနေတာကို"

"အောင်မာ! ညည်းတို့ကပြောရတာယ်ရှိသေး။ ဘေးပတ်ဝန်းကျင်ကိုအားမနာဘဲ တဟီးဟီးတဟားဟားနဲ့၊ မိန်းမတွေကိုက အဆင့်တို့ မရှိဘူး"

လင်း ဒေါသထောင်းခနဲထွက်သွားသည်။ အခန်းတံခါးရှေ့မှာ ချောချောက ကွယ်ရပ်နေသောကြောင့် လင်းမှာ ထိုအပျိုကြီးနှင့် နံရံတစ်ချပ်ခြား ရန်ဖြစ်နေရလေ၏။

"ဘယ်သူတွေက ဘယ်လောက်အဆင့်ရှိနေလို့လဲ. . . တစ်ယောက်တည်း နားအေးပါးအေးနေချင်ရင် လုံးချင်းတိုက်ငှားပြီး သွားနေ။ အများနဲ့နေရင် သူ့သည်းညည်း ကိုယ့်သည်းညည်းတော့ခံရမှာပဲ"

"သည်းခံရမယ်ဟုတ်လား၊ သည်းခံတယ်ဆိုတာ အတိုင်းအတာရှိတယ်ဟဲ့၊ လူနဲ့သူနဲ့ပတ်ဝန်းကျင်နဲ့မနေဖူးဘူးလား။ ဒီအချိန်က သူများတွေ အလုပ်ကပြန်လာပြီး အနားယူ၊ ဘုရားတရားအာရုံပြုတဲ့အချိန်"

"ဘုရားတရားအာရုံပြုနေလို့ထင်ပ့ါ၊ ပြောနေလိုက်တာ ကက်တက်လန့်လို့"

"အောင်မာ! ကောင်မတွေက"

"တော်ပါ မစီရယ်၊ လာပါ. . . ပြောမနေပါနဲ့တော့။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်းတွေပဲ''

''ဟုတ်ပါတယ် လူကြားလို့လည်း မကောင်းပါဘူး''

ဖျန်ဖြေသံ၊ ဖျောင်းဖျသံတွေအဆုံး အပျိုကြီးအသံက တိတ်ဆိတ်သွားသည်။ ခေနဖြူသူနှစ်ယောက်လည်း တောက်တခေါက်ခေါက်လုပ်နေသော လင်းရှေ့က ကုပ်ချောင်းကုပ်ချောင်းနှင့် ထွက်သွားကြတော့၏။ ခဏကြာတော့ အဆောင်မှူးဒေါ်အေးရီ ရောက်လာသည်။ ထုံးစံအတိုင်း စာတမ်းဖတ်ပွဲကြီး စတင်ချေတော့မည်။

''ခုန လင်းရတီနဲ့ မစီ၊ စကားများလို့ဆို''

''ဟုတ်တယ်အန်တီ''

''လင်းတို့ရယ်လိုက်မိတာကို လင်းတို့ကိုအဆင့်မရှိဘူး။ လူနဲ့သူနဲ့မနေဖူးဘူးနဲ့ပြောလိုက်တာ ရစရာမရှိဘူး''

လင်းစကားအဆုံး အဆောင်မှူးက သက်ပြင်းတစ်ချက်ချ၏။

''ခက်တာပဲအေ၊ ဒီမှာက လူအများနဲ့နေတာ၊ ဘာပဲဖြစ်ဖြစ် ဆင်ဆင်ခြင်ခြင်နေမှ တန်ကာကျတာ။ အခုလို စကားအချေအတင်တွေ ပြောရတော့ မိန်းကလေးတွေအနေနဲ့ ကိုယ်ပဲသိက္ခာကျတာပေါ့''

ကေန္တ အပျိုကြီးက ဒေါ်အေးရီကို ဦးအောင်တိုင်လိုက်ပြီထင်သည်။ သူမလေသံတွေက လင်းတို့မှာသာ အပြစ်ရှိနေသယောင်။





''တစ်ယောက်နဲ့တစ်ယောက် သည်းမခံနိုင်ရင်တော့ အဆောင်မှာ နေလို့မကောင်းဘူးကွယ့်။ ပြီးတော့ မစီဆိုတာ ဒီအဆောင်မှာ အန်တီပြီးရင် အသက်အကြီးဆုံး။ သူတော်တော်စိတ်ဆိုးလို့သာ ဆင်းပြောတာ၊ အဆောင်နေခဲ့တဲ့တစ်လျှောက်လုံး တော်ရုံရန်ဖြစ်ခဲ့တာ မဟုတ်ဘူး''

လင်း ဘာမှပြန်မပြောဘဲ ခေါင်းငုံ့နေလိုက်သည်။ ရင်ထဲမှာတော့ တနုံ့နုံ့ဒေါသထွက်နေရ၏။ အပြစ်အားလုံး[illegible]ရှားခံက [illegible] တစ်ယောက်တည်းလို ပုံချပြောဆိုနေသော အဆောင်မှူး ဒေါ်အေးရီကို လင်း မော့မကြည့်ချင်လောက်အောင် ဒေါသဖြစ်မိသည်။

''နောက်ဆို ချောချောတို့လည်း သတိထားကြပေါ့၊ ဒီအချိန်ဆိုတာ အားလုံးအနားယူကြတဲ့အချိန်၊ အလုပ်ကပြန်လာပြီး မောမောပန်းပန်းနဲ့ ဒီအချိန်လေးပဲ အဆောင်မှာ အေးအေးဆေးဆေးနေရတာ၊ အားလုံး မိုးလင်းက မိုးချုပ် အလုပ်သွားနေတဲ့လူချည်းပဲ။ ရှုပ်ပါတယ်ကွယ်၊ နောက်ဆိုရင် ညကိုးနာရီကျော်ရင် အဆောင်တွင်း မဆူညံရ။ အမိန့်ထုတ်ဦးမှဖြစ်မယ်။ မိန်းကလေးအဆောင်ပဲဥစ္စာ၊ ခုလည်း ဒီက ကိုးနဝင်းအမိဋ္ဌာန်ပုတီးစိပ်နေတာ အောက်ထပ်က ဆူညံဆူညံဆိုတော့ သူ့ခမျာ ကုသိုလ်ကနေ အကုသိုလ်ဖြစ်သွားတာပေါ့ကွယ်။



www.burmeseclassic.com

ကဲကဲ. . . အိပ်ကြတော့၊ နောက် ဒါမျိုးမဖြစ်စေနဲ့"

အဆောင်မှူး ဒေါ်အေးရီမှာ သူပြောချင်တာတွေပြောပြီး ပြန်သွားတော့သည်။ လင်းမကျေမနပ်နှင့် အံကြိတ်ရင်း မျက်ရည်ဝဲနေမိ၏။

"စိတ်မကောင်းမဖြစ်ပါနဲ့ လင်းရယ်၊ အဆောင်မှူးအကြောင်းလည်း နင်သိရဲ့သားနဲ့။ ဟိုအပျိုကြီးက အညာက ပြန်လာတိုင်း သနပ်ခါးတုံးတွေပေး ဘာတွေပေးဆိုတော့ သူဘယ်လွန်ဆန်နိုင်ပါ့မလဲ၊ နင်လည်း နယ်ကပြန်လာရင် ဖရဲသီးတွေ ယူလာကြည့်ပါလား၊ လင်း. . . လင်းနဲ့ ပါးစပ်ဖျားက ချမှာမဟုတ်ဘူး"

"နေစမ်းပါဟာ။ ငါစိတ်မကောင်းဖြစ်တာမဟုတ်ဘူး။ ဒေါသထွက်နေတာ"

"အင်း၊ မစီကတော့ ကုသိုလ်ကနေ အကုသိုလ်ဖြစ်သွားပြီတဲ့၊ နင်လည်း ငါ့ပေဒင်ဟောစာတမ်းလေး နားထောင်ပြီး ပီတိသောမနဿဖြစ်ရာကနေ ဒုက္ခဒေါမနဿဖြစ်သွားပြီ ဟိ. . . ဟိ"

"အရေးထဲ. . . သီလရှင်လုထွက်နဲ့ တွေ့နေပြန်ပြီ"

ချောချောစကားတွေကြောင့် လင်းရင်ထဲ စိတ်ဆိုးပြေပြီး ရယ်ချင်သလိုဖြစ်လာသည်။ ဘုရားကျောင်းသွားပြီး သီချင်းတွေဆိုဖို့ တယောသံတွေ နားထောင်ဖို့လောက်သာ ဝါသနာပါသောလင်းက ချောချော





လောက် တရားဓမ္မနှင့်သိပ်မကျွမ်းဝင်လှချေ။ အလုပ်အားတိုင်း ဘုရားရှိခိုးအမျိုးမျိုးနှင့် တရားစာအုပ်တွေ ဖတ်နေတတ်သော ချောချောကတတ်သလောက်မှတ်သလောက် ပါဠိစာလေးနှင့် လင်းကိုတရားချတတ်၏။

"အင်း. . . ငါ့ပေဒင်မှန်လိုက်တာနော်။ အပြောအဆိုကြမ်းခြင်းကြောင့် ရန်သူပေါ်မယ်ဆိုတာ. . . ချက်ချင်းပဲ။ အင်း၊ နင်က တော်ပါသေးတယ် လင်းရယ်၊ အပျိုကြီးတော့ ကိုးနဝင်း မိုးမလင်းခင် သိနေပြီ"

"တော်စမ်းပါဟာ"

အရွှတ်အနောက်တွေ ပြောနေသည့်ချောချောကို ဟန့်လိုက်သော်လည်း နောက်ဆုံး လင်း ရယ်ချလိုက်မိတော့၏။

▣ ▣ ▣



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

အလုပ်ရှင်းနေတဲ့အချိန်မို့ စားပွဲအံဆွဲထဲက မင်္ဂဇင်းတစ်အုပ်ကို ဆွဲထုတ်ပြီး ဖတ်ဖို့ကြံစည်နေတုန်း . . .

"လင်းရေ ဆိုင်တွေက အော်ဒါဖုန်းတွေလာရင် တစ်ချက်မှတ်ထားလိုက်ဦး။ တို့ ဆရာနဲ့အပြင်သွားရဦးမယ်"

ဆိုတဲ့ ဟန်နီ့အသံကြောင့် လင်းစာအုပ်ကို ကပျာကယာပိတ်ပြီး ခေါင်းညိတ်ပြလိုက်ရသည်။ မလိုအပ်ဘဲ စကားအပိုပြောလေ့မရှိသည့် လင်းတို့အလုပ်ရှင် ဦးစိုးသူရကတော့ ထုံးစံအတိုင်း နောက်က ဘယ်သူ့ကိုမှလှည့်မကြည့်ဘဲ ဘောင်းဘီအိတ်ထဲ ကားသော့ပါမပါစမ်းရင်း



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက ခပ်သွက်သွက်ထွက်သွား၏။

ဟန်နီက နောက်ကွဲစကပ်ပေါ်မှာ လိပ်တက်နေတဲ့ကြက်သွေးရောင်ကိုယ်ကျပ်အင်္ကျီကိုဆွဲချရင်း စားပွဲပေါ်မှဖိုင်ကို ကမန်းကတန်းဆွဲကာ လိုက်သွားတော့သည်။ အခန်းထဲမှထွက်ခါနီးဆဲဆဲမှာပင် ဖိနပ်စီးရင်း တံခါးမှန်ကိုကြည့်လိုက်သေးသည်။

အခန်းထဲမှာ ဟန်နီရော သူမ၏ရေမွှေးနံ့ခပ်ပြင်းပြင်းပါ မရှိတော့လေမှ ပေါင်ပေါ်ကမဂ္ဂဇင်းကို စားပွဲပေါ်တင်ပြီး ဖတ်ဖို့အရှိန်ယူလိုက်သည်။ စာအုပ်၏မာတိကာကိုမှ ဆုံးအောင်မဖတ်ရသေး၊ ကျွိခနဲ တံခါးတွန်းဖွင့်သံကြောင့် ခေါင်းမော့ကြည့်လိုက်မိသည်။

ပထမတော့ ရုံးမှ ကိုကျော်ဇင်ဝင်းထင်ပြီး စာအုပ်ကို ပြန်ငုံ့ကြည့်မိပေမယ့် ကိုယ့်ကို တစ်ယောက်ယောက်ကြည့်နေပါလားဆိုသည့် အာရုံကြောင့် ခေါင်းပြန်အမော့တွင် လင်းတစ်ကိုယ်လုံးကို စူးစိုက်အကဲခတ်ကြည့်နေသော သူစိမ်းအမျိုးသားတစ်ဦး၏မျက်လုံးများကိုတွေ့လိုက်ရတော့သည်။

သိပ်အရှည်ကြီးတော့မဟုတ်ပေမယ့် နဖူးပေါ် ခပ်အုပ်အုပ်ဝဲကျနေသည့် ဆံပင်အုပ်အုပ်တွေ၊ တွန့်ချိုးချထားတဲ့ မျက်ခုံးထူထူများအောက်မှ စူးလက်နေသောမျက်လုံးအစုံက သူ၏ရဲတင်းမှုကို ဖော်ပြ





နေသယောင်ရှိ၏။ လင်း စက္ကန့်အတော်ကြာ ဇဝေဇဝါကြည့်နေမိသေးသည်။ အတန်ကြာမှ တာဝန်ဆိုသည့် လုပ်ငန်းဆိုင်ရာကိစ္စကြီးကိုသတိရကာ နေရာမှ ဖျာဖျာသလဲထရပ်ပြီး. . .

"ဘာကိစ္စရှိလို့. . . အဲ, ဘယ်သူနဲ့တွေ့ချင်လို့လဲမသိဘူး"

ပြဿနာက အဲဒီမှာစပြီ၊ ဒီနေ့မှ မေကြယ်စင်ကလည်း မရှိ၊ ထိုက်ထိုက်တို့ မေမိလွင်တို့ကလည်း သူတို့အလုပ်နှင့်သူတို့၊ တော်ရုံကိစ္စမရှိလျှင် ဧည့်ခန်းထဲကိုမလာ။ အရေးထဲ ထိုလူက လင်းမေးတာကို ဂရုတစိုက်ပြန်မဖြေဘဲ ပြုံးတေ့တေ့နှင့် ရုံးခန်းထဲလျှောက်ကြည့်နေသည်။

ဘုရား! ဘုရား! ကြည့်ခဲ့ဖူးသော နိုင်ငံခြားစုံထောက်ကားတွေထဲကလို ပြန်ပေးဆွဲမလို့လား၊ ဒါမှမဟုတ် အကြမ်းဖက်တိုက်ခိုက်တော့မည်လားဟု အစိုးရိမ်လွန်စွာတွေးရင်း တံတွေးကိုမသိမသာမျိုချပြီး နောက်တစ်ခေါက် ထပ်မေးရသည်။

"ဟို. . . ဘယ်သူနဲ့တွေ့ချင်လို့လဲရှင့်"

ပြန်ဖြေဖို့နေနေသာသာ. . . လင်းကို လှည့်စောင်းလို့တောင်မကြည့်ချေ။ လင်း နည်းနည်းတော့ လန့်လာသည်။ လူပုံစံကတော့ ရည်ရည်မွန်မွန် သန့်သန့်ပြန့်ပြန့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



စတိုင်ပင်(နှ်) အနက်ရောင်နှင့် ဆင်စွယ်ရောင်တီရှပ်လက်ရှည်ကို တံတောင်ဆစ်အောက်နားထိ ခေါက်ဝတ်ထားသည့်သူ့ပုံစံက လူခိုးသူခိုးရုပ်တော့ မပေါက်ပါ။ ဒါပေမယ့် ယဉ်ယဉ်လေးရှုးနေတဲ့ စိတ္တဇလူသတ်သမားဆိုအခက်။ ဘောင်းဘီအိတ်ထဲကို လျှော့ရဲရဲထိုးထည့်ထားတဲ့ လက်ကို ဆတ်ခနဲပြန်အရုတ်မှာတော့ လင်း အားခနဲ အော်မိတော့မလိုဖြစ်သွားသည်။

တော်သေးရဲ့၊ သူ့လက်ထဲမှာ ဘာလက်နက်မှပါမလာလို့။ ဒါလောက်နဲ့လည်း စိတ်မချရသေး။ မတော်တဆ တရုတ်သိုင်းကားထဲကလို မေ့ဆေးပါတဲ့လက်နက်ပုန်းနဲ့ပစ်လိုက်ရင် လင်းတော့ အလုပ်လည်းပြုတ်၊ ဘဝလည်းဆုံး။

မဖြစ်သေးပါဘူး. . . ဟန်ကိုယ်ဖို့တော့ လုပ်ဦးမှ။

"အဟမ်း. . . ဒီကညွှဲသည်က အလုပ်ကိစ္စစကားပြောချင်လို့နဲ့တူတယ်။ သူဌေးမရှိဘူး. . . ဒါပေမဲ့ ကျွန်မက လင်းရတီပါ။ သူဌေးရဲ့. . . အင်း. . . မန်နေဂျာဆိုပါတော့။ ကိစ္စရှိရင် ကျွန်မနဲ့ဆွေးနွေးလို့ရပါတယ်"

လင်း စကားအဆုံး၊ သူက ကြည့်လက်စ စားပွဲပေါ်မှ စာအုပ်ကိုပိတ်ပြီး လှစ်ခနဲ ပြုံးသည်။ သူ ပြုံးရလောက်အောင် ဘာစာအုပ်ပါ





လိမ့်ဟူသောသိချင်စိတ်နှင့် စာအုပ်ကို လင်း လှမ်းကြည့်လိုက်၏။

သွားပြီ။ ရေရေလည်လည် အရှက်ကွဲချေပြီ။ သူကြည့်ပြီးသွားသော စာအုပ်မှာ အခြားမဟုတ် ဝန်ထမ်းအားလုံး ရုံးတက်ရုံးဆင်းလက်မှတ်ထိုးရသော ဝန်ထမ်းနာမည်ပါသည့်စာအုပ်ကြီးပင်။ ဒါပေမဲ့ လင်းက နည်းနည်းမှအိနြွေမပျက်။

"ကျွန်မက မန်နေဂျာမဟုတ်ပေမယ့် မန်နေဂျာနီးနီး အားကိုးရတဲ့ ဝန်ထမ်းတစ်ယောက်ပါ။ ရှင်ပြောချင်. . ."

လင်း စကားဆုံးအောင်မပြောလိုက်ရ။ သူက လင်းကို ခပ်စူးစူးတစ်ချက်လှမ်းကြည့်၏။ သူ့မျက်လုံးအကြည့်နဲ့ သူ့အပြုံးတွေက လူတစ်ယောက်ကို မလိမ်ညာရဲအောင် အရှိန်အဝါကြီးလွှမ်းလှသည်။

မိုးပြာရောင်ကွက်ကျဲရှပ်အင်္ကျီနှင့် ထမီအနက်ရောင်ကို ပုပုသေးသေးခန္ဓာကိုယ်နှင့်မလိုက်၊ ဝတ်ထားသောလင်းကို တစ်ချက်ကြည့်ပြီး မျက်နှာပြန်လွှဲသွားတော့ ကိုယ့်ကိုယ်ကိုမနေတတ်တော့။ သူက လင်းထိုင်နေသောစားပွဲရှေ့မှ ခပ်တည်တည်လျှောက်သွားကာ သူဌေးရုံးခန်းဆီကိုသို့ တန်းဝင်သွားသည်။

မဖြစ်တော့။ လင်း ထိုင်ရာမှ ကမန်းကတန်းထပြီး ပြေးလိုက်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . ရှင်. . . ဘယ်လိုလူလဲ။ ဒါဘာလုပ်တာလဲ။ ဒါ သူဌေးရုံးခန်းရှင့်"

သူက လင်းကို သိသားပဲဆိုသည့်ပုံစံနှင့် တစ်ချက်စောင်းငဲ့ကြည့်ပြီး လော့(ခ်)ချမထားသောရုံးခန်းတံခါးကို ခပ်တည်တည်ဖွင့်ကာ အထဲသို့လှမ်းဝင်သည်။

ဒါမျိုးတော့ ဘယ်ရမလဲ။ လင်း သူ့လက်မောင်းကိုအတင်းဆွဲထားလိုက်၏။

"ရှင်နော်, ရုတ်ရုတ်ရုတ်ရုတ်မလုပ်နဲ့။ ပိုင်နက်ကျူးလွန်မှု ကုမ္ပဏီရုံးခန်းထဲကို အခွင့်မရှိဘဲ ကျူးကျော်ဝင်ရောက်မှု၊ ဝန်ထမ်းတစ်ယောက်က တားမြစ်အသိပေးနေတာကို မနာခံမှု အမှုပေါင်း ခြောက်ဆယ်လောက်နဲ့ တရားစွဲလို့ရတယ်။ သိရဲ့လား"

လင်းမှာ ပါးစပ်ကလည်း တွေ့ကရာ ကြားဖူးသမျှတွေနှင့် ခြိမ်းခြောက်၊ သူ့လက်မောင်းကိုလည်းအတင်းဆွဲနှင့် သူဌေးရုံးခန်းထဲတွင် အတော်လေးကို ဝရုန်းသုန်းကားဖြစ်နေရ၏။

"ရှင်ဘယ်လိုလူလဲ၊ စိတ်မှမှန်သေးရဲ့လား။ ထွက်လို့ပြောနေတာကို။ ကျွန်မ အော်ရင် ရှင်အရှက်ကွဲသွားမယ်နော်။ ရှင်, ကျွန်မကို အဲဒီလိုကြည့်မနေနဲ့။ ထွက်ဆိုထွက်ပေး"





လင်းကို သနားစရာ အထူးအဆန်းသတ္တဝါတစ်ကောင်လို ပြုံးတုံ့တုံ့ကြည့်နေသောထိုလူမှာ စိတ်ဆိုးရကောင်းမှန်းလည်း သိပုံမရချေ။

"စိတ်ညစ်တယ်. . . ဘယ်လိုယဉ်ယဉ်လေးရူးနေတဲ့ စိတ္တဇ ဝေဒနာသည်လဲမသိဘူး"

ထိုစဉ် သူ့ဘောင်းဘီအိတ်ထဲမှ ဖုန်းသံလေး မြည်လာသည်။

"ဟလို, ကိုကိုလား။ အင်း, အခုရုံးမှာ. . . ဟုတ်တယ်"

လင်း သူ့လက်ကိုမလွှတ်ဘဲ အမှတ်တမဲ့ကိုင်ထားဆဲပင်။ သူက တစ်စုံတစ်ခုပြောရင်း လက်ကနာရီကိုကြည့်ဖို့ ဆတ်ခနဲရုန်းမှ လင်း ရှက်ပြီး လွှတ်ပေးလိုက်မိသည်။ စကားပြောပြီး ခဏကြာတော့ လင်းကို ဖုန်းလေး လှမ်းပေးသည်။

"ရော့. . . မင်းနဲ့ပြောမယ်တဲ့"

"ရှင်!"

"ရော့လေကွာ. . . အကြောင်ကြောင်နဲ့၊ မြန်မြန်ယူ"

တစ်ဖက်က ဘယ်သူဘယ်ဝါမှန်းမသိလို့ တွန့်ဆုတ်ဆုတ်လေး ဖြစ်နေတာကို စိတ်မရှည်သလိုအော်လိုက်တာမို့ လင်း ကြောက်လန့်တကြား ဖုန်းကိုလှမ်းယူလိုက်ရသည်။

"ဟလို"



www.burmeseclassic.com

www.burmeseclassic.com



''အေး. . . လင်းရတီလား။ ဆရာပါ''

ဖုန်းလေးထဲမှ ဆရာ့အသံသြရှရှကြောင့် လင်း သူ့မျက်နှာကို ဖဝေဖဝါလှမ်းကြည့်လိုက်မိ၏။ သူကတော့ လင်းကို ဘယ့်နှယ့်ရှိစဆို တဲ့ မျက်နှာပေးနှင့် ခပ်တည်တည်ပင် ပြန်ကြည့်နေလေသည်။

''ဟုတ်. . . ဟုတ်ကဲ့, ပြောပါဆရာ''

''အေး. . . အဲဒီမှာ ကိုယ့်ညီရောက်နေတယ်။ ကြယ်စင် မရှိ ဘူးဆိုတော့ လင်းရတီကိုပဲ မှာထားရဦးမယ်။ မင်းက ဝန်ထမ်းအသစ် ဆိုတော့ ညီကိုသိမှာမဟုတ်ဘူးလေ။ ဒါပဲ. . . ဒါပဲ ခဏနေရင် ဆရာ တို့ ပြန်ရောက်မှာ''

ဆရာ ဦးစိုးသူရက စိတ်မြန်သူပီပီ လင်း ပြန်အဖြေကိုပင် မစောင့်ဘဲ ဖုန်းချသွားသည်။ လင်း, ဟန်းဖုန်းလေးကို ပြန်အပေးမှာ သူ့မျက်နှာကို မော့မကြည့်ရဲတော့ချေ။

လင်းဘက်က စကားလွန်ထားသည်မို့ ပြေရာပြေကြောင်း တောင်းပန်ဖို့သင့်မသင့် စဉ်းစားနေဆဲမှာပင်. . .

''ဟော့! ဘာလုပ်နေတာလဲ၊ သွားတော့လေ။ ဒါ မင်းရုံးခန်းမှ မဟုတ်တာ။ ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲလို့ရတယ်''

သူ့စကားကြောင့် လင်း တောင်းပန်ချင်စိတ်ပျောက်ပြီး ထောင်





ခနဲဒေါသထွက်သွားသည်။

''သွားသေလိုက်ပါလား''

လင်း သူ့ကို ပက်ခနဲပြန်ပြောပြီး ရုံးခန်းထဲက လှည့်ထွက် လာခဲ့သည်။ တံခါးကိုလည်း အသံမြည်အောင် တမင်တကာဆောင့်ပိတ် ပစ်ခဲ့၏။ အထဲက ဘာသံမှမကြားရပေမယ့် သူ လင်းအဖြစ်ကို ရယ် မောရင်း ကျန်ခဲ့မည်ကို စိတ်က အလိုလိုသိလိုက်သည်။

ပြီးမှ အလကား အူကြောင်ကြောင်လူ. . . အရူးဟု တီးတိုး ကျိန်ဆဲလိုက်မိသေး၏။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

လင်း စကားအဆုံးတွင် ထိုက်ထိုက်တို့အုပ်စုမှာ တဟားဟား ဝိုင်းရယ်ကြလေတော့သည်။ မေခိုလွင်က လင်းကိုလှည့်ကြည့်ပြီး. . .

"အဲဒီတုန်းက လင်း တော်တော်ကြောက်နေမှာပဲနော်"

ဟု စကားကိုအစပြန်ဖော်၏။

"ကြောက်လည်းကြောက်. . . ဒေါသလည်းထွက်တာပေါ့။ ကျွန်တော်က ဦးစိုးသူရရဲ့ညီလို့ တစ်ခွန်းတည်းပြောရင် ပြီးတဲ့ကိစ္စကို"

"ပြော်, အဲဒီလိုပြောရင် လင်းက ယုံဦးမှလေ။ ပြီးတော့ လင်းက သူ့ကိုတွေ့ဖူးထားတာမှမဟုတ်တာ။ တို့တွေတောင် ဒီရောက်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက တစ်ခါနှစ်ခါပဲမြင်ဖူးတာ၊ သိပ်လည်း မရင်းနှီးပါဘူး"

"ဘာလို့မယုံရမှာလဲ။ သူ့ပုံစံက ဝတ်လာတာတော့ လူကြီးလူကောင်းလိုပါပဲ၊ ဘာမှမေးလို့မရဘဲ ဟိုလျှောက်သွား ဒီလျှောက်သွားဆိုတော့ မသင်္ကာဖြစ်မိတာပေါ့"

ပြောရင်း လင်းတစ်ယောက်တည်း သဘောကျသလို ထရယ်မိပြန်လေသည်။

ထို့နောက် မေကြယ်စင့်အံဆွဲထဲမှ ငွေစာရင်းစာအုပ်ကိုယူပြီး အလုပ်လုပ်ဖို့ပြင်လိုက်၏။ မေမိလွင်တို့ ထိုက်ထိုက်တို့ဆိုတာ စကားကို တစ်နေကုန်ပြောပြော. . . တစ်လလုံး မရပ်မနားပြောပြော၊ အားရတတ်သူတွေမဟုတ်ချေ။ ဘာမှပြောစရာမရှိလျှင် ညက ကိုရီးယားကားက ဘယ်လိုကနေအစချီပြီး ဘတ်(စ်)ကားပေါ်က အဖြစ်အပျက်အထိ ခရေစေ့တွင်းကျ တစ်ယောက်တစ်လှည့်ပြောတတ်ကြသည်။

ရုံးတွင် လင်းတို့အဖွဲ့သာ တစ်နေကုန်ရှိကြသည်။ မေကြယ်စင်နှင့် ဟန်နီဝင်းမှာ အလုပ်ကိစ္စရှိလျှင် အပြင်သို့ထွက်နေရသည်က များ၏။ စာအုပ်ကိုဖွင့်ပြီး စာရင်းစစ်မလို့ကြည့်လိုက်စဉ်မှာပင် စာအုပ်ထဲက ဓာတ်ပုံလေးတစ်ပုံ ထွက်ကျလာသည်။

"ဟယ်!"





ဓာတ်ပုံလေးကြည့်ပြီး တအံ့တသြဖြစ်သွားရ၏။

ဓာတ်ပုံမှာ မေကြယ်စင်နှင့် ဟိုနေ့က လူ. . . သူဌေးရဲ့ညီတို့ တွဲရိုက်ထားသောပုံလေးပင်။ နောက်ခံရှုခင်းတွေ ပြောင်းထားသောကြောင့် ဘယ်နေရာမှာ ရိုက်ထားမှန်း အတိအကျမသိနိုင်သော်လည်း တစ်ယောက်နှင့်တစ်ယောက် တင်းတင်းကျပ်ကျပ်ပွေ့ဖက်ထားခြင်းက သာမန်မိတ်ဆွေမဟုတ်တာ သေချာပါသည်။

ထို့ထက်ပိုသည်ကား သူတို့နှစ်ယောက်၏အပြုံးများပင်။ ချော မွေ့တည်ကြည်သော သူ့မျက်နှာပေါ်ကအပြုံးများက ဆွဲဆောင် ညှို့ငင်နိုင်စွမ်း ကြီးမားလွန်းလှ၏။ မေကြယ်စင်၏မျက်လုံးများမှာလည်း စူးရှတောက်ပကာ ရင်ခုန်ကြည်နူးခြင်းကြောင့် အရောင်များ တဖိတ်ဖိတ်လက်နေသလို ထင်ရလေသည်။

ဓာတ်ပုံကို လင်း အံ့သြတကြီးစိုက်ကြည့်နေစဉ် အခန်းထဲသို့ တစ်ယောက်ယောက်ဝင်လာသည်ဟု စိတ်ထဲတွင် ခံစားလိုက်ရသောကြောင့် ဓာတ်ပုံကို စာအုပ်ကြားထဲ ကမန်းကတန်းညှပ်ထည့်လိုက်မိ၏။

"မလင်း, ဒီမှာ မဟန်နီပေးခိုင်းလိုက်တဲ့စာရင်းတွေ။ ဒီလကုန်စာရင်းကိုကန့်ပြီး အပြတ်ဖြတ်လိုက်ပါတဲ့။ နောက်ဝင်တဲ့အော်ဒါနဲ့ ပြန်ပို့မယ့်စာအုပ်တွေအတွက် စာရင်းသစ်ဖွင့်ရမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

လင်းက နားမလည်သလိုထပ်မေးတော့ ကိုကျော်ဇင်ဝင်းက ပြုံးရင်း သက်ပြင်းတစ်ချက်ချကာ နောက်တစ်ခေါက်ထပ်ပြောတ၏။

"ဟုတ်ကဲ့၊ သဘောပေါက်ပြီ. . . ကျေးဇူးပဲနော်"

ကိုကျော်ဇင်ဝင်းက ရပါတယ်လို့ခပ်တိုးတိုးပြန်ပြောပြီး အခန်းထဲက ပြန်ထွက်သွားတော့သည်။

ထိုအခါကျမှ လင်း သက်ပြင်းချရင်း စာရင်းစာအုပ်တွေကို ဖွင့်လိုက်မိလေသည်။ စာအုပ်ထဲစာရင်းတွေ ရေးသွင်းလိုက် ပြန်တိုက်လိုက်လုပ်နေရသောလင်းမှာ ဘာရယ်မဟုတ် စိတ်က ခုနမြင်လိုက်ရသော ဓာတ်ပုံဆီသို့သာ တလည်လည်ဖြစ်နေမိ၏။

ဓာတ်ပုံထဲမှအနေအထားအရ သူတို့နှစ်ယောက်မှာ ချစ်သူများသာ ဖြစ်နိုင်သောကြောင့် လင်းကြည့်ဖို့မသင့်သည်မှာအမှန်။ စပ်စုချင်စိတ် မရှိသော်လည်း တအံ့တသြ တွေးတောစရာများနှင့် လင်းကို ပဟေဠိတွေပေးနေသောကြောင့် ငါနဲ့ဘာဆိုင်လို့လဲဟု ကိုယ့်ကိုယ်ကို သတိပေးရင်း ထိုယောက်ျား၏အပြုံးများကို ထပ်ကြည့်ချင်သောအတွေးကို ခပ်ပြတ်ပြတ်ပဲ မောင်းထုတ်ပစ်လိုက်ရလေသည်။

▣ ▣ ▣



## အခန်း (၇)

ရုံးခန်းရေ့ ပြတင်းပေါက်ရှိ မှန်တံခါးမှ အပြင်သို့ လှမ်းကြည့်မိစဉ် ခြံဝင်းထဲသို့ မောင်းဝင်လာသော လင့်ခရူဇာကားတစ်စီးကိုတွေ့လိုက်ရ၏။ လင်း အမှတ်တမဲ့ငေးကြည့်နေစဉ်မှာပင် ကားပေါ်မှ လူတစ်ယောက်ဆင်းလာသည်။

ရင်ထဲထိတ်ခနဲဖြစ်သွားသည်အထိ သူ့အရိပ်က လင်းကို ခြောက်လှန့်နိုင်စွမ်းရှိ၏။ ဂျင်းပင်(န်)အပြာရောင်နှင့် အနီရောင်တီရှပ်ကို ဝတ်ထားသောထိုလူမှာ ဆရာ ဦးစိုးသူရ၏ညီပင်ဖြစ်သည်။

ဘာရယ်မဟုတ် အပေါ်ထပ်ရုံးခန်းသို့ တစ်ချက်မော့ကြည့်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ လင်းကိုမြင်သွားမလားဆိုပြီး လန့်သွားမိသေး၏။ ပြတင်းပေါက်မှ ကပျာကယာခွာပြီး ကိုယ့်စားပွဲမှာကိုယ် ခပ်တည်တည်ဝင်ထိုင်ပြီးချိန်မှာတော့ လှေကားအတိုင်း နင်းတက်လာသည့်ခြေသံကို ကြားလိုက်ရ၏။

သူ့ဘာသာသူ တံခါးကိုတွန်းဖွင့်ပြီး ဝင်လာချိန်မှာတော့ လင်းစာအုပ်တစ်အုပ်ကို အသည်းအသန်ကြည့်နေပုံဖမ်းရင်း မမြင်ဟန်ဆောင်နေမိသည်။

ဒီလိုမှမဟုတ်ရင် သူ့ကို လင်းက ထိုင်ရမလိုထရမလိုပုံစံနှင့် ကြို့ရပေဦးမည်။

"လင်းရေ"

"အမေ့!"

အေးသီရိကျော်က အလန့်တကြားဖြစ်သွားသော လင်းပုံစံကိုကြည့်ကာ ရယ်လေသည်။

"ဘာတွေများတွေးနေလို့ ဒီလောက်လန့်သွားတာလဲ လင်းရဲ့။ ခုန မင်းသားဝင်လာတာ မြင်လိုက်လား"

"အင်း၊ တွေ့သားပဲ၊ သူက ရုပ်ရှင်မင်းသားလား။ တစ်ခါမှလည်းမမြင်ဖူးဘူး"





လင်းစကားကြောင့် အေးသီရိကျော်က ဟက်ဟက်ပက်ပက်ရယ်ကာ. . .

"ရုပ်ရှင်မင်းသားလို့ပြောတာမဟုတ်ဘူးလင်းရဲ့။ မင်းသားလိုချောလို့ အမြဲတမ်းကြွရွနေတာ။ အဲဒါကြောင့်မို့ တို့တွေက မင်းသားလို့ခေါ်တာ"

"ဩော်၊ ဒီလိုလား။ လင်း မျက်စိထဲမှာတော့ မချောပါဘူး။ ယောကျ်ားလေးဖြစ်ပြီး ဒီလောက်အသားဖြူတာ မကြိုက်ဘူး ပြီးတော့မျက်ခုံးမျက်လုံးတွေက မိန်းကလေးတွေလို ပုံစံကျနေတာလေ။ မျက်တောင်တွေဆို အရှည်ကြီးပဲ၊ သူ့နှုတ်ခမ်းတွေကလည်း မိန်းမဆန်တယ်၊ ဗမာရုပ်လည်း မပေါက်ဘူး၊ မျက်လုံးတွေက ညိုတိုတိုနဲ့"

"ဟောတော့၊ မချောဘူးသာဆိုတယ်။ လင်းက သေသေချာချာကြည့်ထားတာပဲ၊ ချောပါတယ် လင်းရဲ့။ ဂျူးကပြားနဲ့မတူဘူးလား"

"ဂျူးနဲ့တူရင် ဂေါ်ရခါးသီးနဲ့ ချဉ်ရေဟင်းချက်စားကြတာပေါ့"

"လင်းကတော့ လုပ်ပြီ"

လင်းနှင့် အေးသီရိကျော်တို့စကားကောင်းနေစဉ် အခန်းထဲသို့ သီချင်းတအေးအေးနှင့်ဝင်လာသော မေကြယ်စင်ကို တွေ့လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အေးသီရိကျော်က ယခင်နေ့တွေနဲ့မတူဘဲ မြူးတူးသွက်လက်နေသော မေကြယ်စင့်ကိုကြည့်ပြီး မျက်ခုံးပင့်ပြသည်။

"လင်းရေ ဟိုဘက်ရုံးခန်းထဲမှာ Meeting ရှိတယ်နော်။ ထိုက်ထိုက်တို့ပါ ပြောလိုက်ဦး"

"အခုလား မေကြယ်စင်"

"အင်း"

မေကြယ်စင်က နှုတ်ခမ်းနီဆိုးထားတဲ့နှုတ်ခမ်းနှစ်လွှာကို ဖွင့်ချည်ပိတ်ချည်လုပ်ရင်း လှမ်းမကြည့်ဘဲ 'အင်း'ဟု တစ်ခွန်းသာ ပြန်ဖြေသည်။

ထို့နောက် လင်းတို့အုပ်စုမှာ လုပ်မည့်အခန်းထဲသို့ သွားကြရတော့၏။ အခန်းထဲတွင် အားလုံးစုံသလောက် ရောက်ပြီးသောအခါ ဆရာဦးစိုးသူရဝင်လာသည်။ သူ့နောက်တွင် ဟန်နီဝင်းပါ,ပါလာသည်။

ဦးစိုးသူရသည် ဝန်ထမ်းများအား စကားပြောနေရင်း ရုံးခန်းတံခါးဝသို့ မကြာခဏလှမ်းမျှော်ကြည့်လေသည်။ အတော်လေးကြာသောအခါ အစည်းအဝေးအခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်။

ထိုလူမှာ အခြားမဟုတ် ဦးစိုးသူရ၏ညီဖြစ်သူပင်။

"လာ. . . လာ, ဝန်ထမ်းတွေနဲ့ တစ်ခါတည်းမိတ်ဆက်ပေးမလို့"

သူက ဦးစိုးသူရထိုင်နေသောစားပွဲထိပ်တည့်တည့်ကို လျှောက်သွားပြီး လွတ်နေသော ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။

"ဒါ ဆရာ့ညီ မျိုးသီဟတဲ့. . . ဆရာ လာမယ့်သောကြာနေ့ စင်္ကာပူသွားမယ့်ကိစ္စ အားလုံးသိချင်လည်းသိမယ်၊ မသိချင်လည်း မသိသေးဘူးပေါ့။ အဲဒါ တစ်ခါတည်းပြောရင်း ဆရာမရှိတဲ့အချိန်မှာ ဆရာ့ညီက ကုမ္ပဏီကိစ္စတွေကို ဦးဆောင်ပြီးလုပ်မယ်ဆိုတာ အသိပေးမလို့ပဲ"

ဦးစိုးသူရ၏စကားအဆုံးတွင် ဝန်ထမ်းအားလုံးက သူ့ကိုလှမ်းကြည့်လိုက်ကြ၏။ သူက နေရာမှထရပ်ရင်း ဝန်ထမ်းအားလုံးကို တစ်ချက်ဝေ့ကြည့်သည်။

"ကျွန်တော့်နာမည် မျိုးသီဟပါ။ ဒီဝန်ထမ်းတွေထဲက ကျွန်တော့်ကို သိပြီးတဲ့လူတွေလည်း ရှိပါတယ်"

သူက စကားကိုဆက်မပြောသေးဘဲ လင်းဘက်ကို တစ်ချက်လှမ်းကြည့်၏။

လင်း အနေရခက်စွာ ခေါင်းငုံ့ထားလိုက်သည်။

"ဝန်ထမ်းအသစ်တွေအနေနဲ့ပဲဖြစ်ဖြစ်၊ အဟောင်းတွေအနေ







www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲဖြစ်ဖြစ် ကျွန်တော် ခုမှစပြီးကိုင်ရတဲ့ကုမ္ပဏီတွေနဲ့ပတ်သက်ပြီး အကြံဉာဏ်ပေးချင်တာ၊ တင်ပြချင်တာများရှိရင် တစ်ခါတည်းဆွေးနွေး အကြံပြုလို့ရပါတယ်။ အလုပ်နဲ့ပတ်သက်ပြီး ကျွန်တော်က နည်းနည်း စိမ်းနေသေးတော့ အားလုံး မိသားစုစိတ်ဓာတ်နဲ့ လက်တွဲလုပ်ကိုင်သွား ဖို့ ကျွန်တော့်ဘက်က တောင်းဆိုချင်ပါတယ်။ ပြီးတော့ ကျွန်တော့် အစ်ကိုမရှိတဲ့အချိန်မှာ ကျွန်တော်က ဒီကုမ္ပဏီရဲ့ကိစ္စအဝဝကို တာဝန် ယူရမှာဖြစ်တဲ့အတွက် ကျွန်တော့်ကို ဒီက တာဝန်ရှိဝန်ထမ်းတစ်ယောက် အဖြစ် အပြည့်အဝလက်ခံပေးပါ"

သူ့စကားအဆုံးတွင် ဘယ်သူတွေက ဘယ်လိုဆွေးနွေးအကြံ ပြုထောက်ခံလိုက်သည်မသိသော်လည်း လင်းကတော့ သူ့ကိုခေါင်းမော့ မကြည့်ဘဲ မျက်လုံးလှန်ပြီး တစ်ချက်စိုက်ကြည့်ပစ်လိုက်သည်။ သူက လည်း လင်း မကြည့်တာကို သိနေသည့်အလား ပြုံးတွေ့တွေ့နှင့် ပြန် ကြည့်နေ၏။

Meeting အပြီး အခန်းထဲကအထွက်တွင် သူက အားလုံးကို ဖော်ရွေနှစ်လိုစွာပြုံးပြနှုတ်ဆက်လေသည်။ မကြယ်စင့်ကိုများ အရေး တယူနှုတ်ဆက်ဦးမှာလားဟု သတိထားကြည့်မိတော့ သူ့မျက်လုံးထဲတွင် ထူးခြားသည့်အရိပ်အယောင် ဘာမှမတွေ့ရချေ။





သို့သော် တံခါးဝသို့အထွက်တွင် လင်းနောက်မှ ကပ်လိုက် လာကာ. . .

"ကိုယ်က Meeting မှာ မင်း တစ်ခုခုတောင်းဆိုလိမ့်မယ် လို့ ထင်နေတာ"

ဟု ခပ်တိုးတိုးပြောလိုက်သောအခါ လင်း အလွန်အံ့ဩသွား ခဲ့ရသည်။

"ဘယ်လို! ဘာအတွက် လင်းက တောင်းဆိုရမှာလဲ"

သူက ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်ကို ထည့်လိုက် ရင်း လင်းမျက်နှာကိုငုံ့ကိုင်းကြည့်ကာ. . .

"ကုမ္ပဏီရုံးခန်းအတွက် Security တစ်ယောက်ထားပေးဖို့ များ ပြောမလားလို့။ တော်ကြာ ရုံးခန်းထဲကို တစ်ယောက်ယောက်ဝင် လာရင် ဘုမသိဘမသိ လိုက်ပြီး ဆွဲရလွဲရ မင်းဒုက္ခရောက်တာပေါ့။ နောက် အဲဒီလိုမဖြစ်အောင်လေ"

ဟုပြောလိုက်သောအခါ လင်း ဒေါင်းခနဲ ဒေါသထွက်သွား သည်။

ခုနလေးတင်ပြောထားသည့် အထက်လူကြီး၊ ဘာညာဆိုတာ တွေ အားလုံးမေ့သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက်!"

တောက်တစ်ချက်ခပ်ပြင်းပြင်းခေါက်ပစ်ရင်း သူ့ရှေ့မှလှည့်ထွက်လာတော့ တဟားဟားအော်ရယ်ရင်း ကျန်ရစ်ခဲ့တော့သည်။

▣ ▣ ▣



## အခန်း (၈)

"လင်းရေ့ ခဏလောက်လာပါဦး"

"ဟုတ်. . . လာပြီ"

လင်းနေရာမှ အပြေးကလေးထကာ မကြယ်စင်ရှေ့တွင် ရပ်[illegible]က်သည်။ မကြယ်စင်က စာအုပ်ဖိုင်တစ်ထပ်ကို လင်းရှေ့ကို တိုး[illegible]ရင်း. . .

"ဒါက လင်း စစ်ပြီးသားတွေနော်"

"ဟုတ်, ဘာကွာနေလို့လဲဟင်"

"ဟင့်အင်း, ဘာမှမကွာပါဘူး. . . လင်း, စစ်ပြီးသားဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင် ထပ်မစစ်တော့ပါဘူး။ ထိုင်ပါဦး။ တစ်ယောက်တည်း ပျင်းေ
မှာပဲ။ စကားလေးဘာလေး ပြောရအောင်"

"ဪ. . . လင်းက မကြယ်စင် အလုပ်မအားဘူးထင်လို့ပါ"

လင်းစကားအဆုံးတွင် မကြယ်စင်က ရယ်စရာမဟုတ်
တဟင်းဟင်းရယ်နေပြန်သည်။

"အလုပ်.လုပ်ရတာ ပျော်ရဲ့လားဟင်"

ဒါ စကားမရှိစကားရှာခြင်းတစ်မျိုးပဲဟု လင်းသဘောပေါ
လိုက်သည်။ အလုပ်မှာမပျော်ဘူးဆိုတော့ သူက လင်းကိုဘယ်လိုေ
ဖြေရေးအစီအစဉ်နဲ့ ပျော်အောင်လုပ်ပေးမှာပါလိမ့်ဟု စိတ်ထဲ ခပ်ေ
ချဉ်တွေးလိုက်မိ၏။

"ကြယ်စင်တော့ တစ်ခါတစ်ခါ အလုပ်လုပ်ရတာ စိတ်က
တယ်။ ပျင်းလည်းပျင်းတယ်"

ထိုစဉ် ခေါင်းဖြီးရင်း အခန်းထဲသို့လှမ်းဝင်လာသော ဟန်နီ
မကြယ်စင့်စကားအဆုံးတွင်. . .

"နောက်ဆိုရင်တော့ မပျင်းရတော့ပါဘူး မမကြယ်စင်ရ
ဟုတ်တယ်မို့လား"

ဟုဝင်ပြောလိုက်ရာ ကြားထဲမှ လင်းမှာ သူတို့နှစ်ယော





ကြားထဲ ကြောင်တောင်တောင်လေးဖြစ်သွားသည်။ မကြယ်စင်က ပန်း
ခါ ခွေနဲ့ကျနေသည့်ဆံပင်ကောက်ကောက်တွေကို နောက်ကိုသပ်တင်
ရင်း. . .

"ဒါပေါ့ ဟန်နီရဲ့၊ နောက်ဆို ကုမ္ပဏီမှာ မျိုးရောက်တော့မှာ
လေ။ သူက ခေတ္တကုမ္ပဏီပိုင်ရှင်ဖြစ်မှာဆိုတော့ ကြယ်စင်က ခေတ္တ
ကုမ္ပဏီပိုင်ရှင်ချစ်သူပေါ့နော်။ အင်း. . . ဘာပဲဖြစ်ဖြစ် မျိုးနဲ့နီးစပ်ခွင့်
တော့ ရမှာပဲ"

ဟုပြောလိုက်လေသည်။ ဟန်နီဝင်းမှာ မကြယ်စင်စကား
အဆုံး ဟန်မပျက်ရယ်နေသော်လည်း သူမရယ်သံမှာ အသက်မပါလှ
ချ။ ခဏနေသောအခါ မကြယ်စင်သည် အခန်းထဲမှထွက်သွားလေ
တော့၏။ ထိုအခါကျမှ ဟန်နီသည် ချောကလက်ရောင်တောက်နေသည့်
ဘိခမ်းဖူးဖူးလေးကို လှလှပပမဲ့ရွဲ့ပစ်လိုက်ပြီး. . .

"အလကားပါ လင်းရယ်၊ တစ်ယောက်တည်း ဗိတ်စာတစ်
ခိုက်နေတာ၊ ဟိုက ဘာမှန်းမသိသေးဘူး၊ အဲဒါမျိုးပေါ့၊ မြင်းက
ချုပ် ခုံကလှုပ်၊ ပုရွက်ဆိတ်က မရွှေတော့ ထန်းလျက်ခဲက ရွှေလာ
တာလေ"

"ဪ, အင်း. . . ဘာကိုပြောတာလဲ ဟန်နီ"



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုဆိုလိုမှန်းမသိသော ဟန်နီ့စကားကို လင်း နားမလည် သလို ပြန်မေးလိုက်မိသည်။ ဟန်နီက ဆံပင်ပျော့ပျော့တွေကို ဆတ်ခန ခါပစ်လိုက်ပြီး. . .

"အ,လိုက်တာ လင်းကလည်း၊ ယောကျ်ားလေးဘက်က ဘာ မှဖွင့်မပြောသေးဘဲ တစ်ဖက်သက်ဖြစ်နေတယ်လို့ပြောတာ"

"ဟုတ်လား၊ မသိပါဘူး, လင်းက မြန်မာစကားပုံတွေ ရွှ ပြတယ်ထင်လို့။ ဒါနဲ့ မကြွယ်စင်နဲ့ဟိုလူက ရည်စားတွေမဟုတ်ဘူ လား. . . ဟိုဓာတ်ပုံထဲမှာတောင်"

လင်းစကားလွှန်တော့မလိုဖြစ်ပြီးမှ ပါးစပ်ရှေ့မှာ လက်ဝါးဖေ နဲ့ကာရင်း ငြိမ်နေလိုက်၏။

"ဘာ! ဓာတ်ပုံဟုတ်လား၊ အလကားပါ လင်းရယ်. . .အဲ မကြွယ်စင်ရဲ့ လိမ်ဆင်ကြီး"

"ဘယ်လို"

"ဩော်, ဒီလို လင်းရဲ့၊ အဲဒီဓာတ်ပုံက အချင်းချင်း စနော ပြီး ရိုက်ထားတဲ့ပုံ၊ ဒီရုံးထဲမှာပဲ ကုမ္ပဏီနှစ်ပတ်လည်နေ့က ရိုက်ထာ တာ။ မသိတဲ့သူဆို သူတို့ကို ချစ်သူတွေလို့ ထင်တာပေါ့။ တကာ တော့ ဘာမှမဟုတ်ဘူး၊ မကြွယ်စင်က စိတ်ကူးယဉ်နေတာ"





ပြောချင်တာတွေ ပြောလို့အားရသွားဟန်ရှိသော ဟန်နီမှာ သင်းရှေ့မှ သုတ်ခနဲထထွက်သွားလေ၏။ လင်းမှာသာ သူတို့အဖြစ် အပျက်တွေကို နားမလည်နိုင်သလို ခေါင်းကို ဖြည်းဖြည်းချင်း ခါရမ်း ရင်း ကျန်ခဲ့လေတော့သည်။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"နေရတာ တစ်မျိုးကြီးပဲနော်"

"ဟင်! ဘယ်လိုဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

"ဟာ, လင်းကလည်း။ နေမကောင်းတာကိုပြောတာမဟုတ်ဘူး။ နေရတာ စိတ်ထဲ တစ်မျိုးဖြစ်နေတယ်လို့ပြောတာ"

မေမီလွင့်စကားဆုံးမှ သဘောပေါက်သွားသည့်ဟန်နှင့် လင်းမျက်ခုံးလေးပင့်ရင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် လင်းရဲ့၊ ဆရာမရှိတော့ ဆူမယ့်ပူမယ့်သူမရှိလို့လားမသိဘူး။ ခေါင်းကိုက်နေတယ်"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမလေး! ကြဲကြဲဖန်ဖန် မထိုက်ရယ်၊ ဆုမယ့်သူမရှိတာ ခေါင်းကိုက်ရတယ်လို့။ နားညည်းတောင် သက်သာသေး၊ ခု ဟိုလူ ရောက်လာပြီလား"

"ဘယ်လူလဲ"

"ဆရာ့ညီဆိုတဲ့လူလေ"

"သြော်..ရောက်နေပြီလေ၊ အခန်းထဲမှာ မကြွယ်စင်နဲ့အတူ ရှိနေလေရဲ့"

ထိုက်ထိုက်က စကားပြောနေရင်းမှ အသံကိုနှိမ့်ချပစ်လိုက်သောကြောင့် အေးသီရိကျော်က လှည့်ကြည့်သည်။

"ဟေ့ဟေ့...တို့ကြားလိုက်တယ်နော်၊ ကိုယ့်အချင်းချင်းတွေကို လျှို့မထားနဲ့။ ဘာလဲ...ပြော"

"သွားစမ်းပါ၊ ရှိုးဝိုင်းက အထာတွေသုံးပြီး ရုပ်တည်ကြီးနဲ့ ဟောက်စားလုပ်မနေနဲ့ပါနဲ့။ မသိရင် အသာနေ"

လင်းစကားအဆုံး သူမတို့သုံးယောက်လုံး ဝါးခနဲထရယ်ကြသည်။

"ကြည့်စမ်း! တောသူဆိုပြီး လျှော့မတွက်နဲ့။ ဒါတွေလည်း တတ်သားပဲ၊ ကုလားကားကြို့က်တယ်နဲ့တူတယ်"





မေမိလွင်က လင်းကို မျက်လုံးလေးပြူးပြီး အံ့သြတကြီးထပြောလိုက်၏။

"ကဲပါ၊ ခုန ဘာတွေတိုးတိုးကြိတ်ကြိတ်ပြောနေတာလဲ။ သိချင်လှပြီ"

စိတ်မရှည်တော့သလိုပြောလိုက်သော အေးသီရိကျော်စကားကြောင့် ထိုက်ထိုက်က မျက်စောင်းထိုးရင်း...

"ဖွတ်ကြီးပါလား"

ဟုပြောလိုက်လေသည်။ အေးသီရိကျော်ကတော့ ထိုက်ထိုက်စကားကိုအရေးမစိုက်ဘဲ ပြောမှာသာပြောစမ်းပါဆိုတဲ့အထာနှင့် ရိုက်လက်စစာရွက်တွေကိုချခဲ့ပြီး စကားဝိုင်းဘက် ဖွတ်အတင်းကိုလှည့်လာလေတော့၏။

"အခုတစ်လော မကြွယ်စင်နဲ့ ဟန်နီကို သတိထားမိလား"

"အေး ဘာဖြစ်လို့လဲ"

"မကြွယ်စင်ဆို မနက်ကတည်းက ရုံးခန်းထဲက မထွက်ဘူး။ မျိုးမျိုးနဲ့၊ တစ်မျိုးတည်း...မျိုးနေတာ"

"ဟန်နီကတော့ရော"

"အမလေး! သူက ပိုဆိုးတယ်၊ တကယ့် ရဲတင်းပေါက်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ထိုက်စကားပြောင့် မေမီလွင်က နားမလည်သလို မျက်မှောင်ကြုတ်ကြည့်သည်။

"ဘာလဲဟ၊ ရဲတင်းပေါက်ဆိန်"

"ဪ၊ ရဲတင်းတာ. . . ရဲတင်းတာကိုပြောတာ"

"ဒီလိုလား"

"အေး၊ ဒီလိုပဲ။ သူတို့နှစ်ယောက်တော့ ငြိကြတော့မယ်"

"ဘယ်သူနဲ့ ဘယ်သူ့လဲ၊ ရှင်းရှင်းပြောစမ်းပါ"

"ဘယ်သူနဲ့ ဘယ်သူလဲတော့ မသိဘူး။ ငါထင်တာပြောရရင် ဟန်နီနဲ့ မကြယ်စင်က ဟိုတစ်ယောက်အတွက် ဖိုက်ကြလိမ့်မယ်။ ပြီးရင် ကျန်တဲ့တစ်ယောက်နဲ့ငြိမယ်။ တစ်ယောက်ရှုံးရင် တစ်ယောက်နိုင်မယ်။ နိုင်တဲ့သူက မျိုးကိုယူကြေးပေါ့"

"ဟဲ့. . . မျိုးကိုယူချင်တိုင်းယူရအောင် ဟိုဘက်က သေချာလို့လား"

"ဟာ၊ နင်ကလည်း မျိုးက သူတို့နဲ့. . ."

"တော်. . . တော်၊ မထိုက်တို့ပြောတာ ဘာတွေမှန်းလဲမသိဘူး။ မျိုးသီဟဖြင့် မျိုးသီဟပေါ့။ မျိုးကိုယူမယ်. . . မျိုးကိုရမယ်နဲ့ ဘာစကားကြီးမှန်းလဲမသိဘူး"





လင်းစကားအဆုံးတွင် မေမီလွင်တို့အုပ်စုမှာ တစ်စုံတစ်ခုကို တွေးမိသွားပြီး ထရယ်ကြတော့သည်။ ထိုစဉ်. . .

"မလင်း"

"ဟဲ့. . . ပလွတ်တုတ်"

နောက်မှခေါ်သံကြောင့် ထိုက်ထိုက်က အလန့်တကြား ထယောင်သည်။

"ဟို၊ မလင်းကိုခေါ်တာ၊ ကိုမျိုးခေါ်နေလို့"

"အင်း၊ အခုပဲလာခဲ့မယ်"

ကိုကျော်ဇင်ဝင်းက လင်းတို့အုပ်စုကို တစ်ချက်လှမ်းကြည့်ကာ ပြန်ထွက်သွားသည်။ သူအပြင်ရောက်သွားမှ မေမီလွင်က မျက်စောင်းထိုးရင်း. . .

"အဲဒီကိုကျော်ဇင်ဝင်းက တကယ့်သာသနာဖျက်၊ အရေးအကြောင်းဆို သူက ရောက်ရောက်လာပြီ၊ တကယ်ပဲ ဘာအတင်းမှ မပြောရဲသလောက်"

ဟု မကျေမနပ်ရေရွတ်နေသေးသည်။

"သူ့အတင်းပြောပြီး သူ့ဆီသွားရမှာ မျက်နှာတော့ခပ်ပူပူပဲ မေမီရေ၊ ဘာပြောမလို့လဲမသိဘူး။ သွားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အမှိုက်ပုံရှုပ်ပွနေသည့်ဆံပင်ရှည်ကြီးကို လက်နှင့်တစ်ချက်နှစ်ချက်သပ်တင်ရင်း လင်း, အခန်းထဲက လှစ်ခနဲပြေးထွက်လာခဲ့၏။

အခန်းထဲသို့ရောက်သောအခါ မျိုးသီဟနှင့် သူ့ဘေးရှိကုလားထိုင်တွင် နီးနီးကပ်ကပ်ထိုင်နေသော မေကြွယ်စင်ကိုပါ တွေ့လိုက်ရ၏။

"လာလေ၊ လင်း. . . လင်းရောတီနော်"

"ဟုတ်, ဘာကိစ္စရှိလို့လဲမသိဘူး"

"ဟို. . . လေ"

"မျိုး, ပြောကွာ၊ ကော်ဖီသောက်မှာလားလို့။ ကော်ဖီသောက်မယ်ဆို ကြွယ်စင်ကိုယ်တိုင် ဖျော်ပေးမလို့ဟာကို"

ဘယ်လိုအဓိပ္ပါယ်လိမ့်ဟူသောအကြည့်နှင့် လင်း မျက်မှောင်ကြုတ်ကြည့်လိုက်မိသည်။ ထို့အတူ မျိုးသီဟမှာ ဘာပြန်ပြောရမှန်းမသိသည့်မျက်နှာနှင့် လင်းကိုခပ်စိုက်စိုက်ကြည့်နေပြီးမှ မေကြွယ်စင့်ဘက်လှည့်ကာ

"အင်း, သောက်မယ်. . . သောက်မယ်"

ဟု ကပျာကယာလှည့်ဖြေလိုက်လေသည်။ လင်း ရယ်ချင်သော်လည်း မလိုဖြစ်ပြီးမှ အတင်းဟန်လုပ်ကာ တည်ထားရ၏။

"ဟို, ခုနကိစ္စ ဆက်ပြောပါဆရာ"



"အင်း, အဲဒါလေ၊ ဘယ်ရောက်သွားပြီလဲမသိဘူး"

"ဘယ်မှမရောက်သေးပါဘူးဆရာ၊ ဘာမှမပြောရသေးပါဘူး"

ဆရာချင်းထပ်နေသော လင်းစကားသံများအဆုံးတွင် သူက မျက်မှောင်ကြုတ်ရင်း မော့ကြည့်သည်။ တစ်ရုံးလုံးက ကိုမျိုးဟုသာ ခေါ်နေကြသည့်ကြားထဲတွင် လင်းတစ်ယောက်တည်းက ဆရာလို့ခေါ်လိုက်သောကြောင့် သူကြောင်သွားပုံရ၏။

"မင်းပြောမှပဲ ကိုယ်ပိုမေ့သွားပြီ။ ဟိုဟာ. . . ဒါနဲ့ နေပါဦး၊ မင်းအသက် ဘယ်လောက်ရှိပြီလဲ"

လင်း ဘယ်လိုမှထင်မှတ်မထားသောမေးခွန်း၊ အလုပ်နဲ့ဘာမှမဆိုင်သောမေးခွန်းမို့ ခဏတော့ အိုးတိုးအန်းတန်းဖြစ်သွားရသည်။

"လင်းအသက် နှစ်ဆယ့်တစ်ပြည့်တော့မယ်။ လာမယ့်ဇူလိုင်ဆို နှစ်ဆယ့်တစ်နှစ်ပြည့်ပြီ"

"ကိုယ့်အသက်က နှစ်ဆယ့်ငါး၊ မင်း ကိုယ့်ကို ဆရာ, ဆရာနဲ့ခေါ်နေတာကြီးက တစ်မျိုးပဲ။ ကိုယ်က မင်းကို ဘာတွေသင်ပေးခဲ့ဖူးလို့ ဆရာခေါ်တာလဲ"

"ဟုတ်, အဲဒီအတွက် လင်း အဆင်ပြေအောင် ဘယ်လိုလုပ်ပေးရမလဲ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ကိုယ်အဆင်ပြေဖို့ထက် မင်းခေါ်ရတာ အဆင်ပြေဖို့လိုတယ်။ တစ်ခုခုစဉ်းစားပေါ့"

"ဘယ်လို"

လင်း နားရှုပ်သွားတာမို့ ပြန်မေးလိုက်တော့ သူက ဘာမှမပြောဘဲ ခေါင်းငုံ့ရင်း ပြုံးနေလေသည်။

"ဪ. ခုနခေါ်တဲ့ကိစ္စ သတိရပြီ။ စတိုပစ္စည်းစာရင်းတွေ ပြန်စစ်ပြီး ယူလာပြဖို့နဲ့ return ပြန်ကြည့်ချင်လို့"

"ဟုတ်ကဲ့"

"ဒါဆိုသွားလို့ရပြီ၊ ဘယ်လိုခေါ်မလဲဆိုတာ စဉ်းစားထားဦး"

လင်း သူနဲ့ကျောခိုင်းအနေအထားရောက်မှ နှာခေါင်းရှုံ့လိုက်မိတော့။

စဉ်းစားစရာမလိုဘူး ဦးမျိုးသီဟရေ။ ရှင့်ဘေးက မျိုးတို့၊ ကိုကြီးတို့ဆိုတဲ့ ခပ်ချွဲချွဲအသံတွေကြားပြီး စိတ်ကူးယဉ်မနေနဲ့။ လင်းတို့ကတော့ ဆောရီးပဲဟု စိတ်ထဲက ပြန်အော်ပစ်လိုက်သည်။

▣ ▣ ▣



## အခန်း (၁၀)

တကယ်တော့ သူမတို့ကုမ္ပဏီဈေးရုံးဆင်းချိန်မှာ ငါးနာရီခွဲဟုသတ်မှတ်ထားသော်လည်း ဟိုဟိုဒီဒီစာရင်းမပြီးတာတွေ မပြတ်တာတွေရှိလျှင် နာရီဝက်၊ တစ်နာရီ နောက်ကျရသည်။

"လင်းရေ"

ယခုလည်းပြန်ဖို့ ထမင်းဘူးတွေ၊ ထီးတွေ ခြင်းထဲထည့်ပြီး ပြန်ဖို့ပြင်ဆင်နေတုန်း မကြယ်စင်ခေါ်သံကြောင့် လင်း ရုံးခန်းထဲ ပြန်ပြေးပြေးသည်။

"ဒီညနေတော့ လင်းနဲ့ဟန်နီ နည်းနည်းနောက်ကျဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



နေပေဦးနော်. . . ဒီစာရင်းက လကုန်ခါနီး အပြတ်ဖြတ်ရမှာမို့''

မကြယ်စင့်စကားအဆုံး လင်းမှာ အဆောင်ပြန်ပြေးပြီး သူငယ်ချင်းနှင့်ရုပ်ရှင်သွားကြည့်ဖို့ကိစ္စ လက်လျှော့လိုက်ရတော့၏။ over-time ဟုသတ်မှတ်၍မရသည့် မိနစ်နှစ်ဆယ်ကျော်ကျော်အချိန်လေးသည် ရုပ်ရှင်ချိန်ကိုမမီနိုင်လောက်အောင် လင်းရဲ့ကိုယ်ပိုင်အနားယူချိန်ကို ဖဲ့ယူဖြိုချသွားသည်။ ဘာမှမဟုတ်လောက်ပေမယ့် ပြင်ဆင်ပြီး ထိုင်စောင့်နေမည့်ချောချောကတော့ ပေါက်ကွဲမှာအသေအချာပင်။

''လင်းက လမ်းမတော်ကိုပြန်မှာနော်''

မကြယ်စင့်အမေးကို လင်း ခေါင်းညိတ်ပြခြင်းဖြင့်သာ ဖြေလိုက်၏။

''ဒါဆို ကြယ်စင်နဲ့သိပ်မဝေးပါဘူး။ အတူတူသွားတာပေါ့''

ထိုစဉ် ဟန်နီပါ ရုံးခန်းထဲမှထွက်လာသည်။ နေတဲ့နေရာချင်းတူပေမယ့် ကားမှတ်တိုင်သို့ လမ်းလျှောက်ရမည့်အကွာအဝေးချင်းကတော့ အတူတူပင်။

''ကြယ်စင်တို့ ပြန်တော့မလို့လား''

သိပြီးသားကိစ္စကို ရေးကြီးခွင်ကျယ်လုပ်မေးသော မျိုးသိဟကို လင်း၊ လူမှုရေးအရတောင် လှည့်မကြည့်ပေမယ့် ခေါင်းစဉ်တပ်ပြီး





အမေးခံရသော မကြယ်စင်ကတော့ ချိုအီစွာပြုံးရင်း. . .

''ဟုတ်တယ် မျိုးရဲ့၊ ခုပဲပြန်တော့မလို့''

ဟု မပွင့်တပွင့်ပုံစံလေးနှင့် ပြန်ဖြေသည်။ အတူတူတွေ့တာချင်းကို သူ့ကျတော့ နှုတ်မဆက်ရကောင်းလားဟူသောအထာနှင့် ရှုပ်ပုပ်လေးလုပ်နေသောဟန်နီဝင်းကိုကြည့်ပြီး လင်း သက်ပြင်းရှိုက်လိုက်မိသည်။

''ဟန်နီတို့ရော တစ်ခါတည်း ကိုယ်နဲ့လိုက်ခဲ့လေ''

ထိုအခါကျမှ မရွှေဟန်နီက မျက်စောင်းအတုကို မဲ့တရှိ လှမ်းရွယ်ရင်း. . .

''ဟင်! လမ်းလည်းမကြုံဘဲနဲ့''

ဟုပြန်ပြောလေတော့၏။

''ရပါတယ်၊ မကြုံလည်း လိုက်ပို့ပေးပါ့မယ်။ ဒီနေ့ ရုံးမှာ အချိန်ပိုနေပေးရတာပဲ၊ ကဲ့ အားလုံးကားပေါ်တက်၊ လင်းရတီရော''

အားလုံး ကားပေါ်ရောက်ပြီးနေပြီ။ လင်းတစ်ယောက်တည်း မလိုက်ပြန်လျှင် အမှုပိုလွန်းရာကျဦးမည်။ ထို့ကြောင့် လင်း စိတ်မပါဘဲနှင့် ကားပေါ်တက်လိုက်ရသည်။

ကားထဲမှာရှိသည့်မှန်ကနေ သူ့မျက်လုံးများကို တစ်ချက်၊ တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက် လင်း လှမ်းကြည့်မိသည်။ သူ့မျက်လုံးများကတော့ မေကြယ်စင်နှင့် ဟန်နီဝင်းကို တစ်လှည့်စီ ငေးငေးကြည့်ပြီးမှ လင်းကို ဖျတ်ခနဲလှမ်းကြည့် တတ်လေသည်။ လင်းက သူများတွေလို အထက်လူကြီးပါလားဟုသော အသိနှင့်ပင် အလိုက်တသိပြန်မကြည့်ခဲ့။ ပြုံးပြဖို့ဆိုတာ ဝေလာဝေးပင်။

သူကတော့ လင်းကိုမြင်တာနှင့် ပြုံးတေ့တေ့ဖြစ်သွားမြဲ။ တစ်ခုခုကို ရယ်မောနောက်ပြောင်လိုဟန်နှင့် သူ့နှုတ်ခမ်းတွေကို ပြုံးတော့ မယောင် ခပ်တင်းတင်းစေ့ထားတတ်သည်။

လင်းတို့အဆောင်နှင့် မျက်နှာချင်းဆိုင် ဗုဒ္ဓဝါဒကဘုရားရှေ့ အရောက်တွင် လင်း သူ့ကိုကားရပ်ပေးဖို့ လှမ်းပြောလိုက်၏။

''ရောက်ပြီလား လင်း။ ကြယ်စင်လည်း ဒီမှာပဲဆင်းလိုက် တော့မယ်၊ မျိုးကိုအားနာလို့။ ဟန်နီရော''

''အင်း၊ ဟန်နီက ဒီနေ့ အိမ်မပြန်ဘူး မကြယ်စင်ရဲ့။ အဘိုး တို့ရှိတဲ့ယုဇနကို ဒီညသွားအိပ်မယ်လို့ ဖုန်းကြိုဆက်ထားတာ။ ကိုကြီး ဟန်နီ့ကို ယုဇနထိပို့ပေးနော်''

ဟန်နီ့စကားအဆုံးတွင် မေကြယ်စင့်မျက်နှာက ပြိုတော့မည့် မိုးလို မှိုင်းပြမှုန်ရီသွားသည်။ မျိုးသီဟကို တမင်မျက်လုံးချင်း ဆုံအောင် ကြည့်ကာ. . .





''ကျေးဇူးပဲနော် မျိုး။ ဟန်နီ့ကိုလည်း သေသေချာချာလိုက်ပို့ ပေးလိုက်ပါဦး''

ဟုဆိုကာ လင်းကိုပင်မစောင့်တော့ဘဲ ရှေ့မှထွက်သွားလေ တော့သည်။ လင်းမှာ ကားထဲမှ မျိုးသီဟနှင့် ဟန်နီဝင်းကိုတစ်လှည့်၊ စိတ်ဆိုးသွားသယောင်ရှိသော မေကြယ်စင့်ကို တစ်လှည့်ကြည့်ရင်း ယောင်ချာချာကျန်ရစ်ခဲ့တော့သည်။

ပြီးမှသတိရကာ မျိုးသီဟဘက်သို့လှည့်ကာ. . .

''ကျေးဇူးတင်ပါတယ်''

ဟုပြောပြီး ကားဘေးမှ လှည့်ထွက်ခဲ့လေတော့၏။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဟလို HINODE ကုမ္ပဏီကပါရှင်၊ ဩော်, ဟန်နီလား။ ...င်းအခင်း. . . ပြောပေးမယ်။ ဒါပဲနော်"

လင်း ဖုန်းခွက်ပြန်အချတွင် မေကြြယ်စင်က ဘာလဲဟုလှမ်း ...သည်။

"ဟန်နီ, ဒီနေ့နေမကောင်းလို့မလာဘူးတဲ့ မကြြယ်စင်။ အဲဒါ ...င်တိုင်နိုင်းတာ"

လင်းစကားအဆုံးတွင် မေကြြယ်စင့်မျက်နှာက မှဲ့ကျသွားသည်။ ...နောက် ချက်ချင်းပင် ပြုံးရိပ်သမ်းလာကာ. . .

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ၊ နေမကောင်းဘူးဆိုတော့ ဘာတတ်နိုင်မှာလဲ။ ဒီ နေ့ ဆိုင်တွေ ပိုက်ဆံသိမ်းမယ့်ကိစ္စ လင်းနဲ့ အေးသီရိကျော်နဲ့ သွား လိုက်ကြပေါ့"

ဟုပြောလိုက်လေသည်။ လင်း ခေါင်းညိတ်ပြပြီး စာအုပ်ကို ပြန်အဖွင့်တွင်. . .

"ဩော်၊ လင်းကိုမေးဦးမယ်"

"ဟုတ်ကဲ့"

"မနေ့ကကိစ္စ လင်းဘယ်လိုထင်လဲ"

လင်း မနေ့ကကိစ္စဆိုတာကို တစ်ခဏမျှ မျက်မှောင်ကြုတ် စဉ်းစားပြီး. . .

"ဩော်၊ မနေ့က မြေနီကုန်းကဆိုင်ကို ဆယ့်ငါးရာခိုင်နှုန်း နဲ့ တစ်ဆယ်ရာခိုင်နှုန်း မှားပေးတဲ့ကိစ္စလား. . . အဲဒါ"

"အို၊ လင်းကလည်း ကြယ်စင်ပြောတာ အလုပ်ကိစ္စမဟုတ် ပါဘူး"

လင်း စကားမဆုံးခင် ကြားဖြတ်ဝင်ပြောလိုက်သော မကြယ် စင့်စကားကြောင့် လင်း နည်းနည်းတော့ အံ့ဩသွားရသည်။

"အလုပ်ကိစ္စမဟုတ်ဘူးဆိုတော့ ဘာလဲဟင်"





မကြယ်စင်က ရုံးခန်းထဲ တစ်ချက်မျက်လုံးဝေ့ကြည့်ရင်း. . .

"ဟိုတစ်ယောက်လေ၊ ဟန်နီ၊ မနေ့ကများဟယ်၊ လင်းလည်း တွေ့မှာပေါ့။ ဘယ်လောက်သရုပ်ပျက်သလဲ။ သူ့အစား ကြယ်စင်တောင် ရှက်တယ်"

လင်း စဉ်းစားပြန်သည်။ မနေ့က ဟန်နီဝတ်လာတဲ့အဝတ် အစားကို ပြန်ပုံဖော်ကြည့်သည်။ လင်းမှတ်မိသလောက်တော့ ဟန်နီ မနေ့က virgo တီရှပ်အဝါနှင့် စကပ်အနက်ရောင်ဝတ်လာသည်။ သိပ် ပြီး ရုပ်ပျက်ဆင်းပျက်တော့မဟုတ်။ မကြယ်စင်က ဘာကိုမြင်ပြီး ပြော တာပါလိမ့်။

"တကယ်ဆို မနေ့က သူ ယုဇနကိုသွားဖို့ ဘာအစီအစဉ်မှ မရှိဘူး၊ သိလား။ သက်သက်မဲ့ မျိုးကို ရမည်ရှာပြီး ပို့ခိုင်းတာ။ တကယ့် သရဲ"

လင်းမှာ မကြယ်စင်ပြောသမျှ ခေါင်းတညိတ်ညိတ်နှင့် နား ထောင်နေရသည်။

"အမှန်က မျိုးနဲ့ ကြယ်စင်က အခုမှ သိကြတာမဟုတ်ဘူး။ ဒီမှာ ကြယ်စင် အလုပ်စဝင်ကတည်း အရမ်းရင်းနှီးတာ။ မျိုးက ကြယ် စင့်ကို စိတ်ဝင်စားနေတာလေ။ ကြယ်စင်က သက်သက်မဲ့စနောက်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဟိုတစ်ယောက်လိုတော့ သည်းသည်းလှုပ် အတင်းလိုက်မကပ်ဘူး။ ဘယ်လောက်ပဲ သံယောဇဉ်ရှိရှိ မိန်းကလေးသိက္ခာတော့ တစ်ပြားသားမှ အပွန်းအပဲ့မခံနိုင်ဘူး။ ဟုတ်တယ်မို့လား လင်းရယ်''

''အင်း၊ ဟုတ်ပါတယ်''

ရှေ့နောက်မညီသော မေကြယ်စင့်၏စကားများကို အားနာသောကြောင့် နားထောင်နေရသော်လည်း အလွန်စိတ်ပျက်ညစ်ညူးမိသည်။ မေကြယ်စင်, ဟန်နီအကြောင်း ပြောစရာမရှိတော့သည့်အခါ အဝတ်အစားများအကြောင်း၊ အလှပြင်ပစ္စည်းများအကြောင်း လျှောက်ပြောရင်း စကားကိုအဆုံးသတ်လေ့ရှိ၏။

ထိုအကြောင်းများကို ညနေ အိမ်ပြန်ရောက်သောအခါ တစ်ယောက်တည်း ဘာရယ်မဟုတ်စဉ်းစားရင်း ရယ်မိသည်။ ထိုအခါ လင်းဘာလုပ်လုပ် စိတ်ဝင်တစား စပ်စုတတ်သောချောချောက. . .

''ဘာတွေသဘောကျနေတာလဲ။ လမ်းထိပ်က ဗိုက်ပူကြီး စာလိုက်ပေးလို့လား''

ဟု အဆီအငေါ်မတည့် ထမေးတတ်သည်။ အဲ့ဒီအခါကျမှ လင်းက. . .

'ဒီလိုပါ'ဆိုပြီး အစချီရင်း ရုံးမှဖြစ်ကြောင်းကုန်စင်ကို ပြော





ပြုံးရ၏။ ချောချောက လင်းပြောသမျှ ငြိမ်သက်စွာနားထောင်ပြီး. . .

''အင်း. နင်ပြောပုံဆိုရင်တော့ ဇာတ်လမ်းတော့ ကောင်းနေပြီ။ ခေတ်က ကိုရီးယားခေတ်ပါ၊ မိန်းကလေးတွေကစတာ သိပ်မဆန်းတော့ဘူး''

''အံမယ်! အဲဒီထဲမှာ လင်းတို့မပါဘူးနော်''

''ဘယ်သူကရော နင့်ကိုပါတယ်လို့ ပြောနေလို့လဲ။ ငါက နင်ပြောတဲ့နှစ်ယောက်ကိုပြောတာ။ နင်မကြားဖူးဘူးလား။ မိန်းမတွေဟာ အချစ်နဲ့တွေ့ရင် ကျပ်မပြည့်တော့ဘူးဆိုတာ၊ နင်လည်း တစ်နေ့အချစ်နဲ့တွေ့ရင် ကျပ်မပြည့်ရုံတင်မကဘူး၊ သွက်သွက်ခါအောင်တောင်သွားဦးမယ်''

''အေးအေး. . . နင်ပဲ ရူး ငါတော့ မရူးဘူး၊ ဘာအချစ်နဲ့မှလည်း မတွေ့ဘူး''

ချောချောက လင်းကိုမျက်စောင်းထိုးပြီး ပြန်ကြည့်သည်။

''နင်လား အချစ်နဲ့မတွေ့မှာ။ ရေးလိုက်ရတဲ့ကဗျာ၊ ရေးလိုက်ရတဲ့ဝတ္ထု၊ ဒီလိုလူမျိုး ပိုပြီးစိတ်ကူးယဉ်ဆန်သေးတယ်''

''ဘာမှမဆိုင်ဘူး၊ အခု ဟိုနှစ်ယောက်ကရော အချစ်နဲ့တွေ့သေးတာမှမဟုတ်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်! အဲ့ဒီ ဘာလဲ. . . မျိုး. . . အဲဒါအချစ်ပေါ့။ သူတို့အတွက် အချစ်လေ"

"ဘာ! မျိုးက အချစ်"

ချောချောစကားကြောင့် လင်း မျက်မှောင်လေးတွန့်ရင်း စဉ်းစားလိုက်သည်။

မျိုးသီဟက သူတို့အတွက် အချစ်တဲ့။ ဒါဆို ကျန်တဲ့လူတွေအတွက်ရော သူက ဘာလဲ။ အမှန်ဆို မျိုးသီဟက မျိုးသီဟပေါ့။ ဘာလို့ မဆီမဆိုင် အချစ်ဖြစ်ရမှာလဲ။

"ဟဲ့, အဲ့ဒီမျိုးက ချောလား"

"မျိုးသီဟလို့ပြောစမ်းပါ။ ဘာမှ မျိုးတွေ မြွတ်တွေ လုပ်မနေနဲ့"

"ထားပါတော့၊ သူက ချောလား"

"အင်း, မအေးသီရိကျော်ကတော့ သူ့ကို ဂျူးနဲ့တူတယ်ဆိုလား"

"ဟင်, ဂျူး. . . အဲဒါဆို မျိုးသီဟက မိန်းကလေးနဲ့တူတာပေါ့"

"ဘာဆိုင်လို့လဲဟ"





"ဆိုင်တာပေါ့၊ ဂျူးဆိုတာ ငါကြိုက်တဲ့စာရေးဆရာမပဲ။ မျိုးသီဟက. . ."

"ဟာ, ဘာတွေလျှောက်ပြောနေတာလဲ၊ ဂျူးကပြားနဲ့တူတယ်လို့ပြောတာ။ မျက်ခုံးမျက်လုံးတွေဘာညာပေါ့"

"ဩော်, ဩော် ဒီလိုလား၊ သဘောရောကောင်းရဲ့လား"

လင်း နှုတ်ခမ်းလေး ရှေ့သို့ထော်ရင်း မျက်မှောင်ကြုတ်ကာ အကြာကြီးစဉ်းစားနေသည်ကို ချောချောက စိတ်ရှည်ဟန်မတူ။

"ဟဲ့, အလုပ်တစ်ခုတည်း အတူတူရှိနေပြီး ဒီလူ သဘောကောင်းလားမကောင်းလားဆိုတာ အိမ်ထောင်ပြုမယ့်ကိစ္စကျနေတာပဲ စဉ်းစားနေလိုက်တာ"

"အဟီး. . . ငါလည်း မပြောတတ်ဘူး။ ဒီနေ့ထိတော့ ဘာမှထူးထူးခြားခြား သဘောကောင်းတာ၊ သဘောဆိုးတာ မရှိသေးဘူး"

"ဟိုနေ့က ကားနဲ့လိုက်ပို့တယ်ဆို။ အဲ့ဒါသဘောကောင်းလို့ပေါ့"

"ဘာဆိုင်လဲ၊ အဲ့ဒါ မကောင်းတတ်လို့အားနာပြီး ပို့တာလည်းဖြစ်နိုင်တာပဲ"

"အားနာတယ်ဆိုတာ သဘောကောင်းတဲ့လူတွေမှာသာ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရတတ်တဲ့လက္ခဏာဟဲ့''

''မသိဘူးဟာ. . . ကောင်းချင်ကောင်း မကောင်းချင်နေ၊ စိတ်မဝင်စားဘူး၊ သူနဲ့ငါ စကားပြောတိုင်း အပေါက်အလမ်းတည့်တာ မဟုတ်ဘူး၊ စကားပြောရင် ထေ့သလိုလို ငေါ့သလိုလိုနဲ့ အမြင်ကပ်တယ်၊ နေတာထိုင်တာလည်း နည်းနည်းမှလူကြီးမဆန်ဘူး။ ဦးစိုးသူရကလည်း သူ့ညီကိုဘာထင်ပြီး ကုမ္ပဏီအပ်ခဲ့လဲမသိဘူး''

လင်းစကားအဆုံးတွင် ချောချောက ဘာအဓိပ္ပာယ်မှန်းမသိသည့်ပုံစံနှင့် ပခုံးတွန့်ပြသည်။

''နင်လည်း လူပီသလာပြီ''

ဟုလည်း ကြီးကြီးကျယ်ကျယ်ပြောသေးသည်။

''ဘာလူပီသတာလဲ၊ အရင်က ငါက ဘာဖြစ်နေလို့လဲ''

''ဘာဖြစ်ရမှာလဲ။ လူတွေက ကိုယ်မလိုလားတဲ့လူဆို ဘယ်မှာ အကောင်းပြောလို့လဲ။ ဒါကြောင့် လူတွေရဲ့စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာကို သိပ္ပံနည်းကျလေ့လာရင် တိကျတဲ့အဖြေ တော်တော်နဲ့မရတာ၊ လူတွေက အမှန်အတိုင်း ဘယ်တော့မှမပြောဘူး၊ လိုတိုးပိုလျှော့ အမြဲလုပ်တယ်''

''အမလေး. . . ဟုတ်ပါတယ်. . . ဟုတ်ပါတယ်၊ စိတ်ပညာ





အဓိကယူထားတဲ့ငါက မဝေဖန်ရတော့ဘူး၊ အင်္ဂလိပ်စာနဲ့ ကျောင်းပြီးထားတဲ့နင်ကပဲ ဝေဖန်ဆန်းစစ်တော့နော်၊ အူကြောင်ကြောင်နဲ့ နင့်နာမည် ချောချောအိလို့မပေးသင့်ဘူး။ ချောချောကြောင်လို့ပေးရမယ် ဟား. . . ဟား''

လင်းစကားကြောင့် ချောချောမှာ မကျေမနပ်ဖြစ်သွားပြီး တစ်စုံတစ်ခုကို ပွစိပွစိနှင့်ရေရွတ်နေလေသည်။ ထို့နောက် သူ့လက်ထဲမှာကိုင်ထားသည့် ဦးအေးမောင်၏စိတ်ပညာနှင့် စိတ်ငြိမ်းချမ်းမှုစာအုပ်ကြီးကိုပြန်ဖွင့်ကာ စိတ်လိုလက်ရဖတ်နေလေတော့၏။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

အခန်းထဲသို့ ပြုံးစေ့စေ့ဝင်လာသောထိုက်ထိုက်နှင့် အေးသီရိ ကျော်မှာ လင်းအနားတွင်ဝင်ထိုင်ရင်း. . .

"ဟော့! ဒီနေ့အစီအစဉ်တစ်ခုရှိတယ်၊ သိလား"

ဟု စပြောလိုက်လေသည်။

လင်း စာအုပ်ကိုငုံ့ကြည့်ရင်းမှ. . .

"ဘာအစီအစဉ်လဲ။ မေမိနဲ့ ကိုကျော်ဇင်ဝင်းကို နေရာချပေးဖို့အစီအစဉ်လား"

ဟုထမေးလိုက်ရာ မေမိလွင်က လင်းကို စာအုပ်နှင့်လှမ်းရိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ခပ်တိုးတိုးကျိန်ဆဲတော့၏။

"ကိုမျိုးသီဟက ငါတို့ကို ဒီနေ့လယ် ဘယ်သွားချင်လဲတဲ့ ပို့ပေးမယ်လို့ပြောလိုက်တယ်"

ထိုအခါကျမှ စိတ်မဝင်စားသလိုလုပ်နေသော မေမိလွင်မှ ခေါင်းထောင်လာပြီး...

"တကယ်လား ထိုက်ထိုက်"

ဟုမေးလေသည်။

"တကယ်ပေါ့၊ ငါတို့တွေ ဒီရက်ထဲ အလုပ်ပင်ပန်းတယ်လေ အဲ့ဒါ စိတ်ပြေလက်ပျောက်ပေါ့"

"ဘယ်ကို သွားမယ်ပြောခဲ့လဲ၊ ဘုရားလား"

မေမိလွင့်အမေးကို အေးသီရိကျော်က ခေါင်းခါပြသည်။

"ဘုရားက မကြာခဏရောက်တယ်လေ၊ ဒီတစ်ခါ ရုံးတစ်ဖွဲ့လုံး အမှတ်တရဖြစ်သွားအောင် M-3 ကို ပို့ပေးလို့ပြောလိုက်တယ်"

"M-3 ဘာလုပ်ဖို့လဲ"

"တစ်ခုခုသွားစား၊ ပြီးရင် သီချင်းဆိုမယ်လေ"

"ဟင်! မဆိုချင်ပါဘူး... ရှက်စရာကြီး"

လင်းစကားကြောင့် ထိုက်ထိုက်က မျက်လုံးပြူးကြည့်သည်။





"လင်းပဲ သီချင်းဆိုတာ ဝါသနာပါတယ်ပြောပြီးတော့၊ ရှက်စရာမှမဟုတ်တာ၊ ရုံးကလူတွေချည်းပဲကို"

"ကျန်တဲ့လူတွေကရော သွားချင်တယ်တဲ့လား"

"ဒါပေါ့၊ အလုပ်ထဲမှာ အားလုံးစိတ်ပင်ပန်းလူပင်ပန်းဖြစ်နေတဲ့ဥစ္စာ၊ သွားချင်တာပေါ့"

"ကြဲကြဲဖန်ဖန်... သူတို့ပဲ စိတ်ကူးရတယ်"

လင်းတစ်ယောက်တည်းသာ စိတ်အလိုမကျစွာ ရေရွတ်နေသလောက် အားလုံးသီချင်းသွားဆိုဖို့ တက်တက်ကြွကြွဖြစ်နေကြသည်။ နေ့လယ်ဆယ်နာရီခွဲအချိန်လောက်တွင် လင်းတို့အားလုံး ရုံးမှထွက်လာခဲ့ကြသည်။

မိန်းကလေးက လင်းတို့အဖွဲ့လူစုံပင်၊ ယောကျ်ားလေးဆို၍ မျိုးသီဟနှင့် ကိုကျော်ဇင်ဝင်းသာပါသည်။ ထိုနေ့က လင်း တီရှပ်အစိမ်းရင့်ရောင်လေးနှင့် အနက်ရောင်ပေါ်မှာ အဖြူကွက်လေးတွေပါသည့် ဘောင်းဘီလေး ဝတ်လာခဲ့သည်။ အားလုံးက ဘောင်းဘီတွေ၊ စကပ်တွေချည်းဝတ်လာပြီး လင်းတစ်ယောက်သာ ထမိန်နှင့်ပါသည်။

ကားပေါ်ရောက်သောအခါ ထိုက်ထိုက်က အိတ်ထဲမှ မှန်ဝိုင်းသေးလေးထုတ်ပြီး ကြည့်သည်။ အားလုံး ခေါင်းဖြီးကြ၊ မှန်ကြည့်ကြနှင့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှုပ်နေချိန်တွင် လင်းတစ်ယောက်သာ ဟိုဟိုဒီဒီဝေးရင်း ပါလာ
ခဲ့၏။

ကာရာအိုကေခန်းထဲသို့ရောက်သောအခါ ဟန်နီက မျိုးသီဟ
ဘေးတွင် ဝင်ထိုင်သည်။ ပြာလဲ့လဲ့မီးရောင်အောက်တွင် ဟန်နီနှ
မကြေယ်စင်၏မျက်လုံးတွေက အရောင်တစ်မျိုးနှင့် တောက်ပစူးလာ
နေကြ၏။

''ကဲကဲ. . . ဘယ်သူအရင်ဆိုမလဲ၊ ထည့်ထားလိုက်တော့''

''ကြယ်စင်ဆိုမယ်။ ဒီမှာနံပါတ်. . .''

ကြယ်စင်က ရှင်ဖုန်းရဲ့ ကိုယ်ပိုင်တဲ့ကိုယ့်နေရာကို ရင်ဘ
ထဲမှလာသောအသံတွင် mood အပြည့်ထည့်ပြီးဆိုသည်။ လင်း ဘ
ရယ်မဟုတ်ဘဲ မျိုးသီဟမျက်နှာကိုလှမ်းကြည့်မိသည့်အခါ တီဗွီကိုသ
လက်ပိုက်ရင်း ခပ်ငေးငေးကြည့်နေသည်ကိုတွေ့ရ၏။ တစ်လှည့်စီ
ပြီး ဟန်နီ့အလှည့်သို့ရောက်သောအခါ. . .

'ဟင့်အင်း, မဆိုချင်ဘူး'ဟု ငြင်းလေသည်။ ကိုကျော်ဇင်ဝ
က. . .

''ဆိုပါ။ မဟန်နီကလည်း. . . တစ်ခါတလေနားထောင်ရတာ
အဆိုတော်က ဘယ်အချိန်ဖွင့်နားထောင်,နားထောင်, ရတယ်။ အင်





တို့အသံက ကြုံမှနားထောင်ရတာ''

ဟုပြောလိုက်ရာ အားလုံး ဝါးခနဲရယ်လိုက်ကြလေတော့၏။

''မဆိုချင်ဘူး. . . ဟန်နီခေါင်းတွေ အရမ်းမူးနေတယ်''

ထိုအခါ မျိုးသီဟက ဟန်နီ့ဘက်သို့လှည့်ကြည့်ပြီး. . .

''ဟန်နီ နေမကောင်းရင် ပြန်မလား'' ဟုမေးလိုက်ရာ ဟန်နီ
က ခေါင်းရမ်းပြလေသည်။

''ဟင့်အင်း, အားလုံးပျော်နေတာ. . . ဟန်နီကြောင့် အနှောင့်
အယှက်ဖြစ်နေပါ့မယ်။ ရပါတယ်. . . ဒါပေမဲ့ ဟန်နီ ခဏမှိန်းနေချင်
တယ်။ ကိုကြီးကို ခဏမှီထားမယ်နော်''

''အော်, အင်း. . . ရပါတယ်''

မျိုးသီဟမှာ မသိမသာ မျက်နှာပျက်သွားသော်လည်း ဟန်
မျက်ထိုင်ကာ ရပါတယ်ဟုပြောလိုက်ရလေသည်။ ထိုစဉ် မေကြယ်
င်မှာ နေရာက ထရပ်လိုက်ပြီး. . .

''မျိုးရေ, ကြယ်စင်တော့ မရတော့ဘူး။ ဒီအခန်းက ကျဉ်း
ည်းကျဉ်းတော့ အဲကွန်းဖွင့်ထားလည်း အသက်ရှူကျပ်တာပဲ။ အပြင်
ကို ခဏထွက်လိုက်ဦးမယ်''

ဟုဆိုကာ ထွက်သွားလေတော့သည်။ အခန်းထဲတွင်. . .



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ထိုက်တို့သုံးယောက်နဲ့ လင်းရယ်၊ ကိုကျော်ဖင်ဝင်းရယ်၊ မျိုးသီဟနဲ့ ဟန်နီရယ်သာ ကျန်ခဲ့တော့သည်။

"ကိုမျိုး မဆိုရသေးဘူးမဟုတ်လား။ တစ်ပုဒ်လောက် ဆိုပါဦး"

သူက ရယ်ရင်း ခေါင်းခါပြလေသည်။ ထို့နောက် လင်းဘက်သို့လှည့်ကာ. . .

"လင်းရတီလည်း ဆိုတာမတွေ့ဘူးနော်"

ဟုပြောလိုက်၏။ ထိုအခါကျမှ ထိုက်ထိုက်တို့မှာ လင်းဘာမှမဆိုဘဲ ငြိမ်နေသည်ကိုသတိရကာ အတင်းဆိုခိုင်းကြတော့သည်။

လင်း ဘာကြောင့်မှန်းမသိ သီချင်းဆိုရတာ ဝါသနာပါပေမယ့် ရှက်သလိုကြောက်သလိုဖြစ်နေမိသည်။

"လုပ်ပါ လင်းရဲ့၊ တစ်ပုဒ်လောက်ဆိုစမ်းပါ"

မေမီလွင်ကလည်း လင်းလက်ထဲကို မိုက်ထည့်ပေးပြီး မဆိုမနေရပုံစံမျိုးလုပ်နေသည်။

"ဘာသီချင်းဆိုရမှာလဲ၊ လင်း ဘာမှမရွေးရသေးဘူး"

"ဟိုမှာ ငါထည့်ထားတဲ့သီချင်းရှိတယ်။ အဲဒါပဲဆို"

လင်း တီဗွီကိုကြည့်လိုက်တော့ ကဗျာတွဲ့မှုံးရဲ့ သူသိသွားပြီ





သီချင်းဖြစ်နေသည်။ သီချင်းကိုကြိုက်ပေမယ့် အဓိပ္ပာယ်က တစ်မျိုးကြီးဖြစ်နေသောကြောင့် မဆိုချင်။ ဒါပေမဲ့ လင်း ဒီ့ထက်ငြင်းနေရင် အားလုံးစိတ်ဆိုးကုန်မှာ သေချာသည်။

ထို့ကြောင့် 'သူသိသွားပြီ' ကိုပဲ ဆိုလိုက်ရသည်။

"ကိုယ့်အနေအထိုင်တွေပဲ မတာတ်လို့လား xxxx ကိုယ်မြင်ပြီးတော့. . .ကြည့်တာပါ xxxx ဒါ သူမြင်တယ်ဆို ရင်မှာအားတွေရှိလား. . .ကိုယ်လွန်ဆန်ချင်လည်းxxxx မရတော့ဘူးကိုယ်အရှုံးပေးရဖို့ ရှက်နေလည်း ကိုယ်ဝန်ခံပါတယ်ကွယ်. . .တကယ်ကိုယ်ချစ်သွားပြီ"

သီချင်းတစ်ပိုဒ်အဆုံးတွင် သူ့ကို ဖျတ်ခနဲလှမ်းကြည့်တော့ လင်းကိုမကြည့်ပေမယ့် တီဗွီကိုကြည့်ရင်း ပြုံးနေသည်ကိုမြင်လိုက်သောကြောင့် လင်းရင်ထဲ ဘာလိုလိုကြီးဖြစ်သွားသည်။ အသံသာမက လက်တွေပါ တုန်နေတာကိုကြည့်ပြီး အေးသီရိကျော်က အဆိုတော် ဓာတ်ခံနေပြီဟု မကြားတကြားပြောကာ ရယ်နေလေသည်။

လင်းအလှည့်ပြီးသွားသည့်အထိ မေကြယ်စင်မှာ အခန်းထဲပြန်ဝင်မလာတော့သောကြောင့် အားလုံးပြန်ဖို့ ပြင်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ ဟန်နီဝင်းမှာ မျိုးသီဟပခုံးပေါ်မှ ခေါင်းကိုခွာတော့၏။ အပြင်သို့ရောက်သောအခါ မေကြွယ်စင်က. . .

"ဩော်၊ ပြီးပြီလား။ ကြွယ်စင်က ကြာဦးမယ်ထင်တာ။ နေမကောင်းတဲ့လူကလည်း ရှိနေတော့လေ"

ဟု ထေ့သလိုလိုငေါ့သလိုလိုပြောလိုက်လေသည်။ မျိုးသီဟကတော့ သိပ်ပြီးဂရုမစိုက်ခြင်းပဲလား။ စိတ်ကောက်နေသည်ကိုသတိမထားမိ၍လားမသိ၊ ပကတိရိုးသားသောဟန်နှင့်. . .

"မဟုတ်ဘူးကြွယ်စင်ရဲ့။ ကြွယ်စင်တစ်ယောက်တည်း အပြင်မှာထိုင်နေရပြီး ကိုယ်တို့ချည်းပဲ အထဲမှာဆိုတော့ မကောင်းဘူးလေ။ အဲဒါကြောင့် ပြန်ထွက်လာတာ"

ဟုပြောလိုက်မှ သဘောကျသွားလေတော့သည်။ ထို့နောက်ကားရှေ့ခန်းတံခါးကိုဖွင့်၍ ဝင်ထိုင်ကာ. . .

"ဒါနဲ့ မျိုးကို အကူအညီတစ်ခုတောင်းရဦးမယ်။ မျိုး၊ အားရင် ကြွယ်စင့်ကို ကားမောင်းသင်ပေးပါလားဟင်"

ဟု ပြောလိုက်လေသည်။ မေကြွယ်စင့်စကားသံအဆုံးတွင် လင်း၊ဘေးသို့ဝင်ထိုင်လိုက်သောဟန်နီမှာ ကားတံခါးကို ဂုန်းခနဲဆောင့်ပိတ်ချလိုက်တော့၏။





ကားရှေ့ခန်းမှ မျိုးသီဟနှင့် မေကြွယ်စင်မှာ မည်သို့ဖြစ်သွားသည်မသိသော်လည်း လင်းတို့အုပ်စုမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းရမ်းလိုက်မိကြလေတော့သည်။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ဟား. . . ဟား. . . ဟား. . . တစ်နေ့တစ်နေ့ ကြားရတဲ့ စကားက ဟာသချည်းပဲ။ နင်တို့ကုမ္ပဏီမှာ လူက နှစ်ယောက်နဲ့တစ်ပိုင်း။ ဖြစ်လိုက်ရင်တော့ အမိုက်စားဇာတ်လမ်းတွေ"

ချောချောက လင်း ပြန်ပြောသမျှကိုနားထောင်ကာ တဟားဟားအော်ရယ်သည်။ လင်းလည်း ရယ်ချင်သလိုလိုဖြစ်မိသေးသည်။ သို့သော် ရယ်စရာမကောင်းဘူးဟုထင်မိပြန်သည်။

"လွယ်တော့မလွယ်ဘူးဟ။ ဟန်နီဝင်းကလည်း အရမ်းသွက်တာ။ ဟိုနေ့ကဆို ငါရှေ့တင် မျိုးသီဟကိုရန်တွေ့နေတာ ကိုကြီးက



www.burmeseclassic.com

www.burmeseclassic.com



မကြယ်စင်ကျတော့ ကော်ဖီလိုက်တိုက်တယ်။ ဟန်နီကျတော့ ရှိတယ်တောင်မထင်ဘူးဘာညာနဲ့"

"ဟုတ်လား၊ အဲဒီလောက်တောင် ပိုင်တယ်လား။ နင်တို့ရုံးမှာ မျိုးသီဟကို ပြည်သူပိုင်လို့သဘောထားနေတာလား။ အဲဒီတစ်ယောက်ကရော အီစီကလီပဲလား။ ဘယ်သူနဲ့ဖြစ်နိုင်ခြေရှိလဲ"

ချောချောမေးခွန်းက လင်းအတွက် စဉ်းစားရကျပ်သလို ဖြေရခက်လေသည်။ မျိုးသီဟက ဟန်နီနှင့် ကြယ်စင်တို့နှစ်ယောက်လုံးကို ပြန်ပြီးလိုက်လိုက်လျောလျောဆက်ဆံသည်။ ဘယ်သူ့ကိုမှ ပိုသွားတယ်လို့မရှိသလို ဘယ်သူနှင့်မှ တည်တည်တံ့တံ့နေလိုက်သည်ဟူ၍ မရှိ။ အနည်းဆုံးတော့ သူ့မျက်လုံးကြည့်ပုံကိုက မရိုးသားဟု လင်းထင်မိသည်။

"နင်လည်း စဉ်းစားရခက်နေပြီထင်တယ်၊ ဒါဆို မျိုးသီဟလည်း ရွေးရခက်နေမှာ သေချာတယ်။ သီချင်းထဲကလိုပေါ့၊ နှစ်ယောက်စလုံးကိုလည်း ချစ်တယ်၊ နှစ်ယောက်စလုံးကလည်း ချစ်နေတယ်။ ငါ့ကိုယ်ငါပဲ သတ်သေလိုက်ချင်တယ်ဆိုတာ"

ပြောပြီး ချောချောက သူ့စကားသူ သဘောကျစွာရယ်သည်။ အတန်ကြာသောအခါ စပ်စုရေးက တစ်စခန်းထပြန်သည်။

ရွှေပဒေသာစာပေ



"နေဦး. . . မကြယ်စင်နဲ့ ဘယ်သူ. . . ဟန်နီ. . . ဟန်နီ သူတို့နှစ်ယောက် ဘယ်သူပိုချောလဲ"

လင်း အသာလေးငြိမ်နေရင်း မကြယ်စင်နှင့် ဟန်နီဝင်း၏ ပုံစံကို မျက်စိထဲ မြင်ယောင်ကြည့်ပြီး တစ်ယောက်ချင်း ယှဉ်ကြည့်လိုက်သည်။ အသားနည်းနည်းညိုပြီး မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်းက အစ အပြစ်ဆိုစရာမရှိအောင် လှသော မကြယ်စင်က ပိုပြီးဆွဲဆောင်မှုရှိသလို ထင်ရလေသည်။

သို့သော် အသားဖြူဖြူ ကိုယ်လုံးသွယ်သွယ်လေးနှင့် အဝတ်အစားဝတ်တာကအစ ခေတ်မီပြီး သွက်သွက်လက်လက်လေးရှိသော ဟန်နီဝင်းက ပိုပြီးချစ်ဖို့ကောင်းသလိုထင်ရ၏။ အထူးသဖြင့် ဟန်နီ ညာဘက်ပါးပေါ်မှ စံပယ်တင်မှဲ့ညိုကလေးသည် ထင်းနေကာ သူ့မျက်နှာနှင့် အလွန်လိုက်ဖက်သည်။

မကြယ်စင်ကျတော့လည်း အရုပ်အမောင်း၊ ခန္ဓာကိုယ်အားလုံးက အချိုးအစားကျပြီး စကားပြောရာတွင်လည်း ချိုချိုကြည်ကြည်လေးဖြစ်အောင် ပြောတတ်သောကြောင့် ပိုပြီးစွဲမက်ဖို့ကောင်းနေမလားဟု စဉ်းစားမိပြန်သည်။

"အင်း. . . နှစ်ယောက်စလုံးက တော်တော်လှတယ်။ တစ်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ယောက်တစ်မျိုးပေါ့လေ။ တစ်ယောက်ကို ရွေးလိုက်ရင် ကျန်တဲ့တစ်ယောက်ကို နှမြောစရာကောင်းလောက်တယ်လို့ ထင်တာပဲ"

"မြတ်စွာဘုရား! လင်း, နင် မိန်းကလေးအစစ်တော့ ဟုတ်ပါတယ်နော်။ အမယ်လေး. . . မိန်းကလေးအချင်းချင်းများ နှမြောစရာကောင်းသလေး ဘာလေးနဲ့ နင်ပဲမြင်တတ်တယ်"

ချောချောက သူ့ဝသီအတိုင်း ရင်ဘက်ကို လက်နှင့်ဖိပြီး ပခုံးကို ဟန်ပါပါတွန့်ရင်း ဝင်ပြောသည်။

"မြင်ရတဲ့အတိုင်းပြောတာပဲ။ ငါတောင် အဲဒီလိုမြင်ရင် ဟိုတစ်ယောက်လည်း ရွေးရခက်မှာ အသေအချာပဲ"

အမှန်တကယ် သူမတို့နှစ်ယောက်တွေးသလို မျိုးသီဟ ရွေးရခက်သည်မခက်သည်မှာ ဖြစ်ချင်မှလည်း ဖြစ်မည့်ကိစ္စဖြစ်သည်။ သို့သော် လင်း၏စိတ်သည် ထူးဆန်းစွာ ထိုကိစ္စအား ရယ်စရာ အပျင်းပြေဖာတ်လမ်းဟု သဘောထား၍မရဘဲ ဂရုတစိုက် သတိထားနေမိခဲ့သည်။

နားလည်ရခက်ပြီး ထူးဆန်းလွန်းသော မျိုးသီဟ စိတ်ဓာတ်ကို စိတ်ဝင်စားနေမိခြင်းမှာ သိပ်တော့လည်း မဆန်းကြယ်လှဟု ထင်မြင်မိ၏။





ထို့အတူ သူနှင့်ပတ်သက်ပြီး ထူးထူးဆန်းဆန်းကိစ္စများ ကြုံရလိမ့်မည်ဟုလည်း လင်း, ထင်မထားခဲ့ချေ။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

BURMESE CLASSIC .com

အလုပ်ရှုပ်နေသည့်အချိန်ဆိုလျှင် ရုံးခန်းထဲတွင် ကွန်ပျူတာ ခလုတ်နှိပ်နေသော တဖျောက်ဖျောက်အသံမှလွဲ၍ အဝ်ကျသံပင် မကြား ရလောက်အောင် တိတ်ဆိတ်နေတတ်သည်။

မေမိလွှင်တို့အုပ်စုမှာလည်း အလုပ်ရှုပ်လျှင် စကားလုည့်ပြော ဖို့မဆိုနှင့်၊ ကွန်ပျူတာရှေ့မှ အကြည့်တစ်ချက်ပင် မရွှေ့သွားချေ။

"မကြယ်စင်, ဆိုင်တွေက return စာရင်းတွေ ကြည့်ပေးပါ ဦး။ ဒီမနက်ပဲ သိမ်းလာတာ"

"သြော်, အင်း. . . လာခဲ့မယ်"

**ရွှေဝတေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဟန်နီဝင်းက ပြောပြီးပြီးချင်း ပြန်ထွက်သွားသည်။ မေကြယ်စင်မှာ စာအုပ်ထဲတွင် တစ်စုံတစ်ခုရေးမှတ်နေဟန်ရှိသည်။ စာအုပ်ကိုတစ်ချက်ပြန်ငုံ့ကြည့်ပြီး နေရာက ထွက်ဖို့ဟန်ပြင်၏။ ထို့နောက် လင်းဘက်သို့လှည့်ကြည့်ကာ. . .

''လင်း၊ ဒီအောက်မှာ ဟိုနေ့က ဘောင်ချာအဟောင်းတွေ သိမ်းလိုက်ဦး''

ဟုမှာသွားလေသည်။ လင်း၊ စာရင်းတွေသွင်းအပြီးမှ မေကြယ်စင့်စားပွဲသို့ ထလာခဲ့၏။

စားပွဲပေါ်ရှိ ပြန့်ကျဲနေသော စာရင်းစာအုပ်ပေါင်း မြောက်မြားစွာထဲက သူမ ယူရမည့်ဘောင်ချာထည့်ထားသောဖိုင်ကို လှမ်းဆွဲရင်း ထူးထူးခြားခြား ဘော့ပင်တင်ရက် ပွင့်နေသောဒိုင်ယာရီစာအုပ်ကို သွားတွေ့လိုက်မိသည်။

ဘောင်ချာစာအုပ်လှမ်းယူသောအချိန်သည် သာမန်အားဖြင့် သုံးစက္ကန့်ထက် ပိုမကြာသင့်သော်လည်း စာတစ်ကြောင်းနှစ်ကြောင်းမျှ ရေးထားသောဒိုင်ယာရီကိုကြည့်မိသောကြောင့် ဆယ့်ငါးစက္ကန့်လောက် ပိုကြာသွားခဲ့သည်။

ထို့ကြောင့်. . .





'မျိုးအတွက် အမှတ်တမဲ့ဆိုပေမယ့် ကြယ်စင့်အတွက်တော့ အမှတ်တရပါ။ (Cafe Aroma. . .၀၉-၀၀၀၀၀၀) 'ဆိုသည့်စာကြောင်းလေးကိုပါ မှတ်မှတ်ထင်ထင် တွေ့လိုက်ရလေသည်။

လင်း ထိုစာကြောင်းလေးကို ဆက်စပ်စဉ်းစားကြည့်သည်။ ဟိုနေ့က ဟန်နီ၊ မျိုးသီဟကိုရန်တွေ့နေတာ သွားသတိရလိုက်သည်။ Cafe-Aroma နဲ့ ဖုန်းနံပါတ်တစ်ခုက ဘယ်လိုသက်ဆိုင်နေသလဲဆိုတာ သိပ်အဝေးကြီးလျှောက်တွေးစရာမလို။

ကော်ဖီသောက်တုန်းက မျိုးသီဟရဲ့ ဟန်းဖုန်းနံပါတ်ကို ကြယ်စင့်ကိုပေးခဲ့တာပင်ဖြစ်မည်ဟု မှတ်ချက်ချလိုက်သည်။

လင်းမရည်ရွယ်ပါဘဲ ထိုစာတစ်ကြောင်းကိုဖတ်လိုက်မိပြီး ဖုန်းနံပါတ်ကို စွဲစွဲမြဲမြဲအလွတ်မှတ်မိသွား၏။ သိပ်တော့ တကူးတက ဆန်းကြယ်သည့်ကိစ္စမဟုတ်။

သို့သော် ထိုသို့မှတ်မိသွားခြင်းက လင်းကို မမျှော်လင့်သောအဖြစ်အပျက်များနှင့် တွေ့ကြုံစေလိမ့်မည်ဟုတော့ နည်းနည်းမှမစဉ်းစားခဲ့မိချေ။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ပြတင်းပေါက်နားမှာ သွားရပ်ရင်း ဘာရယ်မဟုတ် ရုံးရှေ့ကို လှမ်းကြည့်လိုက်မိ၏။ လင်းလက်နေသော နေရောင်ကွက်ကွက်ကလေးကို ကြည့်ပြီး တစ်စုံတစ်ခုကိုသတိရမိကာ နာရီကိုလှမ်းကြည့်လိုက်မိ၏။

ကိုးနာရီခွဲဖို့ ငါးမိနစ်လောက်သာလိုတော့သည်။ ဒီအချိန်ဆို ရောက်လာနေကျမို့ မလာသောအခါ သွားပြီးသတိရမိသေးသည်။ လိုပါပဲ မိသားစုမှာဖြစ်ဖြစ်၊ လုပ်ငန်းတစ်ခုမှာပဲဖြစ်ဖြစ် ပိုနေရင်သာ သိသာတာ၊ လိုသွားပြီဆို အရမ်းသိသာနေတတ်၏။

လျှောက်တွေးရင်း အိမ်ကိုသတိရမိသလိုဖြစ်သွားသည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့. . .

"ဟလို, မျိုး. . . လား"

အသံလာရာသို့ လှည့်ကြည့်လိုက်မိသည်။ လက်တစ်ဖက်ကို စားပွဲပေါ်တင် မေးထောက်ရင်း ဖုန်းပြောနေသော မေကြယ်စင့်မျက်နှာက ကြည်နူးပီတိကြောင့် ရွှင်ချိုနေသည်။

"ဟုတ်လား၊ ထင်တော့ထင်သား။ မနေ့ကတည်းက မျိုးမျက်နှာတွေ ရဲနေတာ။ ဖြစ်မှာပေါ့, နေတာထိုင်တာ ဆင်မှမဆင်ခြင်တာ"

အတက်အကျ အနိမ့်အမြင့်စုံလှသော မေကြယ်စင့်အသံက ရယ်တော့မလိုဖြစ်သွားလိုက်၊ စိတ်ဆိုးတော့မလိုဖြစ်သွားလိုက်နှင့် ဘေးနားက နားထောင်ရသူပင် ရင်မောသွားရသည်။

ဟန်နီက ကြယ်စင့်မျက်နှာကိုမသိမသာလှမ်းကြည့်ပြီး တစ်ခုခုပြောတော့မလို သူမနှုတ်ခမ်းတွေက တရွရွလှုပ်နေ၏။

"အင်းပေါ့၊ ခုချိန်ထိ မျိုး တစ်ခါမှနောက်မကျဘူးတော့ စိတ်ပူတာပေါ့။ ကြည့်ပါလား, သူက ပြောနိုင်သေးတယ်၊ မလာဘူးဆိုလည်း ဖုန်းလေးဘာလေးဆက်ပေါ့၊ နေနိုင်လိုက်တာ။ တော်ပါ. . . သူများက စ,ဆက်ရတဲ့ဟာကို"

တစ်ဖက်က ဘာပြောသည်မသိ။ မေကြယ်စင်က ခွေလိမ်ကျ





နေသည့်ဆံပင်တွေကို သပ်တင်ရင်း တသိမ့်သိမ့်ရယ်သည်။

လင်းတစ်ယောက်တည်း မေကြယ်စင့်ကိုငေးနေမိသည်မဟုတ်။ ဟန်နီနှင့် မေမီလွင်တို့အုပ်စုပါ မေကြယ်စင်၏ချိုမြမြစကားသံများနှင့် တစ်ခါတစ်ခါ မရယ်ချင့်ရယ်ချင် ထရယ်လိုက်သော အက်ရှရှရယ်သံကို သိမသာနားစွင့်ရင်း ငြိမ်သက်နေသည်ကို တွေ့လိုက်ရလေတော့သည်။

"အင်းပါ, စိတ်ချပါ၊ ဘာလဲ, ကြယ်စင့်ကိုမယုံဘူးလား"

ဟန်နီက ကြယ်စင့်ကို မကြာခဏမျက်လုံးလှန်ကြည့်သလို ကြယ်စင်ကလည်း ဖုန်းပြောရင်း ဟန်နီလှည့်ကြည့်သည်ကိုမြင်လျှင် ခမင်အသံကိုမြှင့်လိုက်လေ၏။

ဘာမှမဟုတ်တဲ့ကိစ္စကို တိုင်ပတ်အောင်ပြောနေသော ကြယ်စင်မှာ နာရီဝက်လောက်ကြာမှ ဖုန်းချလိုက်တော့သည်။

ထိုအခါ တစ်ချိန်လုံးငြိမ်နေသောဟန်နီက ကြယ်စင့်အား လှမ်းကြည့်ပြီး. . .

"မကြယ်စင်, အဲဒါ ကိုမျိုးသိဟလား။ ဘာဖြစ်လို့မလာတာလဲ"

ဟုမေးလိုက်လေသည်။ ကြယ်စင်က စိုးရိမ်ပူပန်ရိပ်မကင်းသောမျက်နှာပေးနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"နေမကောင်းလို့တဲ့လေ၊ မနေ့ကတည်းက ကြယ်စင်သတိပေးနေတာ။ မျိုးအသားတွေ ပူနေတယ်လို့။ ခုတော့ ဖျားနေပြီလေ။ မိုးအေးအေးနဲ့ တုပ်ကွေးဖြစ်နေပြီထင်တယ်"

ဟု အသားယူစရာမရှိ ကြဖန်အသားယူပြီး ပြန်ပြောလိုက်ရာ ဟန်နီမှာ ကိုယ့်မေးခွန်းနှင့်ကိုယ်မို့ ဘာမှပြန်မပြောသာသော်လည်း မသိမသာမဲ့ပစ်လိုက်သည်ကို တွေ့လိုက်ရ၏။ လင်းတစ်ယောက်သာ တစ်ဖက်လှည့်ပြီး ပြုံးနေလိုက်မိသည်။ ဟန်နီကလည်း ဟန်နီပါပဲ၊ လွယ်လွယ်နှင့်တော့ လျှော့မယ့်သူမဟုတ်ပါချေ။

"မကြယ်စင်, ကိုမျိုးသိဟဖုန်းနံပါတ် ဘယ်လိုရတာလဲ။ ဟန်နီတောင် မသိဘူး"

"ဖုန်းနံပါတ်များ အထူးအဆန်းလုပ်လို့ ဟန်နီရယ်။ ဒီလိုလူမလာနိုင်တဲ့အခါ ဖုန်းနဲ့ပြောမှအဆင်ပြေမှာဆိုတော့"

ဘာလိုလိုအဓိပ္ပာယ်နှင့်ပြောလိုက်သော မကြယ်စင့်စကားကြောင့် အားလုံး တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်မိကြပြန်သည်။

"ဟို. . . ဟန်နီ့ကို အဲ့ဒီဖုန်းနံပါတ်ပေးပါလားဟင်"

တစ်ဖက်ကလည်း တကယ်မလွယ်သည့်ကောင်မလေးပင်။





မကြယ်စင်က ဟန်နီ့စကားကို မကြားချင်ယောင်ဆောင်ကာ လင်းကိုလှမ်းခေါ်ပြီး စာအုပ်ထဲက လတ်မှတ်တွေစစ်ဖို့ မလိုအပ်ဘဲ ပြောနေသည်။

ဟန်နီက အောင့်သက်သက်မျက်နှာနှင့် တစ်ချက်လှမ်းကြည့်ပြီး ဘာမှဆက်မပြောတော့ပေမယ့် မကြယ်စင်က. . .

"မျိုးက သူ့ဖုန်းနံပါတ် ဘယ်သူ့မှပေးတာမဟုတ်ဘူး။ ကြယ်စင့်ဆီက တစ်ဆင့်ပေးလို့မကောင်းဘူးလေ။ ဟန်နီသိချင်ရင် ကိုယ့်ဘာသာပဲ စုံစမ်းပေါ့"

ဟု ဆိုကာ ရုံးခန်းထဲမှ ထွက်သွားလေတော့သည်။

ဒီလိုကျပြန်တော့ လင်း, ဟန်နီ့အတွက် စိတ်မကောင်းသလိုဖြစ်သွားမိ၏။ မကြယ်စင့်အနေနှင့် သဘောထားသေးသိမ်လွန်းသည်ဟုလည်း စိတ်ထဲက အားမနာတမ်း ဝေဖန်ပစ်လိုက်သည်။

တကယ်တော့ ဒါတွေဟာ လင်းနဲ့ဘာဆိုင်တာမှတ်လို့ဟု ထိုအချိန်က မစဉ်းစားမိသေးပေ။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ခပ်ဝေးဝေးကတည်းက လှမ်းမြင်နေဟန်ရှိသော ထိုက်ထိုက်က လင်းကိုခေါ်သည်။ လင်း, သူမခေါ်သံကြားမှ လှည့်ကြည့်လိုက်မိပြီး ပြုံးသွားရ၏။

ထိုက်ထိုက်က တစ်ယောက်တည်းမဟုတ်။ ဘေးမှာ တစ်ယောက်ပါသေးသည်။ ထိုက်ထိုက်ကို မျက်စိတစ်ဖက်မှိတ်ပြပြီး ဆက်လျှောက်ဖို့ပြင်တော့ ထိုက်ထိုက် လင်း,လက်ကို လှမ်းဆွဲထားသည်။

''နေပါဦး လင်းရဲ့။ ငါလည်းလိုက်မှာပေါ့''

လင်း,ရယ်ရင်း လက်က နာရီကိုငုံ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



၈ နာရီတောင် မခွဲသေး။

"မဖြစ်နိုင်တာ မထိုက်ရာ။ ခုမှ ရှစ်နာရီတောင် မခွဲသေးတဲ့ဟာ၊ နေခဲ့စမ်းပါ။ ရှက်ကိုးရှက်ကန်းနဲ့ လိုက်မလာပါနဲ့"

ထိုက်ထိုက်က သူ့ရည်းစားရှေ့မှာမို့လားမသိ၊ ရုံးခန်းထဲမှာလို အကျယ်ကြီးအော်မရယ်ဘဲ ခေါင်းငုံ့ပြီး အသံထွက်တယ်ဆိုရုံလေး ရယ်ရင်း လင်း့လက်မောင်းကို မနာမကျင်အောင် အသာလေးဆွဲလိမ် သည်။

ဒါပေမယ့် လင်းက "အား"ခနဲအော်ပစ်လိုက်တော့ သူ့ဘေးက ကောင်လေးက ပြုံးတုံးပြုံတဲ လှမ်းကြည့်သည်။

ထိုက်ထိုက်ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်တောင်တောင် ဖြစ်နေပုံကို လင်း့ အားရပါးရအော်ရယ်လိုက်ရင်း သူတို့နှစ်ယောက်ကို ထားခဲ့ပြီး ထွက်လာခဲ့၏။

"ဟော!...လင်းပဲ စောနေတယ် အောင့်မေ့တာ၊ ဟန်နီပါ ရောက်နေတာကိုး"

ရုံးခန်းထဲ ဝင်ဝင်ချင်းလှမ်းပြောလိုက်သော လင်းအသံကြောင့် ပုခုံးလေးနှစ်ဖက် ဆတ်ခနဲကျုံ့သွားရင်း ဟန်နီက လှည့်ကြည့်သည်။

"ဪ...လင်းတောင် ရောက်လာပြီကိုး"





ဟန်နီက တစ်စုံတစ်ခုကိုရှာဖွေနေသလို အံဆွဲထဲကိုမွှေနှောက် နေရင်းမှ လင်းကို ဝတ်ကျေတန်းကျေပုံစံနှင့် ပြန်ပြော၏။

"ဘာပျောက်လို့လဲ ဟန်နီ။ လင်း့ ကူရှာပေးရမလား"

လင်း့စကားအဆုံး ဟန်နီက နားဆွဲရှည်ရှည်လေးတွေ ခါသွားတဲ့အထိ ခေါင်းကိုခပ်သွက်သွက်ရမ်းရင်း...

"ရတယ် လင်း၊ ဘာမှမဟုတ်ဘူး" ဟုပြန်ပြောသည်။ ဘာမှ မဟုတ်ဘူးသာဆိုတယ်...အသည်းအသန်ရှာလှချည်လားဟု လင်း ပြောမိတော့မလိုဖြစ်သွားရအောင် ဟန်နီ့ပုံစံက ပျာယာခတ်နေသည်။

"ဟန်နီရှာနေတာ ဖုန်းနံပါတ်တစ်ခုများလားဟင်"

လင်းစကားအဆုံး ဟန်နီက အံ့ဩတကြီးမော့ကြည့်လာသည်။ ပြောသင့်မပြောသင့် စဉ်းစားချင်ချိန်နေသလို ချီတုံချတုံလုပ်နေပြီးမှ နှုတ်ခမ်းကိုတင်းတင်းစေ့ရင်း ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် လင်း။ ဖုန်းနံပါတ်တစ်ခုရှာနေတာ"

ဟန်နီ့စကားအဆုံး လင်း ပြုံးလိုက်၏။

"ဘယ်သူ့ဖုန်းနံပါတ်ဆိုတာတော့ လင်း့မမေးတော့ပါဘူး။ ဒါပေမဲ့ တို့အမှတ်တမဲ့ရထားတဲ့ဖုန်းနံပါတ်တစ်ခုတော့ ရှိတယ်၊ ဟန်နီ လိုအပ်ရင် ယူလိုက်လေ... ၀၉-၅၀၀၀၀၀၀ တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟန်နီက လင်း့ ရွတ်ပြသော ဖုန်းနံပါတ်ကို နောက်တစ်ကြိမ် ရေရွတ်ရင်း ခေါင်းကိုတဆတ်ဆတ်ညိတ်နေသည်။

လင်း့တစ်စုံတစ်ခုကိုသိရက်နှင့် ဖုံးကွယ်မထားဘဲ ပြောလိုက်ရခြင်းအတွက် ရင်ထဲမှာ ပေါ့ပါးသွားသည်။ တကယ်တော့ လင်း့ဘာကိုမှမရည်ရွယ်ခဲ့ကြောင်း ကိုယ့်ကိုယ်ကို လိပ်ပြာလုံခဲ့၏။

သို့သော်. . .

▣ ▣ ▣



## အခန်း (၁၇)

လင်း့စတင်ခဲ့သည်ဟု တပ်အပ်စွပ်စွဲလို့မရသော်လည်း ဖြစ်နိုင်ချေအရှိဆုံးလူအဖြစ် ပြဿနာတစ်ခုကို ခေါင်းခံရှင်းခဲ့ရသောနေ့မှာ မျိုးသီဟ နေကောင်းပြီး အလုပ်လာသောနေ့ပင်ဖြစ်၏။

ထိုနေ့က ရုံးသို့စောစီးစွာရောက်နေသောလင်းမှာ အလုပ်မရှိသေးသည်နှင့် နေရာတွင်ထိုင်ရင်း မဂ္ဂဇင်းတစ်အုပ်ကို စိတ်ဝင်တစား ဖတ်နေမိသည်။ ထို့နောက် မေကြွယ်စင် ဝင်လာပြီး ထုံးစံအတိုင်း နှုတ်ဆက်လက်မှတ်ထိုးပြီး သူ့နေရာတွင် ထိုင်နေသည်။

လင်းတို့နှစ်ယောက်မှာ ရုံးခန်းထဲတွင် ကိုယ်အာရုံနှင့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မို့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြပေ။ ထိုစဉ် ရုံးခန်းထဲသို့ မျိုးသီဟ ဝင်လာသည်။ မေကြယ်စင်က နေရာမှ ပျာပျာသလဲထပြီးနှုတ်ဆက်၏။

"မျိုး့ နေကောင်းသွားပြီလား။ ကြယ်စင်က ဒီနေ့မှမလာရင်. . ."

မေကြယ်စင်က စကားကို တစ်ပိုင်းတစ်စနှင့်ရပ်ပစ်ပြီး မျိုးသီဟနောက်မှာ ကပ်ပါလာသည့်ဟန်နီ့ကို ရှုးရှုးတစ်ချက် လှမ်းကြည့်သည်။ ပြီးမှ နေရာမှာ ပြန်ထိုင်ကာ. . .

"ဒီနေ့ မျိုး့မလာရင် ဖုန်းဆက်မလို့၊ ဆရာ့ဆီ E-mail ပို့ထားသေးတယ်"

ဟု စိတ်မပါသလိုပြန်ပြောလိုက်၏။ မျိုးသီဟက လင်းဘက်ကို တစ်ချက်လှမ်းကြည့်လိုက်တာမို့ လင်း့ရယ်ရတော့မလို၊ ပြုံးပြရတော့မလိုဖြစ်သွားရသည်။

"ဟို. . . နေကောင်းသွားပြီလားဟင်"

လင်း့စကားအဆုံး သူက လှစ်ခနဲပြုံးပြီး. . .

"ကောင်းသွားပြီ လင်း။ ဒီက ဟန်နီ့ကို ကျေးဇူးတင်ရမှာ။ သူလာကူပေးလို့လေ"





မျိုးသီဟစကားကို လင်းတစ်ယောက်တည်း နားမလည်သည် မဟုတ်၊ မေကြယ်စင်ပါ သဘောမပေါက်သလို လှမ်းကြည့်လိုက်လေသည်။

"အလကားပါ လင်း့ရယ်၊ ကိုကြီးက လျှောက်နောက်နေတာ။ သူနေမကောင်းတုန်းက ဟန်နီ ညတိုင်း ဖုန်းဆက်ပြီး သတင်းမေးလိုက်၊ စကားတွေပြောလိုက်နဲ့လုပ်နေတာ တစ်ရက်ကတော့ ရုံးပိတ်လို့ လူကိုယ်တိုင် သတင်းသွားမေးတာပဲရှိပါတယ်။ ကိုကြီးရောဂါကို ပျောက်အောင်ကုဖို့ ဟန်နီက ဆရာဝန်မှမဟုတ်တာ"

အကယ်ဒမီရွှေစင်ဆုကို ပွပွနွေးနွေးရထားခါစ မင်းသမီးတစ်ယောက်က သတင်းထောက်တွေကို ဖြေသောအသံမျိုးဖြင့် ဟန်နီဝင်ပြောလိုက်သည့်အခါ မေကြယ်စင့်မျက်နှာမှာလည်း အားလုံးထင်ကြေးပေးထားတာခံရပြီး ဆုနှင့်လွဲသွားသော မင်းသမီးမျိုး၏ အိုက်တင်နှင့် ရယ်ချင့်ရယ်ချင်ရယ်ကာ 'ဟုတ်လား'. . . ဟု မေးလိုက်လေသည်။

ထိုအချိန်ထိ ပြဿနာကမစသေး။ မျိုးသီဟ သူမတို့ကို ရယ်မောနှုတ်ဆက်ပြီး သူ့ရုံးခန်းထဲဝင်သွားတော့မှ မေကြယ်စင်က ဟန်နီ့ဘက်သို့လှည့်ကာ. . .

"ဟန်နီ. . . နင် မျိုး့ဖုန်းနံပါတ် ဘယ်ကရလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းမေးလိုက်သည့်အချိန် လင်းမှာ လန့်ဖျပ်ပြီး လက်ထဲကစာအုပ်ပင် လွတ်ကျမတတ်ဖြစ်သွားရလေတော့သည်။

အလိုက်ကန်းဆိုးမသိသော ဟန်နီဝင်းမှာ တစ်စုံတစ်ခုသော အကြောင်းပြချက်ဖြင့် လှည့်ပတ်ပြောလျှင်ရနိုင်ပါလျှက်. . .

''မကြွယ်စင် မပြောလည်း ဟန်နီ့ကိုပြောပြမယ့်သူရှိတာပဲလေ။ ဖုန်းနံပါတ်စုံစမ်းရတာ ဘာခက်တာမို့လဲ''

''ဒါပေမဲ့ ဒီရက်ထဲမှာ မျိုး့မှမရှိတာ၊ ဖုန်းနံပါတ်က မျိုး့ကလွဲပြီး ကြွယ်စင်တစ်ယောက်တည်းသိတဲ့ဥစ္စာ''

မမကြွယ်စင့်စကားကြောင့် ဟန်နီဝင်းမှာ မခံချင်ဖြစ်သွားပုံရလေသည်။ လင်း့စိတ်ထဲမှကြိတ်ပြီး ဘုရားတ,နေလိုက်မိသည်။

''ကိုယ့်ကိုယ်ကို အဲ့ဒီလောက်ထင်မနေစမ်းပါနဲ့ မကြွယ်စင်။ ဟိုက မကြွယ်စင်တစ်ယောက်တည်းကိုပဲ ဖုန်းနံပါတ်ပေးထားတာမဟုတ်ဘူး။ သိတဲ့လူတွေတစ်ပုံကြီး''

ဟန်နီဝင်းစကားအဆုံး မေကြွယ်စင်က ရုံးခန်းထဲရှိ လင်းတို့အုပ်စုအားလုံးကို မျက်လုံးဝေ့ကြည့်သည်။ အခန်းထဲသို့ ခုမှဝင်လာသော ကိုကျော်ဇင်ဝင်းပင် အလွတ်မပေးချေ။ သို့သော် ဟန်နီဝင်းပြောလိုက်သောတစ်ပုံကြီးထဲတွင် သူတို့မပါသဖြင့် ခပ်တည်တည်ပင်။





မေကြွယ်စင်မှာ သိပ်စိတ်ကျေနပ်ပုံမရသော်လည်း ရန်ထဖြစ်လို့မကောင်းတတ်သဖြင့် အသာပြန်ငြိမ်နေလိုက်၏။

လင်း့သူမတို့နှစ်ယောက်ကိုကြည့်ပြီး ခေါင်းရမ်းလိုက်မိသည်။ အစကတော့ နှစ်ယောက်လုံး မျိုးသီဟနှင့်ပတ်သက်ပြီး မသိမသာငြိချင်နေကြသော်လည်း ယခုအခါ ပို၍ပင် ပြောင်ပြောင်တင်းတင်း စကားများရဲလာကြ၏။

ချောချောပြောဖူးသောစကားကို လင်းအမှတ်ရလိုက်မိသည်။ မိန်းမတွေဟာ အချစ်နဲ့တွေ့တဲ့အခါ ကျပ်မပြည့်တော့ဘူးဆိုပဲ။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၈)

"လင်း"

"ရှင်"

"ခဏလာပါဦး"

မေကြယ်စင့်အသံက မမာစဖူးမာနေသောကြောင့် လင်း၊ရင် ထဲထိတ်ခနဲဖြစ်သွားရသည်။ မေကြယ်စင်က လင်း၊မျက်နှာကို စေ့စေ့ ကြည့်ပြီးမှ အမှုစစ်သောရှေ့နေလေသံမျိုးနှင့် စကားစသည်။

"အခုမှသတိရလို့။ ဟိုနေ့က ကြယ်စင် စာအုပ်တစ်အုပ်ကို ရေးလက်စအတိုင်းထားခဲ့တာ လင်း၊တွေ့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ! ဒီမိန်းမက လင်း့ကို တပ်အပ်ကြီးကို စွပ်စွဲတော့မှာပါလား။

"အဲ့ဒီထဲမှာ မိုးဖုန်းနံပါတ်ကို အမှတ်တမဲ့ရေးခဲ့မိတယ်။ အဲဒီအချိန်က လင်းကို ဘောင်ချာစာအုပ် လာယူခိုင်းလိုက်တာ ကြယ်စင်မှတ်မိတယ်။ လင်း့, စာအုပ်ထဲက ဖုန်းနံပါတ်ကိုယူပြီး ဟန်နီ့ကို ပေးလိုက်တာမဟုတ်လား"

သေတော့မှာပဲ။ လင်း့,ခပ်သွက်သွက်ငြင်းပစ်ရမှာ။ မဟုတ်ဘူး၊ လင်း ဘာမှမသိဘူးလို့ပြောလိုက်ရင် ပြီးတဲ့ကိစ္စကို ဘာကြောင့်မှန်းမသိ တွေဝေတုံ့ဆိုင်းနေမိသည်။

"လင်း မဖြေဘူးနော်၊ ဒါဆို ကြယ်စင်တွေးတာ မှန်သွားပြီ၊ လင်းကို အဲဒီလိုမထင်ထားဘူး. . . သိလား"

ခံလိုက်စမ်း လင်းရတီ။ သူများကိုယ်ရေးကိုယ်တာကိစ္စတွဲ ခပ်ပေါပေါမိန်းမတစ်ယောက်အဖြစ် သူပြောသမျှ ခေါင်းငုံ့ခံလိုက်ပေတော့။ ကြယ်စင်ရဲ့နူးမြောတာသ,သလို၊ အံ့ဩရွံ့ရှာသလို စကားသံတွေက လင်းတစ်ကိုယ်လုံးကို သိမ်ငယ် ရှက်ရွံ့မှုဖြင့် အရည်ပျော် လောင်မြိုက်သွားအောင် တွန်းအားပေးသည်နှင့်တူနေသည်။

ထိုမျှမက လင်းဘက်က တစ်ခုခုပြန်လည်ဖြေရှင်းတာကို





ကြားချင်နေသော မကြယ်စင်မှာ လင်း့,လုံးဝနှုတ်ဆိတ်ငြိမ်သက်နေသည်ကို မြင်ရသည့်အခါ ပို၍ဒေါသထွက်လာပုံရသည်။

"နောက် အဲဒါမျိုးမလုပ်ပါနဲ့ လင်းရတီ၊ ဒါ ကိုယ်ရေးကိုယ်တာကိစ္စ။ လင်း ဒီလိုလုပ်တဲ့ရည်ရွယ်ချက်က ဘာလဲ၊ တို့ကိုမလိုလားလို့လား. . . လင်းမှာ အဲဒီလိုစိတ်ဓာတ်မျိုးမရှိဘူးလို့ထင်ထားတာ၊ ခုမှ နောင်တရမိတယ်"

လင်း့,ခေါင်းငုံ့ရင်း အံကိုတင်းတင်းကြိတ်ကာ ထားလိုက်မိသည်။ ဘာရယ်မဟုတ်၊ အလွယ်တကူပြုမူလိုက်မိသောကိစ္စအသေးအမွှားလေးတစ်ခုက လင်းကို အဖတ်ဆယ်မရအောင် သိက္ခာကျစေခဲ့ပြီ။ ငြင်းဆန်တာရော၊ ရှင်းပြတာပါ ဘာမှလုပ်ချင်စိတ်မရှိတော့သလို လင်း့,ငြိမ်သက်နေလေ မကြယ်စင်က ပိုပြီးပြောလို့ကောင်းလေဖြစ်လာသည်။

"ကြယ်စင်နဲ့မိုးအခြေအနေကို လင်းရိပ်မိမှာပါ။ ဟန်နီ့ဘက်က အားပေးအားမြှောက်လုပ်တာ တို့ကိုတိုက်ရိုက်. . ."

"တော်ပါတော့ မကြယ်စင်၊ ဒီလောက်ပြောရရင် ကျေနပ်ရောပေါ့။ ဘာလို့ လင်းကိုအတင်းစွပ်စွဲတိုက်ခိုက်ချင်နေတာလဲ၊ လင်း သိတာတစ်ခုကို ကွယ်ဝှက်မထားချင်တဲ့စိတ်တစ်ခုတည်းနဲ့ ပြောလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဘာရည်ရွယ်ချက်မှ မရှိဘူး။ လင်း, ဟန်နီကျွေးတဲ့ထမင်းစားနေတာ မဟုတ်ဘူး။ ဘယ်သူ့ကိုမှ အားပေးအားမြှောက်မလုပ်ဘူး၊ ပြီးတော့ မကြယ်စင်အတွက် ဒီဖုန်းနံပါတ်က အသက်တမျှ အရေးကြီးနေမယ်လို့ မထင်ခဲ့လို့"

"ဘာပြောတယ်"

မေကြယ်စင့်မျက်နှာက သပြေသီးမှည့်လို နီရဲ ညိုပုပ်မနေသော်လည်း မျက်လုံးတွေကတော့ တဖျတ်ဖျတ်လက်အောင် ဒေါသထွက်နေကြသည်။

"မကြယ်စင် ကြားတဲ့အတိုင်းပဲ၊ ကိုမျိုးသီဟက ဒီအချိန်မှာ ဘယ်ဘက်က ပြန်ကြည့်ကြည့်၊ အားလုံးရဲ့အကြီးအကဲ၊ အုပ်ချုပ်သူပဲ။ ဝန်ထမ်းတစ်ယောက်အနေနဲ့ သူ့ဖုန်းနံပါတ်ကိုသိနေတာ ဘာဆန်းလဲ။ အဲဒီလောက်ထိ ဖြစ်ပြုနေစရာမလိုပါဘူး"

လင်း,စကားဆုံးသည်နှင့် သူမရှေ့မှ ချာခနဲလှည့်ထွက်ခဲ့သည်။ မေကြယ်စင်၏တောက်ခေါက်သံခပ်ပြင်းပြင်းက နောက်ကျောမှာ ကပ်ပါလာသလို ခံစားလိုက်ရ၏။ လင်း, အသားတဆတ်ဆတ်တုန်သည်အထိ ဒေါသထွက်နေမိသည်။ သို့သော် လင်း,ဘယ်သူ့ကိုစိတ်ဆိုးရမှန်းမသိချေ။

▣ ▣ ▣



## အခန်း (၁၉)

"အဲဒါ. . . နင်မှားတာ"

ချောချောစကားကြောင့် လင်း ပိုပြီးစိတ်ပျက်အားလျော့သွားမိသည်။

"နင်ကပါ ငါ့ကိုအပြစ်တင်နေပြန်ပြီ၊ စိတ်ညစ်ရတဲ့အထဲ"

"အစက ဒီလိုလုပ်ရင် ဒီလိုတွေဖြစ်လာတတ်တယ်လို့ ကြိုပြီးမစဉ်းစားဘူးလား။ ဟိုက ဒီကိစ္စနဲ့ပတ်သက်ပြီး မှန်နေတာ၊ နင်ကအားခုတ်ရာ လက်ဝင်လျှိုတာကိုး"

ချောချောပြောတာလည်း မမှားချေ။ ကိစ္စတစ်ခုလုံး၏ အစ



www.burmeseclassic.com

www.burmeseclassic.com



အဆုံးကိုပြန်စဉ်းစားလျှင် လင်း့တစ်ယောက်တည်းသာ အပြစ်အရှိဆုံးလူ ဖြစ်လာရသည်။

"အဲဒီတော့ ငါဘာလုပ်ရမလဲ"

"ဘာမှမလုပ်နဲ့၊ ငြိမ်ငြိမ်ပဲနေလိုက်။ နင့်ကို ဟိုလူနဲ့အစွပ်စွဲမခံရတာပဲ ကံကောင်းတယ်လို့မှတ်"

"ဟုရေးရေ့! နင်ပြောပုံဆို ငါက ကြံဖန်ပြီး ဝမ်းသာရမှာပေါ့။ ဟုတ်လား"

လင်းက ရင်ဘတ်လေးကိုဖိရင်း အထိတ်တလန့်ပြောလိုက်တော့၊ ချောချောက 'ဒါပေါ့ဟဲ့' ဆိုပြီး ခေါင်းညိတ်ပြလေသည်။

"စိတ်ညစ်ပါတယ်ဟယ်။ အဆောင်မှာနေရတာ စိတ်ညစ်တာက တစ်မျိုး။ အလုပ်ထဲမှာ စိတ်ရှုပ်တာကတစ်မျိုး။ ငါတော့ ရူးချင်လာပြီ"

"ငါကတော့ ဟိုတစ်ယောက်ကို လုံးဝမကျေနပ်ဘူး"

ခါးထောက်ပြီး ဒေါနှင့်မောနှင့်ပြောလိုက်သော ချောချောပုံစံကြောင့် လင်း့ကြောင်တောင်တောင်ဖြစ်သွားသည်။ ဘေးဘီကို ဝေ့ဝဲကြည့်ရင်း. . .

"ဘယ်တစ်ယောက်လဲဟဲ့။ အဆောင်မှူး ဒေါ်အေးရီလား"





"ဘယ်က ဒေါ်အေးရီလဲ။ ငါပြောတာ နင်တို့ဟိုလူ"

"ဘယ်လူတုန်း"

"မျိုးသီဟဆိုတဲ့လူပေါ့။ သူ မအူမလည်တွေ လျှောက်လုပ်နေလို့ အခုလိုဖြစ်နေကြာတာ"

ချောချောစကားကြောင့် လင်း့မေ့လျော့နေခဲ့သော တရားခံတစ်ယောက်ကို သတိရလိုက်မိတော့သည်။

ကျေးဇူးတင်ပါတယ်. . . သူငယ်ချင်း။

တကယ်ဆို ဒီကိစ္စတွေမှာ လင်း့သူ့ကိုအပြစ်ရှိသူတစ်ယောက်အဖြစ် စာရင်းသွင်းဖို့မေ့နေခဲ့တာ။

တွေးရင်း မျိုးသီဟမျက်နှာကို လင်း့ဖျတ်ခနဲမြင်ယောင်လိုက်မိ၏။ အဓိပ္ပာယ်ဖော်ရခက်သော မျက်ဝန်းညိုညိုတွေ၊ နားလည်နိုင်စွမ်းမရှိပေမယ့် ဆွဲဆောင်အားအပြည့်ရှိသည်ဟု သိသာစေနိုင်သောနှုတ်ခမ်းထူထူတွေရဲ့ မပီမပြင်အပြုံးအားလုံးက မိန်းကလေးနှစ်ယောက် (အဲဒီထက် ပိုချင်လည်းပိုမယ့်လူတွေ)ကို သူ့ဆီကနေ ဘယ်မှ အာရုံလွင့်မသွားအောင် ကောင်းကောင်းပြုစားထားနိုင်ခဲ့သည်။

ထို့ပြင် ရုံးမှာ အလုပ်ကြိုးစားပြီး၊ ရိုးသားပွင့်လင်းသူ၊ အနေအထိုင်တည်တံ့သူအဖြစ် အားလုံးခင်မင်နေသောလင်း့ပင် သူ့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အပြောအဆိုတွေခံခဲ့ရပြီး မျက်စိစပါးမွေးစူးသူတွေ ပေါ်ပေါက်ခဲ့ရပြီ။

မေမိလွင်တို့အုပ်စုနှင့်တော့ ပြဿနာမရှိ။ လင်းကိုနားလည်ပေးကြသည်။ ချောချောပြောသလို လင်းကို မျိုးသီဟနှင့်မစွပ်စွဲသည့်အတွက်သာ အတော်လေးနေသာထိုင်သာရှိသည်ဟုဆိုရမည်။

အဲဒီလိုစွပ်စွဲရအောင်လည်း လင်းက စိတ်ဝင်စားနေတဲ့သူမှ မဟုတ်တာ။ သူကရော လင်းလိုမိန်းကလေးကို စိတ်ဝင်စားမတဲ့လား။ သို့သော် ဘာအဓိပ္ပာယ်မှန်းမသိသည့်အပြုံးမျိုးနှင့် သူစိုက်ကြည့်သည့်အခါတိုင်း လင်း့စိတ်လှုပ်ရှားမိသည်။

သူ့ရှေ့ရောက်လျှင်လည်း လင်း့ရှက်သလိုရွံ့သလိုလိုဖြစ်မိသည်။ ပထမဆုံး လင်း့သူ့ကိုအထင်မှားပြီး လိုက်ဆွဲစဉ်ကဆို တစ်ပတ်လောက်ကြာသည်အထိ စိတ်ထဲအမှတ်ထင်ထင်ရှိခဲ့သေးသည်။

နောက်တော့ ဟိုနှစ်ယောက်နှင့်ပတ်သက်ပြီးမှ လင်းနှင့် သူ့ကြားဆက်ဆံရေးက ဘာမှမထူးခြားခဲ့။ ကြုံရင်ကြုံသလို လင်းကို စတတ်နောက်တတ်ပြီ။ လင်းကလည်း အဲ့ဒီလိုကြုံတိုင်း ဆတ်ဆတ်ထိမခံ ပြန်ပြောနေကျသာဖြစ်သည်။

မျိုးသီဟက ဘယ်လိုလူလဲဆိုတာပင် တစ်ခါမှ လင်း့ခေါင်းရှုပ်ခံပြီး မစဉ်းစားခဲ့ဖူးချေ။ သေသေချာချာစဉ်းစားမိသောအခါတွင်လည်း





မျိုးသီဟမှာ မိန်းကလေးနှစ်ယောက်ကို တစ်ပြိုင်တည်းကြိုက်ဖို့ ကြိုးစားနေသော ခပ်ရှုပ်ရှုပ်ယောကျ်ားတစ်ယောက်အဖြစ်ကလွဲပြီး ဘာမှ ပိုမထူးလာ။ ဒီ့ထက်နည်းနည်းပိုထူးရရင်တော့ သူဟာ တစ်ဖက်သားကို ညှို့နိုင်စွမ်းသူတစ်ယောက်ပင်။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

အထဲမှာ ကြားနေရသောအသံများကြောင့် လင်း့စာအုပ်ကြီးကိုင်ရင်း အခန်းထဲ ဝင်သင့်မဝင်သင့်စဉ်းစားလိုက်သည်။

ဒီစာရင်းက အရမ်းအရေးကြီးတယ် 'မလင်း. . . ကိုမျိုးကိုမြန်မြန်သွားပေးပေးပါ'ဆိုတဲ့ ကိုကျော်ဇင်ဝင်းအမှာစကားကြောင့် မပြေးရုံတမယ်ခြေလှမ်းများဖြင့် သူ့ရုံးခန်းသို့ထွက်လာခဲ့ပြီးမှ လင်း့မဝင်ရဲဘဲ ချီတုံချတုံဖြစ်နေသည်။

ခပ်ဟဟပွင့်နေသောတံခါးမှ အထဲသို့လှမ်းကြည့်တော့ အရမ်းကို နီးစပ်ပူးကပ်နေသည့်လူရိပ်နှစ်ရိပ်ကိုတွေ့လိုက်စဉ် လင်း့ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မှဆက်မနေရဲတော့ဘဲ တစ်ချိုးတည်း ပြန်လှည့်ပြေးလာခဲ့တော့၏။

ဘုရား. . . ဘုရား. . . လင်း့လက်များတွေ အေးစက်ပြီး နူးတွေ့ပင် တုန်လို့ပါလား။ မျိုးသီဟက မေကြယ်စင်ကိုနမ်းတာ ဒီလောက်အထိ လင်း့တုန်လှုပ်ချောက်ခြားနေဖို့မသင့်ဟု ကိုယ့်ဘာသာကိုယ် ရှက်ရှက်နှင့်ပဲ အပြစ်တင်မိတော့သည်။ ဖြစ်ချင်ရာဖြစ် လင်း့ သွားမပေးတော့ဘူးဟုလည်း စိတ်ကူးလိုက်၏။

"လင်း. . ."

နောက်ကျောဘက်ဆီမှ ကြားဖူးနေကျ ညြှုရှရှခေါ်သံကြောင့် လင်းမျက်နှာတစ်ခုလုံး နွေးခနဲဖြစ်သွားရ၏။ ဘာမှမဆိုင်ဘဲ တစ်ယောက်တည်း ရှက်ရွံ့တုန်လှုပ်နေခြင်းမှာ ရယ်စရာလည်းကောင်းလှသည်။

"ဟုတ်ကဲ့"

သူဘာမှမပြောရသေးဘဲ လင်း 'ဟုတ်ကဲ့'ဟု ပြောမိပြန်သည်။ တကယ်ဆို လင်း့စာရင်းကိစ္စ အရင်ပြောရမှာကို။

"လင်း တစ်ခုခုပြောမယ်ထင်လို့ လိုက်လာတာ"

သေလိုက်ပါတော့။ လင်း့သူ့ရုံးခန်းရှေ့ရောက်ခဲ့တာရော ပြန်ထွက်လာတာရော သူမြင်သွားပြီဖြစ်လိမ့်မည်။

"ဟို. . . ဟို. . . စာရင်းလာပြတာပါ၊ မနက်က ကိုကျော်ဇင်





…း ပေးသွားတဲ့ဟာ"

သတိထားနေသည့်ကြားထဲက လင်းအသံက တုန်ချင်နေသည်။

"အရေးကြီးတယ်တဲ့"

"ဟုတ်လား၊ ဒါနဲ့များ ချက်ချင်းလာပေးတာမဟုတ်ဘူး"

လင်း့ဘာပြန်ပြောရမှန်းမသိဘဲ သူ့မျက်နှာကို ဖျတ်ခနဲမော့ …ကြည့်လိုက်မိသည်။ သူကတော့ လုံးဝတည်ငြိမ်အေးစက်နေသည်။ …တင်းစေ့ထားတဲ့ သူ့နှုတ်ခမ်းတွေဆီ ဘာရယ်မဟုတ် လင်း့ငေး …ကြည့်နေစဉ်မှာပင် သူ့မျက်လုံးက စာရွက်ပေါ်မှခွာကာ လင်း့ဆီ …ခနဲရောက်လာတာမို့ လင်း့ကပျာကယာ ခေါင်းငုံ့ချလိုက်မိသည်။

သူ့မျက်နှာက လင်းထံမှ ချက်ချင်းလွှဲမသွားတာကို အလိုလို …နေသည့်အတွက် လင်း့လက်နှစ်ဖက်ကို အကြောင်းမရှိအကြောင်းရှာ …ညှစ် ချိုးဖွဲ့နေမိပြန်၏။

သူ့ထံမှ သက်ပြင်းချသံလိုလို ရယ်သံလိုလို အသံတစ်ချက် …လာသည်။ ဖြူသွယ် ရှည်လျားသော သူ့လက်တွေနဲ့ စာအုပ်ပေါ် …ကိုင်ထားတာကို လင်း့ငေးစိုက်ကြည့်နေစဉ်မှာပင် . . .

"ကိုယ် ဒီစာအုပ်ယူသွားမယ်နော်။ ကျော်ဇင်ဝင်းလာရင် …ဆီလွှတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး လင်းရှေ့မှ လှည့်ထွက်သွားတော့၏။ စတိုင်...
အနက်ရောင်နှင့် မိုးပြာရောင် တီရှပ်လက်ရှည်စင်းကို ဝတ်ထား...
သူ့ရဲ့နောက်ကျောပြင်ကိုငေးရင်း လင်း,ကျန်နေခဲ့သည်။

ခဏကြာသောအခါ သူ့ရုံးခန်းထဲမှ မေကြယ်စင် ထွက်...
သည်။ သူမမျက်နှာကို အမှတ်မထင်လှမ်းကြည့်လိုက်မိသောအခါ...
လည်း ထူးထူးခြားခြား ဘာအရိပ်အယောင်မှမတွေ့ရချေ။

သို့သော် ခါတိုင်းထက် ပိုမိုလတ်ဆတ်တောက်ပနေ...
မျက်လုံးများကတော့ ပျော်ရွှင်ကြည်နူးခြင်းကြောင့် အရောင်တဖျ...
လက်နေသယောင်ထင်ရ၏။

ပို၍သေချာသွားစေသည်ကတော့ သူမသည် ငါးမိနစ်...
အချိန်အတွင်းမှာပင် မှန်ကိုနှစ်ခါလောက်ကြည့်ပြီး နှုတ်ခမ်းနီ...
သေချာချာဆိုးနေခြင်းပင်ဖြစ်လေသည်။

လင်းနှင့်မျက်လုံးချင်းဆုံမိသောအခါ ပြီးခဲ့တဲ့ရက်သတ္တ...
စကားအချေအတင်ဖြစ်ခဲ့ဖူးသည်ကို လုံးဝသတိမရတော့သလို...
ပြုံးပြသည့်အခါ ဒီမိန်းမ အချစ်နဲ့တွေ့တာ သေချာလောက်ပြီ...
မှတ်ချက်ချလိုက်မိတော့သည်။

▣ ▣ ▣



## အခန်း (၂၁)

ဒီနေ့တနင်္ဂနွေအလုပ်ပိတ်ရက်။ ချောချောကလည်း သူ့အိမ်ကမှာလို့ မုံရွာပြန်သွားပြီ။ ပြန်လာမယ်တော့ ပြောသွားသည်။ ဒါပေမဲ့ မသေချာလှ။ သူငယ်ချင်းမရှိတော့ အဆောင်မှာနေရတာ တစ်ယောက်တည်း ငြီးငွေ့လာသည်။

နောက်ပြီး အဆောင်မှူးနှင့် လင်းက သိပ်ပြီးအဆင်ပြေတာမဟုတ်။ ဒါကြောင့် မိုးလင်းကတည်းက ရေချိုး အဝတ်အစားလဲပြီး အဆောင်ရှာမယ်ဆိုတဲ့ရည်ရွယ်ချက်နှင့် ထွက်လာခြင်းဖြစ်သည်။

လမ်းလျှောက်လာရင်း လူတွေရှုပ်တဲ့အဆောင်မှာ မနေဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်အိမ်လေးတစ်လုံးရှိလျှင် ကောင်းမည်ဟု ပိုက်ဆံမပေးရတိုင်း စိတ်ကူးယဉ်နေမိသည်။ နောက်ဆုံး ဂျာနယ်ထဲမှာ ကြော်ငြာတွေ့ရသော အမျိုးသမီးသီးသန့်အဆောင်ကို သွားစုံစမ်းရန် ဆုံးဖြတ်ချက်ချလိုက်ရတော့၏။

"လင်း"

"ဟယ်!"

လင်း၊ရေခဲမုန့်စားနေတုန်း မမျှော်လင့်ဘဲ မိုးသိဟကို ဘွားခနဲ တွေ့လိုက်ရသောကြောင့် ရုတ်တရက်မို့ အံ့ဩသွားမိသည်။ 'ဟယ်ခနဲ' ရေရွတ်ရင်း ဘာလက်စရေခဲမုန့်ကို လင်း၊ကယောင်ကတမ်းပစ်ချတာ မြင်တော့ သူက ဟက်ဟက်ပက်ပက်ရယ်လေသည်။

"ဘယ်သွားမလို့လဲဟင်"

"ဟာ"

မေးခွန်းတစ်ခုကို နှစ်ယောက်ပြိုင်တူမေးလိုက်မိပြီးမှ အိုးတိုး အန်းတန်းဖြစ်သွားရ၏။ လင်း၊ဘာမှမပြောဘဲ ငေးကြောင်ကြည့်နေစဉ် မှာပင် သူက. . .

"ကိုယ်မေးတာအရင်ဖြေ၊ ကိုယ်က လင်းတစ်ယောက်တည်း အဲဖော်မပါတော့ အံ့ဩပြီး သိချင်စိတ်နဲ့မေးတာ၊ လင်းက မလွဲသာလို့





တွေ့ရားအရမေးတာ။ ဟုတ်တယ်မဟုတ်လား"

လင်း၊ယောင်ရမ်းပြီး ခေါင်းညိတ်မိတော့ သူရယ်ဖြန်၏။

"အင်း၊ အဲ၊ မဟုတ်ပါဘူး။ လင်းလည်း ဒီနေရာမှာ ကိုမျိုးသိဟကို တွေ့ရလိမ့်မယ်လို့ ဘယ်ထင်မှာလဲ။ အံ့ဩသွားတာပေါ့"

သူက ရယ်နေရင်းမှ လင်းမျက်နှာကိုစူးစိုက်ကြည့်ကာ. . .

"လင်းက အံ့ဩရုံပဲ။ ကိုယ်က ဝမ်းသာသွားတာ"

ဟုပြောလိုက်တော့ လင်းအလိုမကျစွာ မျက်မှောင်ကြုတ်လိုက်မိသည်။ သူက သူ့စကားကို လင်း၊သဘောကျတာ၊ မကျတာကို အရေးစိုက်သည့်အပြင်. . .

"ဟုတ်တယ် လင်းရဲ့။ ကိုယ် လင်း၊ကို အခုလို အပြင်မှာ အေးအေးဆေးဆေးတွေ့ချင်နေတာ"

ဟုထပ်ပြောသောအခါ လင်း၊သူ့ကိုဇဝေဇဝါပြန်ကြည့်လိုက်မိသည်။

"အချိန်ရတယ်မဟုတ်လား၊ တစ်ခုခုသွားစားရအောင်"

လင်းက အကျင့်ပါနေကျအတိုင်း လက်မှနာရီကိုငုံ့ကြည့်ရင်း မှုလိုက်မိသည်။ သူ့ကိုငြင်းဖို့အကောင်းဆုံးအကြောင်းပြချက်ကို လင်း ရှာတွေ့သွားချေပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဖူးပဲ ကိုမျိုးသီဟ၊ ခုမှ ကိုးနာရီပဲရှိသေးတယ်။ လင်း ဘာမှမစားချင်သေးဘူး။ ပြီးတော့ အဆောင်စုံစမ်းဖို့ကိစ္စလည်း ရှိသေးတော့. . ."

လင်း့စကားမဆုံးခင် သူက ကြားဖြတ်ဝင်ပြောသည်။

"အဲဒါကိစ္စမရှိပါဘူး လင်းရဲ့။ ကိုးနာရီဆိုရင် ဆိုင်မှာ နှစ်နာရီလောက် စကားထိုင်ပြောမယ်လေ။ ဆယ့်တစ်နာရီလောက်ဆိုရင်တော့ လင်း၊ နေ့လယ်စာ မဖြစ်မနေစားမှာပဲဥစ္စာ၊ အဆောင်စုံစမ်းတဲ့ကိစ္စလည်း ကိုယ်ကူညီပေးလို့ရပါတယ်။ လင်း့ဘယ်သွားသွား အချိန်မီပို့ပေးလို့ရတယ်. . . ဒီမှာတွေ့လား"

လက်ထဲမှ ကားသော့ကိုမြှောက်ပြရင်း ပိုင်ပိုင်နိုင်နိုင်ပြောချလိုက်သော သူ့စကားအဆုံး လင်း့နည်းနည်းတော့ ငိုင်သွားရသည်။

လင်းဘက်ကသာ သူ့ကို တစ်ဖက်သတ်အမြင်ကပ်ကာ စိမ်းသက်နေခဲ့သော်လည်း သူ့ပုံစံက အလယ်တန်းကျောင်းသားဘဝကတည်းက ခင်မင်လာသူတစ်ယောက်၏ကျွမ်းဝင်မှုနှင့် လင်းကိုတရင်းတနှီးဆက်ဆံသည်ကိုတွေ့ရသောအခါ လင်း မအံ့သြဘဲမနေနိုင်။

နောက်ဆုံး ဘယ်လိုမှငြင်းလို့ရမည့်ပုံစံမျိုးမပေါ်သည့်အတွက် လင်း၊ သူနှင့် ဆိုင်တစ်ဆိုင်မှာ လိုက်ထိုင်ဖြစ်ခဲ့သည်။ ထိုအချိန်တွင်





ဘယ်လိုမှထင်မှတ်မထားသည့်မေးခွန်းကို သူက ကောက်ခါငင်ခါ ...လေသည်။

"လင်း၊ ကိုယ့်ကိုဘယ်လိုမြင်လဲဟင်"

သောက်လက်စကော်ဖီခွက်ကို ကမန်းကတန်းပြန်ချပြီး သူ့ကို ...လုံးပြူးကြည့်တော့. . .

"ယောကျ်ားတစ်ယောက်လိုမြင်တယ်တော့ မဖြေနဲ့နော်၊ လင်း ...ထဲမှာ ကိုယ့်ကိုဘယ်လိုသဘောထားလဲ၊ ကိုယ်ဘယ်လိုလူစားမျိုး ...ဆိုတာ အမှန်အတိုင်းဖြေစေချင်တာ"

ဟု ထပ်ပြောသည်။

သူမေးသောမေးခွန်းမှာ အဖြေရခက်လှသည်။ သူမဟုတ်တဲ့ ...ခြားတစ်ယောက်ယောက်က သူ့အကြောင်းမေးလာလျှင်တော့ ဖွည်း ...အရှိန်အဝါနဲ့ မကြောင့်မကြ ဘဝကိုဖြတ်သန်းနေပြီး ရုပ်ရည်အား ...နဲ့ ရှုပ်ရှုပ်ပွေပွေနေတဲ့လူတစ်ယောက်လို့ အားမနာတမ်းအတင်းပြော ...က်မှာဖြစ်ပေမယ့် သူ့ရှေ့မှာကျတော့ လင်း့ဘယ်လိုမှအမှန်အတိုင်း ...ပြောမထွက်ပါ။

လင်း့ခေါင်းငုံ့ပြီး အတန်ကြာစဉ်းစားရင်းမှ 'လင်းကတော့ ...ကိုသဘောကောင်းတဲ့လူတစ်ယောက်လို့မြင်တယ်"လို့ဖြေရန် အရှိန်



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်စဉ်. . .

"မဖြေနဲ့တော့ လင်း ရဗြိ. . . ကိုယ် လင်းအဖြေကို သိလိုက်ပြီးပြီ"

"ဘယ်လို! လင်း ဘာမှမှ မဖြေရသေးတာ"

"မဖြေရသေးပေမယ့် သိပါတယ်။ လင်း စဉ်းစားတာပဲ ငါးမိနစ်ကျော်ကျော်လောက် ကြာသွားတယ်။ ကိုယ့်စိတ်ထင်ပြောမယ်ဆို သာမာန်အဖြေမျိုးဆို လင်း တစ်မိနစ်အတွင်းဖြေမှာပဲ၊ နည်းနည်းဗွိဟဖြစ်နေတဲ့ အဖြေနှစ်ခွမျိုးဆိုရင်တော့ နှစ်မိနစ်ကျော်ကျော်လောက်မှာ တစ်လုံးချင်း စဖြေလိမ့်မယ်။ အဲ. . . ပြောလို့မကောင်းတဲ့ ခပ်ဆိုးဆိုးအဖြေမျိုးဆိုရင်တော့ ဖြေရမှာ ချီတုံချတုံဖြစ်နေတာရယ်၊ ပြောသင့်မပြောသင့်စဉ်းစားနေတာရယ်ဆို လေးမိနစ်ကျော်၊ ငါးမိနစ်ကြာသွားနိုင်တယ်လေ။ နောက်ဆုံး ဆယ်စက္ကန့်လောက်မှာတော့ မဖြစ်မနေပြောဖို့ အဖြေတစ်ခု အစားထိုးစဉ်းစားရတယ်။ ကဲ, အခု လင်း ဖြေမှာ နောက်ဆုံးစက္ကန့်ပိုင်းမှာ စဉ်းစားလို့ရတာမဟုတ်လား"

သူ့စကားအဆုံး လင်း နှစ်လိုစွာပြုံးလိုက်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ လင်းက ကိုမျိုးသီဟကို သဘောကောင်းတဲ့





လူတစ်ယောက်လို့ဖြေမလို့။ ဒါပေမဲ့ အခု တစ်မျိုး ထပ်တိုးရလိမ့်ဦးမယ်၊ အဲဒါဘာလဲဆိုတော့ ရှင်က ခင်ဖို့ကောင်းပြီး လိမ္မာပါးနပ်တဲ့လူ တစ်ယောက်ပဲ"

"ဒါဆို လင်း ကိုယ့်ကိုခင်တယ်ပေါ့၊ အမြင်မကပ်တော့ဘူးပေါ့နော်"

လင်း ခေါင်းညိတ်ရမလို ခေါင်းခါရမလိုဖြစ်သွားသည်။ လင်း သူ့ကို တစ်စုံတစ်ခုပြန်ပြောဖို့ပြင်လိုက်စဉ်မှာပင် သူ့ဟန်းဖုန်းမှ စူးရှူးရှူးထမြည်လာသည့်အသံကို ကြားလိုက်ရ၏။

"ဟလို, ဩော်. . . ကြယ်စင်လား"

သူ့အသံကြောင့် လင်း ကိုယ်လေး ဆတ်ခနဲတောင့်မတ်သွားသည်။ ခုန ပေါ့ပါးလွတ်လပ်နေသောစိတ်မှာ ရုတ်ချည်းပင် လေးလံကျုပ်ခဲလာသလို ခံစားလိုက်ရ၏။

"အခုလား။ အခုဆိုရင်တော့ မအားသေးဘူး"

တစ်ဖက်မှအသံကို မကြားရပေမယ့်၊ သူ့ကို တစ်နေရာရာကို ခေါ်နေမှန်း သိသာပါသည်။

"သူငယ်ချင်းနဲ့၊ အင်း. . . ဟုတ်တယ်၊ မိန်းကလေး"

ပြောရင်း, လင်းဘက်ကိုလှည့်ကြည့်တော့ လင်း မျက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ကြုတ်ပစ်လိုက်သည်။ သူ့နှုတ်ခမ်းက ပြုံးယောင်သမ်းနေသည်။

"လင်းရတီနဲ့အတူတူရှိနေတာ၊ စကားပြောဦးမလား" ဟုလို

တစ်ဖက်က ချက်ချင်းဖုန်းချသွားပုံပေါ်သည်။ သူက ဟက်ခနဲတစ်ချက်ရယ်ရင်း ဖုန်းကို ခုံပေါ်ပြန်တင်ပြီး လင်းကိုလှမ်းကြည့်၏။

လင်း့နှုတ်ခမ်းကိုခပ်ဖွဖွကိုက်ပြီး မျက်မှောင်ကြုတ်ထားတာမြင်လျှင်. . .

"ဘာဖြစ်တာလဲ၊ ခုနပဲ အကောင်းကို"

ဟု အူကြောင်ကြောင် ထမေးလေသည်။

"ရှင် အဲ့ဒီလိုမပြောသင့်ဘူး၊ သိရဲ့လား"

"အမှန်အတိုင်း ပြောလိုက်တာလေ"

ကြည့်စမ်း! ဘယ်လောက် ဆိုးဝါးပြင်းထန်သည့်အမှန်တရားလဲ။

"ရှင်ဘယ်လိုလူလဲ ကိုမျိုးသီဟ"

လင်းရဲ့ဆောင့်စူးစူးအော်သံအဆုံး သူက သောက်လက်စကော်ဖီကို အေးအေးဆေးဆေးဆက်သောက်ရင်း လင်းကို ထုံပေပေပြန်ကြည့်လေသည်။ လင်းနှုတ်ခမ်းကို မထိတထိကိုက်ရင်း မျက်လွှာချကာ မျက်နှာလွှဲပစ်လိုက်သည်ကိုမြင်လျှင် သူသဘောကျစွာ ရယ်လေတော့၏။





"လင်း့ ခုနပဲပြောတယ်လေ၊ ကိုယ်ဘယ်လိုလူလဲဆိုတာ"

လင်း့မျက်နှာလွှဲပြီး ခေါင်းငုံ့နေရင်းမှ သူ့ကိုရှုတည်တည်စိုက်ကြည့်ပစ်လိုက်သည်။

"ရှင့်ကို အကြံတစ်ခုပေးချင်တယ်၊ အမှန်တကယ်ခင်တဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ပေါ့"

လင်းစကားကြောင့် သူ့မျက်နှာက အလွန်အံ့ဩသွားဟန်မျက်ခုံးကို တမင်တကာပင့်ပြီး ပြန်ကြည့်၏။

"စီးပွားရေးကိစ္စနဲ့ပတ်သက်လား"

"မဟုတ်ဘူး၊ လူမှုရေး"

"ဘယ်လို"

ရယ်ဟဟမေးလိုက်ပေမယ့် အမှန်တကယ်အံ့ဩသွားတာမို့ သူ့မျက်လုံးတွေက အရောင်တချို့လက်သွားသည်ကို လင်း့တွေ့လိုက်ရလေသည်။

"ရှင့်တစ်ခုခုကို ပြတ်ပြတ်သားသားဆုံးဖြတ်သင့်ပြီ ကိုမျိုးသီဟ"

"ဘာရယ်. . . ကိုယ်က ဘာကို ပြတ်ပြတ်သားသားဆုံးဖြတ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''အိပ်ချင်ယောင်ဆောင်တဲ့လူက နှိုးရခက်တယ်တဲ့၊ ရှင်က အိပ်ချင်ယောင်ဆောင်ရင်းနဲ့ တစ်ခါတည်းအိပ်ပျော်အောင် ကြိုးစားနေတာပဲ''

ယခုအချိန်အထိ သူ့မျက်လုံးတွေက ပြောင်းလဲမှုမရှိသေးတာမို့ လင်း,အသည်းယားနေမိသည်။

''ရှင် တကယ်မသိဘူး၊ နားမလည်ဘူးဆိုရင်လည်း ထားလိုက်ပါတော့။ လင်း, သွားတော့မယ်၊ အချိန်မရလို့''

ပြောပြောဆိုဆို လင်း,ထိုင်နေရာမှ ထရပ်တော့၊ သူက အေးအေးဆေးဆေးပင် ခေါင်းညိတ်ပြရင်း ကျန်ခဲ့လေသည်။ လင်း,စိတ်ဆိုးသွားသည်ကို ဂရုမစိုက်ခြင်းပဲလား၊ တမင် မသိကျိုးကျွံပြုခြင်းပဲလား မသိ။

လင်း,ဆိုင်ဝအရောက်တွင် ကိုယ်လိုက်ပို့ရဦးမလားဟု လှမ်းမေးသေးသည်။ လင်း,ကြားပေမယ့် မကြားဟန်ဆောင်ကာ ဆက်လျှောက်လာခဲ့၏။ သူ့ဘာသာသူ ဘယ်လိုဆုံးဖြတ်ဆုံးဖြတ် ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့ဟု မကျေမနပ် တီးတိုးရေရွတ်မိသေးသည်။

▣ ▣ ▣



## အခန်း (၂၂)

ရုံးခန်းထဲသို့ စဝင်လိုက်ကတည်းက ထူးခြားတဲ့အငွေ့အသက်တချို့က သူမအား စူးစူးရှရှကြိုဆိုလိုက်သလို ခံစားရလေသည်။ လုံးဝတိတ်ဆိတ်နေသည်မဟုတ်သော်လည်း သာမာန်ထက် တိုးလျှည်းသောစကားပြောသံတို့ကြောင့် ဘာမှန်းမသိသောထူးဆန်းခြင်းဟု တိတ်တဆိတ်မှတ်ချက်ချလိုက်သည်။

ရေစက်လက်စိုနေသောထီးကို ပလက်စတစ်ပုံးမှာစိုက်ပြီး နေရာသို့လျှောက်လာစဉ် အတန်တန်သတိထားနေသည့်ကြားထဲမှ မျက်ကြယ်ခင့်မျက်နှာကို အမှတ်မထင်လှမ်းကြည့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အောက် အဖြူရောင်အပါးစ အပွင့်စလေးကို မြန်မာ ဆန်ဆန်ဝတ်ထားသော မေကြယ်စင့်အသွင်က ယခင်နေ့များထက် ပို ပိုတောက်ပကာ သစ်လွင်ထင်ရှားနေ၏။ မြန်မာဆန်ဆန် ရင်ဖုံးအကျီ နှင့် ထမီဝတ်ထားသော်လည်း သူမမျက်နှာမှာ ပြုံးပြက်လင်းလက်နေ သည့်အဆင်အပြင်များကြောင့် တစ်မျိုးလေးလှပနေသော မေကြယ်စင့် ကို လင်း.ပင် ငေးခနဲဖြစ်သွားရသည်။

သူမလှမ်းကြည့်နေသည်ကိုမြင်သော မေကြယ်စင်က မျက်လွှာ ကို လှလှပပလေးပင့်တင်ရင်း ခေါင်းမော့ကြည့်သည်။ ပုလဲနှစ်ရောင် လင်းတောက်နေသည့် စိုစိုအိအိနှုတ်ခမ်းတို့ကို တင်းတင်းစေ့ရင်း ပြုံး ပြလာသောအခါ လင်း.မှာ အူကြောင်ကြောင်နှင့် ဟီးခနဲရယ်ပြလိုက် ရလေသည်။

''မထိုက်''

လေသံနှင့် နှစ်ကိုယ်ကြားရုံ တိုးတိုးလေးကပ်ခေါ်လိုက်ပေမယ့် မေမိလွှင်ကပါ လင်း.ကို လှည့်ကြည့်၏။

''ဒီနေ့ မကြယ်စင် တစ်ခုခုထူးခြားနေသလိုပဲနော်''

''အမလေး' တစ်ခုခု မကဘူး။ အခုပေါင်းမြောက်များစွာ ထူး ခြားနေတာ။ ဒီမနက် သူက ကိုမျိုးသီဟ.ကားနဲ့လာတာ၊ အရင်နေ့





တွေထက်လည်း အလှပိုပြင်လာတယ်။ ကိုမျိုးသီဟကလည်း ဒီနေ့မှ လည်ကတုံးနဲ့ပုဆိုးနဲ့။ ဘာစိတ်ကူးတွေ ပေါက်လာကြလဲမသိဘူး''

မေမိလွှင့်စကားအဆုံး ထိုက်ထိုက်က မျက်ခုံးပင့်ရင်း ခေါင်း ကို ခပ်ဖြည်းဖြည်းညိတ်နေသည်။ တစ်ခုခုကိုအတွေးပေါက်သလို ဖြည်း ဖြည်းချင်းပြုံးလာကာ. .

''ဟဲ့! ထိုက်ထိုက်၊ မဟုတ်မှလွဲရော''

''အမယ်လေးဟဲ့၊ သေချာလိုက်တဲ့စကား. . . မဟုတ်မှတော့ လွဲပြီပေါ့၊ ဘာတွေ ရှေ့ဆက်တော်စူးရောက်ပြီး အတွေးတွေ ပေါက်လာ ပြန်ပြီလဲ''

မေမိလွှင်၏ နောက်ရွှတ်ရွှတ်စကားကို ထိုက်ထိုက်က ဘာမှ ပြန်မပြောဘဲ ခုနပုံစံအတိုင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ. . .

''သူတို့နှစ်ယောက် ချစ်သူတွေဖြစ်နေပြီလို့ ငါထင်တယ်။ အလုပ်ကိုမလာခင် သူတို့နှစ်ယောက် ဘုရားသွားခဲ့တဲ့ပုံပဲနော်''

ဟု ပြောလေသည်။

''နေဦး. . . ငါပြောဦးမယ်''

အလုပ်ကိုအာရုံစိုက်နေလိုလိုနှင့် တစ်ချိန်လုံးငြိမ်သက်နေသော အေးသီရိကျော်မှာ သူမတို့စကားဝိုင်းကို မသိမသာဒိုးနားထောင်နေရင်း



www.burmeseclassic.com

www.burmeseclassic.com



မှ မနေနိုင်တော့သလို ဝင်ပါလာပြန်သည်။

"နေပါတယ်၊ ဘယ်မှမသွားပါဘူး. . . သူကတစ်မျိုး"

"အံမယ်. အရေးကြီးတဲ့ အထူးသတင်းပါနော်။ နားမထောင်ချင်လည်းနေကြ၊ မပြောတော့ဘူး"

ဒီလိုဆိုတော့ စပ်စုတတ်သောမိန်းကလေးများပီပီ မနေနိုင်ကြပြန်။

"ဟဲ့၊ အဲ့လိုတော့မလုပ်နဲ့လေဟယ်။ နိုင်လုံတဲ့သတင်းရပ်ကွက်က ကြားခဲ့တာဆို သိချင်တာပေါ့"

ထိုက်ထိုက်စကားအဆုံး အေးသီရိကျော်က မျက်စောင်းလှည့်ထိုးသည်။

"မနက်ကလေ"

"အင်း. . . ပြော"

"ငါလာတော့လေ"

"အေး. . . ဘာဖြစ်တုန်း"

"သူတို့နှစ်ယောက် ကားနဲ့ဝင်အလာပေါ့ဟယ်"

"ဟုတ်လား. . . ဘာတွေ့ခဲ့လဲ"

"ဟဲ့မေမိ၊ နင်က ငါ့စကားကို ဘာလို့ တစ်ခွန်းချင်းလိုက်





ထောက်နေတာလဲ"

"ဟင်! ငါဘယ်မှာထောက်လို့တုန်း"

"နင်ပဲ အင်း. . . အဲနဲ့ လိုက်ပြောနေတာ"

အေးသီရိကျော်စကားကြောင့် အားလုံး တခိခိကြိတ်ရယ်လိုက်မိကြသည်။ မေမိလွင်က နှုတ်ခမ်းကိုစုပစ်လိုက်ကာ. . .

"နင်က စကားကိုတစ်ခါတည်းမပြောဘဲ တစ်ဖြတ်ချင်းပြောနေတော့ ငါက နင်ပြောရတာ အားရှိအောင် ထောက်ပေးရတာပေါ့ဟဲ့"

ဟုပြန်ပြောလိုက်ပါသည်။

"ကဲပါ၊ အရေးထဲမှ လိုရင်းမရောက်တော့ဘူး"

"အေးလေ၊ ခုနကစကား ဘယ်ရောက်၊ သြော်.သိပြီ ကားနဲ့ဝင်အလာ ကားပေါ်ကဆင်းတော့ ကိုကျော်ဇင်ဝင်းက လှမ်းပြီးစတာဟဲ့"

"နင့်ကိုလား"

"ဘာကိစ္စ ငါ့ကိုစမှာလဲ၊ သူတို့အတွဲကိုစတာ"

"ပြောစမ်း! ပြောစမ်း! ဘယ်လိုစတာလဲ"

"ကိုမျိုးတဲ့. . . ဘယ်လိုလဲ အဆင်ပြေလားတဲ့"

အေးသီရိကျော်စကားအဆုံး အားလုံးမျက်နှာက အဖျားရှူးသော သည်းထိတ်ရင်ဖိုဇာတ်လမ်းကြည့်ပြီးသွားသူလို စိတ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



အားလျော့ဟန်နှင့် ရှုံ့မဲ့သွားကြတော့သည်။

"ဟယ်, နှင့်ဟာကလည်း၊ သူတို့က အလုပ်ကိစ္စလှမ်းမေးတာ ဖြစ်မှာပေါ့၊ ကိုယ်လိုရာ ဆွဲတွေးလို့ဖြစ်ပါမလား"

"စကားကိုဆုံးအောင်နားထောင်၊ အဲ့ဒီအချိန်မှာလေ, မကြွယ်စင်ရဲ့မျက်နှာက ဝတ္ထုထဲက စာသားတွေလိုပြောရမယ်ဆိုရင် စတော် ဘယ်ရီရောင်လားဘာလား. . . အဲဒီလိုအရောင်တွေသမ်းပြီး မှုန့်တင် လေးပြူး. . . ခေါင်းကို စလိုးမိုးရှင်းနဲ့ငုံ့သွားတာ"

"အဲ့ဒါ ဒီနှာခေါင်းနဲ့ အဲလေ. . . ဒီမျက်လုံးနဲ့ ဆက်ဆက်မြင် ခဲ့တယ်ပေါ့"

ထိုက်ထိုက်စကားအဆုံး အေးသီရိကျော်က စာအုပ်နှင့်ပိုး ရိုက်သည်။

"အကောင်းနဲ့လည်း ပြောပြရသေးတယ်၊ ငါ့ကိုများ"

ဟု စူပုပ်ပုပ်ပြောလိုက်သေးသည်။

"ဒါနဲ့ ဟန်နီရော"

"အင်း, မနက်ကတည်းက ကိုမျိုးသီဟအခန်းထဲ ဝင်သွား လေရဲ့"

"ဟင်!"





သူမတို့အားလုံး ဘယ်လိုနေသည်မသိ။ လင်း,ကတော့ တအံ့ တသြဖြစ်သွားတဲ့မျက်နှာဖြင့် မကြွယ်စင့်ဘက်သို့လှမ်းကြည့်မိသွား သည်။ ထိုစဉ် သူမကိုပြန်မော့ကြည့်လာသော မကြွယ်စင့်မျက်လုံးများ နှင့် တည့်တည့်ဆုံမိသောအခါ. . .

"လင်း,ရေ၊ ခဏလောက်"

ဟုလှမ်းခေါ်လိုက်၏။ လင်း,မှာ ယခုမှ သူမအတင်းကို ပယ် ပယ်နယ်နယ်ပြောသည့်စကားဝိုင်းထဲမှ ထလာရသူမို့ အနည်းငယ် ရှိုးတို့ ရှုန်းတန်းဖြစ်နေသည့်မျက်နှာကို ဖွတ်အတင်းပြုံးပြီး မကြွယ်စင့်ရှေ့ သို့ သွားရလေသည်။

"ဘာကိစ္စရှိလို့လဲ မကြွယ်စင်"

"သြော်, တခြားတော့မဟုတ်ပါဘူး။ ဒီနေ့က ကြွယ်စင့်မွေးနေ့ လေ။ အဲဒါ ညနေရုံးဆင်းရင် ဒီကလူတွေအားလုံးကို တစ်ခုခုလိုက် ကျွေးချင်လို့။ မနက်ကတော့ မျိုးနဲ့ဘုရားသွားပြီးပြီလေ။ အဲ့ဒါ ညနေ တော့ လင်းတို့လိုက်ခဲ့ရမယ်နော်"

ဟုပြောလိုက်သောအခါ လင်း,မှာ အံ့သြလွန်းသောကြောင့် ခေတ္တမျှတွေဝေနေပြီး အတန်ကြာမှ ကပျာကယာခေါင်းညိတ်ပြလိုက် ရလေတော့၏။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ဒီနေ့ ဟန်နီ ခွင့်ယူတယ်တဲ့။ အဲဒါ မျိုး အပြင်သွားဖို့ကိစ္စ နှင့် လင်း့လိုက်သွားပေးလိုက်နော်"

"ဟုတ်ကဲ့"

လင်း့သက်ပြင်းတစ်ချက်ကြိတ်ပြီး ချလိုက်မိသည်။ တော်သေး နဲ့၊ လင်းကို မျိုးသီဟနှင့်သဝန်တိုတာ ဘာညာမရှိပေလို့။ အင်းလေ သူတို့အချင်းချင်း ပြေလည်နေမှပဲ. . . စသဖြင့် ရောက်တတ်ရာရာတွေ လျှောက်တွေးရင်း ရုတ်တရက် ဘာအကြောင်းမှမရှိဘဲ ခွင့်ယူသော ဟန်နီ့ကိုလည်း အံ့သြရမလိုလိုဖြစ်နေမိသည်။

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



"မေမိ . . . ဒီနေ့ ဟန်နီ ခွင့်ယူထားတယ်နော်။ ဘာဖြစ်လို့လဲမသိဘူး။ ကေ့ခ္တ ဟိုကိစ္စကြောင့်များလား"

လင်း,စကားအဆုံး မေမိလွင်က စာရိုက်နေရင်းမှ ခေါင်းရမ်းပြသည်။ မဖြစ်နိုင်ဘူးဟုပြောတာလား။ မသိဘူးဟုပြောချင်တာလားတော့မသိ။ လင်း,မမေးဘဲ ကိုယ့်တာသာကိုယ်ငြိမ်ပြီး စဉ်းစားနေမိသည်။

မနေ့က ဟန်နီ့ပုံစံက စိတ်ညစ်စိတ်ရှုပ်နေသည့်ပုံစံမျိုးလည်းမတွေ့ရခဲ့။ ထိုပြင် နေထိုင်မကောင်းဖြစ်တာမျိုး၊ ခေါင်းမူးတယ်၊ ဗိုက်အောင့်တယ်ဆိုတာလည်း မကြားရချေ။ နောက်ဆုံး ဘာမှစဉ်းစားလို့မရဘဲ စာအုပ်တစ်အုပ်ကိုဖွင့်ရင်း စိတ်ကူးပေါက်ရာ ချရေးဖို့ ပြင်လိုက်သည်။

ဒီလိုပါပဲ။ လင်း,က အမြဲလို မဆီမဆိုင်ကိစ္စတွေကို ဦးနှောက်ခြောက်ခံ စဉ်းစားပြီးတော့၊ ဘာအဖြေမှလည်း ရေရေရာရာမရဖူးချေ။ သချာတွက်မရလို့ မြန်မာစာပြောင်းကျက်မယ်ဆိုတဲ့ ဆယ်တန်းကျောင်းသူဘဝက စိတ်ကူးမျိုးနဲ့ လင်း,ကဗျာတစ်ပုဒ် ရေးချရန် စိတ်ကူးလိုက်သည်။

ကဗျာက သိပ်ရှည်ရှည်ဝေးဝေး မစဉ်းစားလိုက်ရ၊ မနေ့ညက ရှစ်ကြိမ်မြောက်ပြန်ဖတ်ထားသော ချစ်ဦးညို၏ လက်ာဒီပချစ်သူဝတ္ထု





ကို စွဲစွဲမြဲမြဲသွားသတိရသည်။

ဘောပင်အဖုံးကို ငါးမိနစ်လောက်ကိုက်ပြီးမှ ကဗျာရဲ့ပထမဆုံးစာကြောင်းကို စဉ်းစားလို့ရသည်။ တစ်ခါတစ်ရံ ကဗျာဆိုတာ သူများရေးပြီးသားကို ဦးနှောက်ထဲ ဖျပ်ခနဲပေါ်လာတာမျိုးလည်း ဖြစ်ချင်ဖြစ်သွားနိုင်သေးသည်။ အဲ့ဒါလည်း တော်တော်ကြိုက်ပြီး နှလုံးသားထဲစွဲမြဲနေမှ ဖြစ်တတ်သောကိစ္စပင်ဖြစ်၏။

*"ရာဇဝင်မှာ စာရင်းမဝေါက်ထမယ့်*

*စတုဗ္ဗမြောက် လေးသည်တော်တစ်ယောက်ပါ သီတာ...*

*မြားတံထုတ် ညှို့ကြိုးငင်*

*ပစ်စတ်ကို ပြင်ဆင်ဆဲမှာပဲ*

*ပြိုင်ပွဲက အဆုံးသတ်ခဲ့ပါပြီ...သီတာ..."*

နည်းနည်းတော့ ဟုတ်သလိုလိုရှိလာသည်။ ဆက်ရေးဖို့ပြင်နေစဉ် စားပွဲရှေ့မှာ ရိပ်ခနဲလှုပ်သွားတဲ့အရိပ်တစ်ခုကြောင့် လင်း, ခေါင်းမော့ကြည့်လိုက်မိ၏။

"ဆက်ရေးလေ. . . ကောင်းသားပဲ"

လင်း,စာအုပ်ကို ဖျပ်ခနဲပိတ်ပစ်ပြီး စားပွဲမှ အလိုလိုထရပ်မိသားဖြစ်သွားသည်။ မသိမသာတုန်နေတဲ့လက်တွေကို ဖျစ်ဖျစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကျိုန်ဆဲရင်း မသိမသာ ကွယ်ဝှက်ထားလိုက်မိသည်။

ဘာရယ်ကြောင့်မသိ လင်း့သူ့မျက်နှာကို မကြည့်ရဲသလိုဖြစ်နေမိခြင်းအတွက် အလိုလိုအံ့သြရှက်ရွံ့နေမိ၏။

"ကဗျာရဲ့ခေါင်းစဉ်က ဘာလဲဟင်။ လက်ဘဒီပအလွမ်းလား ဒါမှမဟုတ် လက်ဘဒီပတမ်းချင်းလား"

"ဘာခိုင်းစရာရှိလို့လဲ"

"လောလောဆယ်တော့ ဒီကဗျာနာမည်သိချင်တယ်။ အဲ့ဒါဖြေပေးပါ"

အမိန့်သံဆန်လွန်းသော သူ့စကားကြောင့် ခေါင်းမော့ကြည့်မိရက်သားဖြစ်သွားသည်။ အစိမ့်ဟယ်ဖော်ရခက်သော သူ့မျက်လုံးများသည် လင်းကို အရင်လို လျောင်ပြောင် ထေ့ငေါ့လိုခြင်း လုံးဝကင်းစင်ကာ နူးညံ့ခြင်းလား၊ သိမ်မွေ့ညင်သာခြင်းလား ခွဲခြားမရသည့်အရိပ်အယောင်များ ပြည့်နှက်နေ၏။ ထို့ထက်ပိုဆိုးသည်မှာ လင်းကိုယ်တိုင်လည်း အံ့သြတွေဝေခြင်း (မလိုအပ်ပါဘဲ) စိုးရိပ်တုန်လှုပ်ခြင်းတို့ ပြည့်နှက်ကာ သူ့ကို အတန်ကြာ သတိလက်လွတ်ပြန်ကြည့်နေမိခြင်းပင်။

အလင်းတန်းနှစ်ခုစုဆုံပြီး မည်သည့်နေရာသို့ အလင်းပြန်သည်ကို အတိအကျမသိနိုင်သော်လည်း မျက်ဝန်းတစ်စုံ စုဆုံရာသည် ဘယ်





ဘက်ရင်အုံသို့သာ တိုက်ရိုက်ထိမှန် စူးနစ်စေကြောင်း လင်း ပထမဦးဆုံး သိခွင့်ရခဲ့ခြင်းဖြစ်၏။

"ဒီအချိန်မှာ အလုပ်ကိစ္စထက် ဘာမှအရေးမကြီးပါဘူး။ ပြီးတော့ လင်းက ကဗျာတစ်ပုဒ်ကို အဆုံးသတ်ပြီးမှ ခေါင်းစဉ်ပေးလေ့ရှိတယ်။ ဒါပေမဲ့ ဒီကဗျာကို လင်း ဘယ်တော့မှအပြီးသတ်မှာမဟုတ်လို့ ခေါင်းစဉ်မရှိလောက်ဘူးထင်တယ်"

"ထင်တယ်ဆိုတော့ မသေချာသေးဘူးပေါ့။ ရှိချင်လည်း ရှိသာနိုင်မယ်။ ဒီလိုလား"

လင်း့ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းပစ်လိုက်သည်။

ကျေးဇူးပြုပြီး လင်း့ရှေ့က ထွက်သွားပေးပါလို့ပြောပစ်လိုက်ချင်၏။

ဘုရားရေ! လင်း့ရင်ခုန်နေတာလား။ သူ့မျက်နှာကိုမကြည့်ပါဘဲ သူ့မျက်လုံးတွေကို လင်း့အလွတ်ကျက်မိနေတာပါလားဟု ထိတ်သန့်ချောက်ခြားစွာ တွေးလိုက်မိသည်။

ဒါဟာ ဘယ်လိုမှမဖြစ်သင့်မဖြစ်နိုင်တဲ့ကိစ္စပင်ဖြစ်လေသည်။ ခပ်ဖျော့ဖျော့ ရှိန်းမွှေးနေတဲ့ သူ့ရဲ့ကိုယ်သင်းရနံ့ကပင် လင်းကို အနေရခက်လာစေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ကဗျာကိုအဆုံးသတ်ပြီးရင် သီတာတမ်းချင်းလို့ပေးမယ်။ ဘာဖြစ်လို့လဲဆိုတော့. . ."

လင်း၊ စကားဆက်ရန်ခက်နေသောကြောင့် တစ်ဝက်တစ်ပျက်တွင် ရပ်တန့်ရင်း သက်ပြင်းရှိုက်လိုက်မိသည်။

"တကယ်တော့ အဲ့ဒီလိုမပေးသင့်ဘူး။ လင်းက လင်းပဲ ရာဝဏမှမဟုတ်တာ။ မိန်းကလေးတစ်ယောက် ခံစားရေးရမယ့်ကဗျာလည်းမဟုတ်ဘူး။ ပြီးတော့ လင်းက ပြိုင်ပွဲဝင်နေတဲ့လူမှမဖြစ်သေးဘဲ"

"ကျွတ်!"

စိတ်မသက်မသာ စုတ်သပ်ညည်းညူသံနှင့်အတူ လင်း၊ သူ့ကိုတစ်စုံတစ်ရာပြန်လည်ချေပဖို့ ပြင်လိုက်စဉ်မှာပင် အနီးသို့ မေကြယ်စင်ရောက်လာသည်။

"ဆရာဦးစိုးသူရဲ ပြန်လာတော့မယ်တဲ့ မျိုး။ အခုပဲ massage ရောက်လာတယ်"

မေကြယ်စင်၏မျက်လုံးများက လင်းထံသို့ တည့်မတ်စူးစိုက်စွာ ကြည့်လာသောအခါ လင်းတစ်ကိုယ်လုံး ပူလောင်ကျွမ်းခြစ်သွားသလိုခံစားလိုက်ရ၏။ တစ်ဆက်တည်းမှာပင် လင်းမျက်လုံးမှ ရင်ဘတ်ထဲအထိတစ်ကိုယ်လုံးနက်ရှိုင်းစွာ ထွင်းဖောက်ကြည့်သလိုဖြစ်သွားသည်မို့ ကိုယ့်





စိတ်ကိုယ် မလုံလဲစွာ ခေါင်းငုံ့ပစ်လိုက်မိသည်။

လင်းရှေ့က သူတို့နှစ်ယောက်လုံးထွက်သွားသောအခါ ရင်ထဲတွင် လွှတ်မြောက်ပေါ့ပါးသွားခြင်းနှင့် ဆို့နင့်ကျုပ်ခဲခြင်းတို့ ပြွမ်းတီးသောဝေဒနာနှစ်ခုကို တစ်ပြိုင်နက်တည်းခံစားလိုက်ရလေတော့သည်။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"လင်းရတီတဲ့. . . ဖုန်းလာတယ်"

အခန်းထဲတွင် စာအုပ်ဖတ်နေသောလင်းမှာ ဖုန်းလာတယ် ဆိုသောကြောင့် လှိုက်ခနဲဝမ်းသာသွားမိသည်။

လင်းထံသို့ ဖုန်းဆက်သူမှာ ချောချောမဟုတ်ပါက. . .

စာအုပ်ကိုကပျာကယာချပြီး မှန်နဲ့ဘီးကိုကောက်ကိုင်လိုက်သည်။ ဘယ်တုန်းကမှသနပ်ခါးမလိမ်းခဲ့သူမို့ ဘာမှအထွေအထူးကြည့်စရာမလိုပေမယ့် ခါးအောက်ကနေတင်ပါးအထိ ရောက်နေပြီးဖြစ်သော ဆံပင်ရှည်ကြီးကတော့ စည်းနှောင်ထားခြင်းမရှိသည့်အတွက် ဖရိုဖရဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာကို ဘီးနဲ့ တစ်ချက်နှစ်ချက်ဆွဲချရသေး၏။

အောက်ထပ်စတိုးဆိုင်ကိုပဲ သွားရမှာဖြစ်သည့်အတွက် အိမ်နေရင်း ရုပ်အင်္ကျီအနက်ကွက် ဖားဖားပွပွကြီးကိုပင် သေသေသပ်သပ်ဖြစ်အောင် ဆွဲဆန့်ရင်း အပြေးအလွှားထွက်လာခဲ့မိသည်။

"ဟော, လင်းရတီ၊ ညည်းဖုန်း နှစ်ခါရှိပြီ၊ ငါးမိနစ်အတွင်း ဆက်ပါဆို သုံးမိနစ်မပြည့်ခင် တစ်ခါပြန်ခေါ်သေးတယ်"

လင်း, စတိုးဆိုင်ရှင်ဦးလေးကြီးကို ရယ်ပြလိုက်ရင်း. . .

"ဘယ်သူလဲ ဦးလေး၊ နယ်ကလား"

ဟုမေးလိုက်သည်။

စတိုးဆိုင်မှ ဦးလေးကြီးက လင်းကို တစ်စုံတစ်ခုပြောဖို့ပြင်လိုက်စဉ် စူးရှကျယ်လောင်သောဖုန်းသံက ထမြည်လာတာမို့ လင်း အလျှင်စလိုပင် ကောက်ကိုင်လိုက်၏။

"ဟလို, လင်းရတီပါ"

"လင်း. . . ကိုယ်ပါ"

လင်း,ရင်ထဲ ဒိုင်းခနဲဆောင့်ခုန်သွားသည်။ ဘာလို့ အဲ့ဒီလိုဖြစ်ရမှာလဲဟု ကိုယ့်စိတ်ကိုယ်ပြန်တင်းပြီး. . .

"ဘယ်က ကိုယ်လဲ"





ဟု ခပ်မာမာပဲ ပြန်မေးလိုက်မိ၏။ တစ်ဖက်မှ တိုးညှင်းသော ရယ်သံတစ်ခုက လင်း,နားထဲကို အခံရခက်စွာ စီးမျောလာသည်။ လင်း,မျက်မှောင်ကြုတ်ပြီး နှုတ်ခမ်းကို စုထော်ပစ်လိုက်တော့ စတိုးဆိုင်ရှင်ဦးလေးကြီးက နေရာမှ ပြုံးစေ့စေ့နှင့် ထသွားတော့သည်။

"အိမ်ချင်းယောင်ဆောင်ရင်း တကယ်အိမ်ပျော်သွားတတ်တယ်နော်၊ သိရက်နဲ့ မညာကောင်းဘူး"

"အောင်မာ! ဘယ်သူက ဟန်ဆောင်လို့လဲ၊ ကိုယ်တွေခေါင်းတွေနဲ့ ပုံမှားရိုက်သွားရင် ဘယ်လိုလုပ်မလဲ"

လင်းစကားအဆုံး တစ်ဖက်မှအသံမှာ တိတ်ဆိတ်သွားပြီးမှ အသက်ရှူသံလိုလို သက်ပြင်းချသံလိုလို ကြားလိုက်ရ၏။

"အဲဒီလို မှားနိုင်စရာအကြောင်းရှိလို့လားဟင်"

ရှားရှားပါးပါး သူ့ရဲ့ဝမ်းနည်းအားငယ်နေသောအသံကို ပထမဆုံးအကြိမ်ကြားဖူးလိုက်ခြင်းမို့ အနည်းငယ် အံ့ဩသွားရလေသည်။

"ကိုမျိုးသီဟ"

"ဗျာ!"

ဒီနေ့တော့ ဘယ်လိုထူးဆန်းခြင်းမျိုးနဲ့ ထူးဆန်းနေမှန်းကို မသိတော့ချေ။ လင်း, သူပြန်ထူးပုံကိုသဘောကျပြီး နှစ်နှစ်ခြိုက်ခြိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်မိသည်။

"လင်း့အခုမှ ရုံးကပြန်ရောက်လို့ နားနေတာ၊ ဘာကိစ္စရှိလို့ဆက်တာလဲ"

"ခုနစကားကို ဘာလို့ဖြတ်ပစ်လိုက်တာလဲ။ ကိုယ်မေးတာ မဖြေရသေးဘူးနော်"

"ရှင်မေးချင်တိုင်းမေးရအောင် လင်း့က မေးသမျှဖြေပါ့မယ်လို့ အာမခံထားတာမှမဟုတ်တာ"

"ဒါဆို လင်း့မေးတာကိုပဲ ကိုယ်ဖြေရမှာပေါ့"

"အို့၊ လင်း့ဘာမေးမိလို့လဲ"

"ဟောဗျာ၊ ခုနလေးတင်မေးတာလေ။ ဘာကိစ္စရှိလို့လဲဆိုတာ"

"ဩော်၊ ရပါတယ်၊ မဖြေချင်မဖြေပါနဲ့၊ ဝတ္တရားအရမေးတာ လင်းက သူများကိစ္စကို သိပ်စိတ်ဝင်စားတာမဟုတ်ဘူး"

"သေချာလို့လား။ လင်း့မမေးလည်း ကိုယ်ကဖြေမှာပဲ၊ လင်းနဲ့တွေ့ချင်တယ်၊ စကားတွေ အများကြီးပြောချင်တယ်၊ အဲ့ဒါ အချိန်ရမလားလို့"

"ဟင့်အင်း၊ လင်း ဘယ်လိုမှအချိန်မပေးနိုင်တာ သေချာ





…ယ်၊ ပြောချင်တာ ဒါပဲလား။ ဖုန်းချလိုက်တော့မယ်"

"ဟာ! ခဏလေးနေပါဦး လင်းရာ။ အလကားရတဲ့အချိန် …ာင် တိုနေလိုက်တာကွာ"

"ဘာ! အချိန်အလကားရတယ်ဟုတ်လား။ ဘာမှမသုံးတဲ့လူ …တွက်တော့ အလကားပေါ့။ လင်းက ရှင်နဲ့စကားတစ်ခွန်းပြောတိုင်း …ပြောတိုင်း ပိုက်ဆံကုန်နေတော့ တိုတာပေါ့"

"အဲ့ဒါကြောင့်မို့ပြောတာ၊ ကိုယ့်လင်းနဲ့[illegible]ပါတယ်လို့ …ဆို. . ."

"တော်ပြီ မတွေ့ဘူးဆိုမတွေ့ဘူးဘဲ၊ ဖေစီနဲ့[illegible]တာ …တော့ဘူး။ သူငယ်ချင်းနဲ့လည်း အပြင်သွားဖို့ချိန်းထားသေးတယ်၊ ဒါပဲ"

ပြောပြောဆိုဆို လင်း့ ဖုန်းကိုချပစ်လိုက်သည်။ အသိအငေါ် …ည့်လှသော လင်းရဲ့အကြောင်းပြချက်များကို သူ့ယုံတာ မယုံတာ …မသိ၊ လင်းကိုယ်လင်း့ပင် ရယ်ချင်သလိုဖြစ်နေမိ၏။

သူနှင့်စကားပြောနေစဉ်အချိန်အတွင်းတွင် လင်းစိတ်သည် …သဖြင့်လည်း သူ့မျက်နှာအမူအရာ မျက်ခုံးတွေပင့်တာ၊ ပြုံးတာ … ပီပီပြင်ပြင်မြင်ယောင်လာစေတတ်၏။ နောက်ထပ် စက္ကန့်တော် …ကြာတဲ့အထိ ဖုန်းက ဘာသံမှထပ်မြည်မလာတော့မှ ဆိုင်ရှင် ဦး



www.burmeseclassic.com

www.burmeseclassic.com



လေးကြိုးကိုပိုက်ဆံပေးပြီး လှည့်အထွက်. . .

"လင်း"

ဟူသောခေါ်သံကြောင့် နောက်ကိုအလန့်တကြားလှည့်ကြည့်မိသည်။

"တဖြည်းဖြည်းလျှောကျသွားတဲ့ ကားမှန်အနက်ကြားထဲမှ တရိပ်ရိပ်မြင်လိုက်ရတဲ့ သူ့မျက်နှာကြောင့် လင်း လန့်ဖျပ်ပြီး နောက်ဆုတ်လိုက်မိသည်။

"ရှင်!"

"သူငယ်ချင်းနဲ့အပြင်သွားဖို့ချိန်းထားတယ်ဆို၊ ကိုယ်လိုက်ပို့ပေးမလို့"

"ရှင်. ဘယ်တုန်းကတည်းက ဒီမှာရောက်နေတာလဲ"

သူက ရုတ်တရက်မဖြေဘဲ လင်းကိုပြုံးပြီး စိုက်ကြည့်နေသည်။ လှခန့်ကိုယ်နှင့်မလိုက် ရုပ်အင်္ကျီဖားဖားကြီးဝတ်ထားသော လင်း အလိမ်ပေါ်သွားသောကလေးတစ်ယောက်လို ခေါင်းငုံ့ရင်း မည်းနက်ထဲသောဆံပင်များကြားထဲတွင် သူမမျက်နှာဖူးဖူးလေးကို ကွယ်ဝှက်လိုက်မိသည်။

"ကိုယ့်ကိုညာတဲ့အတွက် အလျော်ပြန်တောင်းရလိမ့်မယ်





"ဘာဆိုင်လို့လဲ၊ လင်းမှ ရှင်နဲ့တွေ့စရာအကြောင်းမရှိတာ"

"ဟော့! မင်းအဲဒီလိုမပြောနဲ့လေ၊ ကိုယ်က လောလောဆယ် မင်းရဲ့အလုပ်ရှင်. . . အထက်အရာရှိပဲဥစ္စာ"

လင်း နှုတ်ခမ်းကိုဖိကိုက်ပြီး တစ်ဖက်သို့လှည့်ကာ ပြုံးလိုက်မိသည်။

"ဒါအလုပ်ချိန်မဟုတ်ဘူးလေ"

"ဘာပဲဖြစ်ဖြစ် ဒီနေ့ညနေ မင်းဆီက အကူအညီတစ်ခု အရေးတကြီးလိုအပ်တယ်။ အဲဒါ မင်းအခေါ်အထိလိုက်ပြီး ပြောရ လား"

"ဘယ်ဖြစ်မလဲ၊ ဘာအကူအညီမို့ ခုချက်ချင်း အရေးကြီးနေတာလဲ။ မနက်ဖြန်မှ ပြောလည်းရတဲ့ဟာကို"

"အခုရမှဖြစ်မှာ၊ ကဲပါ. လမ်းမမှာ မကောင်းဘူး၊ လူတွေဝိုင်းကြည့်ကုန်ပြီ၊ ဟိုနားက အအေးဆိုင်မှာ သွားထိုင်ရအောင်"

သူပြောမှ လင်း ဘေးဘီဝဲယာကို ဂရုစိုက်လှည့်ကြည့်လိုက်သည်။ ပြီးတော့ သူမကိုယ်သူမလည်း မသိမသာအကဲခတ်ကြည့်မိ၏။

ဂျင်းပင်(န်)အပြာနှင့် တီရှပ်လက်ရှည်ကြက်သွေးရောင်ကို တွဲဝတ်ထားသော သူ့ပုံစံက လူကြီးမဆန်သော်လည်း သပ်ရပ်သန့်ရှင်းကာ



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားခန့်ညားနေသည်။ လင်းကတော့ လုံချည်အနက်ပြောင်ပေါ်မှာ အနက်နဲ့မီးခိုးရောင်ကွက်ထားသော တီရှပ်ပွပွကြီးဝတ်ထားပြီး ပြောင်သလင်းခါနေသည့်မျက်နှာနှင့် ဆံပင်ဖားလျားချထားသောကြောင့် မှုန်မှိုင်း ဖျော့တော့ကာ သူ့ဘေးတွင် ယှဉ်ရပ်လို့မသင့်တော်လောက်အောင် နွမ်းလျနေ၏။

"လာပါ၊ ဘာတွေစဉ်းစားနေတာလဲ။ ကိုယ့်ကိုအကြံတစ်ခုပေးရင် ကိုယ်ကလည်း လင်းလိုအပ်နေတဲ့အကူအညီတစ်ခု ပြန်ပေးမယ်။ လိုက်ခဲ့နော်၊ ဟိုရှေ့လေးတင်"

"ပြီးရော. . . သွား"

လင်းအဖြေက ပြီးစလွယ်ဆိုပေမယ့် တကယ်လည်း သူပြောမယ့်စကားကို နားထောင်ချင်နေမိသည်။

စိတ်သည် တစ်ခါတစ်ရံ သူ့ကိုယ်သူ မျက်လှည့်ပြတတ်သည့်အရာပဲဟုပင် လမ်းလျှောက်ရင်း မှတ်ချက်ချလိုက်သေးသည်။

"ဘာသောက်မလဲ. လင်း"

"ဘာမှမသောက်ချင်ဘူး။ ရှင်ပြောမယ့်စကားကိုပဲ စိတ်ဝင်စားတယ်"

သူက ရယ်ရင်း လင်းမျက်နှာကို တချက်မက်မက်ငေးကြည့်





သည်။

"ဟိုတစ်လောက လင်းပြောတာလေ၊ မမှတ်မိဘူးလို့မပြောနဲ့နော်။ မေ့တတ်လွန်းလို့ သတိပေးရတာ၊ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်ပြီဆိုတာ"

သူ့စကားအဆုံး လင်း၊ ရှက်ရွံ့နာကျင်စွာ ပြုံးလိုက်မိ၏။ ဟားတိုက်ရယ်မောပစ်ချင်စိတ်ကို မနည်းပင်ချုပ်ထိန်းကာ အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားထားသည့်လေသံနှင့်. . .

"အဲဒါသတိပေးရုံသက်သက်ပါ။ ဘာအကြံမှ လင်းမပေးတတ်ပါဘူး။ ပြီးတော့ ကိုမျိုးသီဟကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ပြီးသားဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ အဲဒီအပေါ်မှာ လင်းအနေနဲ့ ဘာမှဝင်မပြောသင့်ဘူးလို့ထင်တယ်"

လင်းစကားအဆုံးတွင် သူက သက်ပြင်းမွှဖွှရှိုက်ရင်း ခေါင်းကိုခါရမ်းလေသည်။

"အင်းလေ. နှစ်ယောက်စလုံးက ငြင်းစရာမှမရှိတာ။ ရွေးရခက်နေမှာပေ့ါ။ အဲ့ဒီတော့ ဘယ်သူ့ကိုမှ အတည်တကျ ပြတ်ပြတ်သားသားမရွေးချယ်သေးတဲ့အတွက် ရှင့်အတွက် အခွင့်အရေး ပိုကောင်းတာပေ့ါ"



www.burmeseclassic.com

www.burmeseclassic.com



လင်းပြောလိုက်သည့်စကားကို သူစိတ်ဆိုးသွားလိမ့်မည်ဟု ထင်ထားခဲ့သော်လည်း သူ့ လုံးဝကိုအေးစက်တည်ငြိမ်ကာ ထိုစကားကိုပင် စိတ်လိုလက်ရ နားထောင်ပေးနေသည်ကို တွေ့ရလေသည်။ ထို့ကြောင့်ပင် တစ်ရုံးလုံးက ရှင်နဲ့မကြယ်စင် ကြိုက်နေပြီလို့ ထင်နေကြတယ်ဟုပြောရန်မြင်ပြီးမှ ပြောမထွက်တော့ချေ။

စားပွဲပေါ်သို့ ပူပူနွေးနွေးလာချသွားသောကော်ဖီခွက်ကိုသာ သဲကြီးမဲကြီးစိုက်ကြည့်နေသော မျိုးသီဟကို တစ်ချက်ကြည့်ပြီး လင်း မျက်နှာပြန်လွှဲလိုက်သည်။

ခပ်နွေးနွေးသင်းပျံ့ရိုက်ခတ်လာသောကော်ဖီရနံ့ထဲတွင် သူ၏ နူးညံ့သောလျှို့ဝှက်ခြင်းတွေ ပျော်ဝင်လွင့်ပါလာသလို ခံစားလိုက်ရသည်။

ဝင်လုဆဲဆဲနေလုံးက အနောက်ဘက်ကောင်းကင်ကို ပုစွန်ဆီရောင်သမ်းသွားစေသည်ကို လင်း မှတ်မှတ်ထင်ထင်ငေးနေပြီးမှ. . .

"ကိစ္စမရှိတော့ဘူးဆိုရင် လင်းကိုပြန်ခွင့်ပြုပါ"ဟူသောစကား တစ်ခွန်းကို တိုးညှင်းစွာ ပြောလိုက်မိသည်။

တစ်ချိန်လုံးငြိမ်သက်နေခဲ့သမျှ လင်းစကားတစ်ခွန်းကြောင့် အိပ်ပျော်နေရာမှ လှုပ်နှိုးခံရသူလို ဆတ်ခနဲမတ်လာသည်။

"ခဏနေပါဦး လင်းရယ်"





မြတ်စွာဘုရား! အဲဒါ ညှို့လိုက်တာမျိုးမဖြစ်ပါစေနဲ့။ ထိုင်ခုံမှ ဆတ်ခနဲထလိုက်ဖို့ ရည်ရွယ်ထားတဲ့ လင်းခြေထောက်တွေက အလိုလို ယိမ်းယိုင်ခွေညွတ်သွားကြသည်။

ဆံပင်တွေကို လက်နဲ့ထိုးဖွသပ်တင်ရင်း လင်းကိုကြည့်လိုက်တဲ့ သူ့မျက်လုံးတွေက မယုံနိုင်စရာ ရီဝေဆွေးမြေ့စွာ နာကျင်ရိပ်သမ်းနေလေသည်။

"လင်း့ကိုယ့်ကို. . . ပြီးတော့ သူတို့က ကိုယ့်ကို. . . အဲ့ဒီလိုပဲ မြင်နေကြမှာပေါ့နော်"

ယုကြုံးမရခြင်းလား။ နမြောတသခြင်းလား မသဲကွဲသောသူ့စကားသံတို့က လင်းစိတ်ကို ပိုရှုံနောက်ကျိရှုပ်ထွေးသွားစေခဲ့၏။

"အဲဒီလိုမြင်အောင် ရှင်ကိုယ်တိုင်လုပ်ခဲ့တာပဲလေ။ ဘုရားရေ! ရှင့်ကိုယ်ရှင် ချို့ယွင်းချက်မရှိ ရိုးသားတယ်လို့ ထင်နေတာလား။ ရှင်နဲ့ကြယ်စင်. . ."

ရင်နင့်စရာကောင်းလှသောဝါကျတစ်ကြောင်းကို ဘာမှမသက်ဆိုင်တဲ့မိန်းမတစ်ယောက်က ရေရွတ်ပြတာ သိပ်တော့သဘာဝမကျဘူးထင်ရဲ့။ ဒါပေမဲ့ သူနဲ့ပတ်သက်တဲ့ကိစ္စတွေဆို တမင်ရေစက်ဆုံနေတာမျိုးလို့ လင်းက မနေနိုင်မထိုင်နိုင် ပါဝင်စွက်ဖက်ခဲ့တဲ့အကျင့်က



www.burmeseclassic.com

www.burmeseclassic.com



သေရာပါအောင်များ စွဲတော့မလားမသိတတ်။

"ရှင်တို့ဖြစ်နေကြပြီ အဲဒါ ရှင်ကိုယ်တိုင်သိတယ်။ ပြီးတော့ သူတို့. . ."

"တော်ပါတော့"

အထိတ်တလန့် အော်ဟစ်တားဆီးလိုက်တဲ့သူ့အသံက ပေါက်ကွဲလုလုအဆိပ်လက်နက်တစ်ခုကို မြင်လိုက်ရသူ၏ ကြောက်ရွံ့တုန်လှုပ်မှုမျိုး။

"ကိုယ် ကြယ်စင့်ကို တစ်ခါမှချစ်တယ်လို့မပြောဖူးဘူး။ ဒါပေမဲ့. . ."

"သူငယ်ချင်းတစ်ယောက်၊ မိတ်ဆွေတစ်ယောက်ရဲ့ပတ်သက်မှုမျိုးထက် ပိုပြီးရင်းနှီးခဲ့ကြတယ်မဟုတ်လား. . . အဲဒါ ရှင်းနေတာပဲလေ။ ရှင်နဲ့သူ. . ."

တိုးလျတိမ်ဝင်သွားသော လင်းရဲ့စကားသံက လုံးဝတိမ်မြုပ်ပျောက်ကွယ်သွားတဲ့နေလုံးနှင့်အပြိုင်ပင်။

"လူတွေက မတောင်းဘဲပေးတဲ့လက်ဆောင်ဆို. . . သိပ်တန်ဖိုးမထားတတ်ကြဘူး။ အထူးသဖြင့် ကိုယ် ဂရုမစိုက်တဲ့လူဆီကဆိုရင်ပေါ့"





လင်းတစ်ယောက်တည်း ရေရွတ်သလို ခပ်တိုးတိုးပြောလိုက်သောစကားသံအဆုံးတွင် သူ့မျက်နှာက ကာလအတန်ကြာပျောက်ဆုံးနေသောအရာတစ်ခုကို အမှတ်မထင်ပြန်တွေ့လိုက်ရသူလို ဝမ်းသာမျော်ရွှင်ရိပ်သမ်းသွားကာ. . .

"တကယ်လို့ လင်းကို အဲဒီလိုမျိုးပေးခဲ့မယ်ဆိုရင်ရော"

ဟု အားတက်သရောထမေးလေသည်။

"လင်းအတွက် သင့်တော်မယ်၊ လိုအပ်မယ်ဆိုရင် တန်ဖိုးထားမှာပဲ။ ဘယ်လိုလူက ပေးပေးပါ၊ ပေးတဲ့လူက အဓိကမဟုတ်ဘူး။ ပေးတဲ့အရာသာ စေတနာအမှန်ဖို့လိုတယ်လေ"

လင်းပြောသမျှကို တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေသောမျိုးသီဟမှာ စကားဆုံးသည်နှင့် သူ့ဘောင်းဘီအိတ်ထဲမှာ ထည့်ထားသော ကားသော့နှင့် အခြားသော့တွဲတစ်တွဲကိုနှိုက်ယူကာ လင်းရှေ့သို့ ချပေးပြီး. . .

"ရော့ ဒါ ကိုယ့်လက်ဆောင်၊ ဘယ်တုန်းကမှ လင်း မတောင်းခဲ့ဖူးဘူး။ ဒါပေမဲ့ ကျွန်တော် စေတနာအမှန်နဲ့ပေးတယ်"

ဟုပြောလေသည်။ လင်း စားပွဲပေါ်မှသော့တွဲကို တအံ့တဩငုံ့ကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာလဲဟင်"

"ဒါ, သော့လေ၊ တိုက်ခန်းတစ်ခန်းရဲ့သော့။ ဟိုတလောက လင်း့အဆောင်လိုက်စုံစမ်းနေတာဆို။ ဒါ လင်းအတွက် ကိုယ်ကူညီတာလေ"

"မဟုတ်တာ"

လင်းရဲ့ပီပြင်ပြတ်သားတဲ့ငြင်းသံအဆုံး သူက ခေါင်းကိုခါလိုက်ပြီး. . .

"စိတ်သန့်သန့်နဲ့လက်ခံပါ လင်း။ လင်း့ကိုယ့်ကို အရိုးသားဆုံးကူညီခွင့်တစ်ခုတော့ပေးပါ။ ဒါ ကိုယ့်သူငယ်ချင်းရဲ့တိုက်ခန်း။ သူ နိုင်ငံခြားသွားနေတုန်း ကိုယ့်ကိုအပ်ခဲ့တာ။ အဲဒီမှာ လင်းတစ်ယောက်တည်းမနေချင်ရင် သူငယ်ချင်းတွေနဲ့သွားနေလို့ရတယ်"

"ဟင့်အင်း, လင်း အဆောင်ရှာထားတယ်။ ကိုမျိုးသီဟကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဘာမှမဟုတ်တဲ့အလုပ်ရှင်နဲ့ အလုပ်သမားရင်းနှီးမှုအတိုင်းအတာမှာ ဒီလောက်အထိ လင်း အခွင့်အရေးမယူချင်ဘူး။ ဘယ်လိုအမြင်နဲ့ကြည့်ကြည့် မသင့်တော်ဘူးလည်း ထင်တယ်။ လင်း ခုနစကားကိုပြန်ပြောပါရစေ၊ လိုအပ်ပေမယ့် သင့်တော်မှ လက်ခံနိုင်လိမ့်မယ်"





"ကျွတ်! မဟုတ်တာ လင်းရယ်"

"ဒီနေ့အထိ လင်း့ ကိုမျိုးသီဟကို ဘာမှထိထိရောက်ရောက်ကူညီခဲ့တာမျိုးမရှိခဲ့တဲ့အပြင် ဘာအကြံဉာဏ်ကောင်းမှုလည်း မပေးနိုင်ခဲ့ဘူး။ ဒီ့အတွက် ကိုမျိုးသီဟဆီက ဘာမှပြန်မယူပါရစေနဲ့"

သူသည် အရာရာကို အပေးအယူသဘောမျိုးနှင့် ညီမျှခြင်းချတတ်သောလင်းကို တအံ့တသြငေးမောနေလေသည်။ မျက်မှောင်ကြုတ်လိုက်၊ သက်ပြင်းချလိုက်နှင့် တစ်စုံတစ်ခုကိုအပြင်းအထန်စဉ်းစားနေသောမျိုးသီဟမှာ လင်းမျက်နှာကို ဖျတ်ခနဲမော့ကြည့်ရင်း. . .

"ဒီလိုလုပ်ပါလား လင်းရဲ့၊ ဒီတိုက်ခန်းကို ကိုယ်က လင်းကို ပိုက်ဆံနဲ့ငှားမယ်လေ. . . ဘယ်လိုလဲ"

ဟုပြောပြန်သည်။

"အဲဒါဆို အခန်းခ လင်း ဘယ်လိုပေးရမှာလဲ၊ တိုက်ခန်းတစ်ခန်းလုံးငှားတာက အဆောင်ငှားတာနဲ့မှမတူတာ"

"အဲဒါရတယ်. . . လင်း အဆောင်လခပေးသလောက်ပဲပေး အဓိက,က ကိုယ် လင်းကိုတစ်ခုခုကူညီဖြစ်ဖို့ပဲ"

"ခက်လိုက်တာ ရှင်ကလည်း. . ."

"မခက်ပါဘူး လင်းရယ်။ အဲဒါမှ ကျွန်တော်စိတ်ကောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအောက်ထပ်မှာ ကျွန်တော့်အခန်းရှိတယ်။ ဟိုဘက်မှာ အင်တာနက်ဆိုင်လည်း ဖွင့်ထားတယ်။ လင်းအဆင်ပြေတဲ့နေ့ပြောင်းခဲ့နော်။ ဒီမှာသော့''

သူ့ဘာသာ အဆိုတင်သွင်း၊ သူ့ဘာသာ တင်ပြ၊ အကြံပြုသွားသော မျိုးသီဟကိုကြည့်ပြီး သူမ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေသည်။ နောက်ဆုံးမှာတော့ လင်း နာရီကိုသာငုံ့ကြည့်ပြီး စားပွဲပေါ်က သော့တွဲလေးကို လင်း ကောက်ယူလိုက်သည်။

''ခြောက်နာရီတောင် ခွဲတော့မယ်၊ လင်းပြန်မယ်။ ခဏလေးပဲဖြစ်ဖြစ် တစ်အောင့်လေးပဲဖြစ်ဖြစ် မတားပါနဲ့တော့။ ပြီးတော့ လင်း အဲဒီမှာ နေဖို့မနေဖို့ကိစ္စကို စဉ်းစားရဦးမယ်''

''ဟာ. . . လင်း''

ပြောပြီးတာနဲ့ လင်း နေရာမှ သုတ်ခနဲ လှည့်ထွက်လာခဲ့သည်။ ခေါ်သံကြားပေမယ့် လှည့်မကြည့်ဖြစ်တော့။ ဘာမှန်းမသိတဲ့ မရေမရာ အကြောင်းအရာတွေ၊ အမိပ္ပာယ်ဖော်ရခက်တဲ့ မျက်လုံးတွေအကြောင်း သူ တစ်ခါလောက် စဉ်းစားစေချင်လို့ပါ။

▣ ▣ ▣



## အခန်း (၂၅)

''ခုတစ်လော ဘာဖြစ်နေမှန်းကိုမသိပါဘူး လုပ်ရတာ တလွဲတချော်နဲ့''

မေကြွယ်စင့်အသံကြောင့် လင်းတို့တစ်ဖွဲ့လုံး တစ်ယောက်မျက်နှာ တစ်ယောက်လှမ်းကြည့်လိုက်မိကြသည်။ ရှုပ်ညှိုးငြီးနေသော မေကြွယ်စင့်မျက်နှာက တစ်ခုခုကိုအလိုမကျနေမှန်း သိသာလှသည်။

'' ဟန်နီကလည်း ကြားထဲမှာ တစ်ရက်ပိတ်ထားတဲ့အပြင် ခုထိအလုပ်မလာသေးဘူး။ ဒီမှာ အားလုံးရှုပ်ယှက်ခတ်နေတာပဲ''

မေကြွယ်စင့်စကားကြောင့် လင်းမသိမသာမျက်မှောင်ကြုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

"လင်းရေ့ ခဏ"

"ဟုတ်. ပြောလေ မကြွယ်စင်၊ လင်း ဘာလုပ်ပေးရမလဲ"

"ခုတစ်လော မျိုး တို့တွေကို လိုက်မပို့တာကြာပြီ၊ ညနေဘက်ဆိုလည်း အစောကြီး ပြန့်ပြန်သွားတယ်၊ အဲဒါ လင်းသတိထားမိလား"

မျိုးသီဟ အစောကြီးပြန်သွားတတ်တာတော့ လင်းသတိထားမိပါသည်။ လိုက်ပို့တာမပို့တာတော့ လင်းမသိပါချေ။ တစ်ခါတလေ လမ်းကြုံလို့ ပို့တာလောက်သာ ရှိခဲ့သည့်အတွက် ပုံမှန်လိုက်ပို့ခြင်း ရှိမရှိကိုတော့ ဘယ်လိုမှစိတ်မဝင်စားခဲ့ချေ။ လူအားလုံး ရှိနေသည့် အနက် လင်းရတီကိုမှရွေးပြောတာ အဓိပ္ပာယ်တစ်ခုခုရှိပေလိမ့်မည်။

"ကြွယ်စင်တော့ မျိုးကိုလုံးဝမသက်သာဘူး့သိလား။ လင်းရော မျိုးနဲ့တွေ့ဖြစ်သေးလား"

"ဟင့်အင်း. . . ဘာဖြစ်လို့လဲ"

ဒီတစ်ခါတော့ လင်း သူမကိုစိတ်မဆိုးတော့ချေ။ မျိုးသီဟရဲ့ ချစ်သူတစ်ယောက်အနေနဲ့ သူမမှာစိုးရိမ်ပိုင်ခွင့်အပြည့်ရှိသင့်သည်လေ။

ဒါပေမဲ့ မျိုးသီဟက သူမကိုချစ်သူတစ်ယောက်အဖြစ် မသတ်





မှတ်ခြင်းက တွေးကြည့်လျှင် နာကြည်းဖွယ်ကောင်းလှသည်။ လင်းသာ မကြွယ်စင့်နေရာမှာဆို ဘယ်လိုစိတ်မျိုးနဲ့ရပ်တည်မလဲဟု အစိုးရိမ် လွန်စွာ တွေးမိပြန်၏။

"လင်း"

". . ."

"လင်း"

"ဟင်! ဪ, မကြွယ်စင်ပြောလေ"

"ဘာတွေ ဒီလောက်စဉ်းစားနေတာလဲ၊ ခေါ်မကြားအောင် မကြားနဲ့"

"အို, ဘာရယ်မဟုတ်ပါဘူး မကြွယ်စင်။ ဟန်နီ ခုထိ ရုံးမလာ သေးတာ နေထိုင်မကောင်းတွေဘာတွေများ ဖြစ်နေသလားလို့"

လင်းစကားအဆုံး မကြွယ်စင့်မျက်နှာက အတွေးတစ်ခုဖြင့် စူးရှလေးနက်သွားသလို ငြိမ်သွားသည်။

"ကြွယ်စင်ကတော့ မဖြစ်နိုင်ဘူးထင်တယ်။ ဟန်နီ ရုံးပျက် နေတာ အကြောင်းထူးတစ်ခုတော့ရှိမှာပဲ၊ အဲဒါ မျိုးနဲ့ပတ်သက်နေရင် ဘယ်လိုလုပ်မလဲ"

"ရှင်! "



www.burmeseclassic.com

www.burmeseclassic.com



"ဩော်၊ ကြယ်စင့်ဘာသာ တွေးမိတာကိုပြောတာပါ။ လင်းရော ဘယ်လိုထင်လဲဟင်"

"ဟင့်အင်း၊ ဘာမှအတိအကျမသိဘဲ လင်း ဘာကိုမှမထင်တတ်ဘူး မကြယ်စင်။ ဟန်နီ့မှာလည်း သူ့အကြောင်းနဲ့သူရှိမှာပဲ၊ ကိုမျိုးသီဟ ရုံးစောစောပြန်တာ ဟန်နီနဲ့ပတ်သက်မှုရှိတယ်လို့ ဘယ်လိုအတပ်ပြောမလဲ။ ကိုမျိုးသီဟက တခြားမိန်းကလေးတစ်ယောက်နဲ့ လျှောက်သွားနေတာရော မဖြစ်နိုင်ဘူးလား"

လင်းစကားအဆုံး မကြယ်စင့်မျက်နှာက မည်းခနဲဖြစ်သွားသည်။ မျက်ယွင်းလုလုဖြစ်သွားသော ခပ်မဲ့မဲ့နှုတ်ခမ်းတွေကို ဟန်လုပ်ပြုံးရင်း. . .

"အဟင်း. . . ဒါလည်းဖြစ်နိုင်တာပဲလေ။ မျိုးက မိန်းကလေးအပေါင်းအသင်းက ခပ်များများရယ်။ သိတဲ့အတိုင်းပဲ သူ့ကိုသဘောကျမှန်းသိရင် ပြန်အီရမှာ ဝန်လေးတဲ့လူမဟုတ်ဘူး။ ဒါပေမဲ့ ကြယ်စင့်ကိုတော့ တကယ်ချစ်တယ်ထင်ရတာပဲ"

ဟုပြောလိုက်ရာ လင်း၏နှုတ်ခမ်းလေးတွန့်ရုံ ပြုံးလိုက်မိသည်။ တကယ်တော့ မျိုးသီဟကိုသဘောကျနေသည့်စာရင်းထဲတွင် မကြယ်စင်ကိုယ်တိုင် ထိပ်ဆုံးက ပါနေခြင်းကြောင့်ပင်။





အပေါ်ယံဟန်ဆောင်အပြုံးတွေ၊ တဒင်္ဂသာယာမှုရှာတဲ့အနမ်းတွေကို အချစ်လို့ယူဆရင်တော့ နောင်တရဖို့သာရှိတော့သည်။

တကယ်ဆို အခွင့်အရေးယူတတ်တဲ့ယောကျ်ားမျိုးကို မြူဆွယ်ရတာ အလွယ်ဆုံးဖြစ်သလို အခွင့်အရေးများများရလွန်းတဲ့ယောကျ်ားတစ်ယောက်ကိုထိန်းချုပ်ရတာလည်း အခက်ဆုံးဆိုတာ သူမဘာကြောင့်မသိ နားမလည်ရတာလဲဟု လင်းတစ်ယောက်တည်း တွေးနေမိသည်။

▣ ▣ ▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ဟလို့ ဧဩဘ်, ဟန်နီပြော. . .ခွင့်ထပ်ယူဦးမလား"

တစ်ဖက်မှအသံကိုမကြားရသော်လည်း ဟန်နီ့ဖုန်းဆိုသော ကြောင့် လင်း နားစွင့်နေလိုက်မိသည်။

"ဘယ်လို! ဟန်နီ"

တအံ့တသြပြန်မေးလိုက်တဲ့ မေကြယ်စင့်အသံအဆုံး စိုးရိမ် စိတ်နှင့် အားလုံးလှမ်းကြည့်လိုက်မိကြ၏။ ဖုန်းခွက်ကိုတင်းတင်းကျစ် ကျစ်ဆုပ်ကိုင်ရင်း အံကိုတင်းတင်းကြိတ်ထားတဲ့မေကြယ်စင့်ပုံစံကြောင့် လင်း နေရာမှ အထိတ်တလန့် ထရပ်လိုက်မိသလို မေမီလွင်နှင့် ထိုက်



www.burmeseclassic.com

www.burmeseclassic.com



ထိုက်မှာလည်း ကမန်းကတန်းထလာကြတော့သည်။

"မကြယ်စင်၊ ဟန်နီ. . . ဟန်နီ ဘာဖြစ်လို့လဲဟင်၊ ဟန်နီက"

"ဟန်နီအလုပ်ထွက်တာလား. . . ဒါမှမဟုတ်"

"မဟုတ်ဘူး. . . မဟုတ်ဘူး"

မေးသံတွေက ရုံးခန်းလေးအတွင်း ကျက်ကျက်ဆူသွားသည်

မကြယ်စင်က ခေါင်းကို တွင်တွင်ရမ်းကာ မဟုတ်ဘူးတစ်ခွန်းတည်

သာ တွင်တွင်ဆိုနေသည်။

"ကိုကျော်ဇင်ဝင်း၊ မျိုး. . . ဒီနေ့"

"မနက်ကတည်းက ကိုမျိုးလာတာ မတွေ့ဘူးဗျ"

ဟန်နီ့အကြောင်းပြောရင်းမှ မျိုးသီဟကို လှမ်းမေးနေသော

ကြောင့် တစ်ခုခုတော့တစ်ခုခုပဲဟု သူတို့အားလုံးသဘောပေါက်သင

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

အားလုံးအလောတကြီးသိချင်နေသည့်အထဲတွင်မှ လင်း

မကြယ်စင့်ဖြေလိုက်မည့်အဖြေကို မကြားရဲသလိုလိုရှိနေ၏။

"ပြောစမ်းပါဦး မကြယ်စင်ရယ်။ ဟန်နီဘာဖြစ်တာလဲလို့"

ထိုက်ထိုက်၏မေးသံအဆုံး မကြယ်စင်၏မျက်နှာမှာ နီရဲ

ရာမှ မျက်ရည်များ မသိမသာရစ်ဝိုင်းလာပြီး တစ်ခုခုကိုပြောမထွ





သလို အံကိုတင်းတင်းကြိတ်ထားသောကြောင့် လင်းရင်ထဲ ထိတ်ခနဲ

ဖြစ်သွားပြီး ဒါဆို မျိုးသီဟနဲ့ တစ်ခုခုပတ်သက်နေပြီဟုလည်း ယူဆ

ိုက်သည်။

"ဟန်နီ. . . မျိုးသီဟနဲ့လက်ထပ်လိုက်ပြီတဲ့"

မယုံကြည်နိုင်ခြင်း၊ အံ့ဩတွေဝေခြင်းတို့နှင့်အတူ လင်း အချိန်

အတော်ကြာအောင် ငူတူတူ ငိုင်တိုင်တိုင်ဖြစ်နေမိ၏။

ဘယ်သူ့ကိုမှ (ကိုယ့်ကိုယ်ကိုတောင်) ဝန်မခံရဲသောသူမသည်

ဘကယ်တော့ မသိစိတ်မှာ အသံတိတ်ကြေကွဲနေခြင်းသာဖြစ်သည်။

ရည်စွာ ပေါက်ကွဲ ဝမ်းနည်းပိုင်ခွင့်မရှိသူအဖို့ တိတ်ဆိတ်စွာကြိတ်မှိတ်

ကြေကွဲရခြင်းက ပို၍ခံစားရဆိုးသည်။

ရင်ထဲမှာ ဗလောင်ဆူနေသလောက် လင်း မလှုပ်မယှက် ငိုင်

တွေနေမိသည်။ နားလည်ရခက်တဲ့သူကို ဘယ်လိုလူလဲလို့ လင်း ပြော

ခက်ပါသည်။

ဒါပေမဲ့ သည်တစ်ကြိမ်တော့ လင်း သူ့ကို ရှင်သိပ်ရက်စက်

ဘယ်လို့ စိတ်ထဲကနေ အော်ဟစ်စွပ်စွဲပစ်လိုက်သည်။

ထို့နောက် လင်း့ကိုယ့်ကိုယ်ကို ပြန်ရှက်သွားမိပြန်သည်။

ဘကယ်ဆို လင်းနဲ့ဘာဆိုင်တာမှတ်လို့ဟု စိတ်ကိုဖြေကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရင်ထဲတွင် ကဗျာတစ်ပိုင်းတစ်စသော အစီအစဉ်မကျ လွင့်စင် ဟွက်ကျလာသည်။

*မလွမ်းသင့်တော့လေမယ့်*
*လွမ်းခွင့်မှ မရှိခဲ့တာကို*
*ရင်နင့်ရင်းလွမ်း*
*တမ်းတရင်းငို*
*(အဲဒါဆို)... ကိုယ်တရားဝါမလား*
*ဘယ်တုန်းတမှ မသက်ဆိုင်ခဲ့သူအတွက်*
*မျက်ရည်တစ်စက်တောင်*
*ကျခွင့်မရှိသူမို့*
*ဘယ်သူမှမသိအောင် ရင်ထဲမှာ ကြိတ်မှိတ်*
*ကိုယ် (အရ)...*
*တိတ်တဆိတ် လွမ်းတတ်ပြီ...။*

အသံထွက်အောင် ရှိုက်ငိုခွင့်ရှိသူနှင့် တိတ်ဆိတ်စွာ ကြေ
ရသူ ဘယ်သူက ပိုဝမ်းနည်းရလဲ။ ဝမ်းနည်းရတာချင်းတူရင်တော
ပိုပြီးရင်နင့်ရတဲ့အဖြစ်။





အဲဒါ. . . အချစ်လို့ တစ်ခါမှကိုမစဉ်းစားဖြစ်ခဲ့တာ။

▣

''လင်းရောင်. . . ဖုန်းလာတယ်''

ဆိုသောအသံသည် ဒီတစ်ကြိမ် ကြောက်မက်ဖွယ်အကောင်းဆုံး ဆိုးရွားသောအသံတစ်ခု ဖြစ်နေခဲ့၏။ အိပ်ရာမှ လူးလဲထပြီး ခေါင်းဖြီးဖို့ လက်အလှမ်းတွင် တစ်စုံတစ်ရာကိုသတိရမိသလို ရင်ထဲဆွတ်ကျင်သွားရသည်။

ခေါင်းဖြီးသွားရမလား။ ဒါမှမဟုတ် ယူလာပြီးသည့်နေ့ကတည်းက တစ်ခါမှအသုံးပြုဖို့သတိမရခဲ့သော အခန်းသော့လေးကို အဆင်သင့်ယူသွားရမလားဟု စိတ်ရှုပ်ပေါက်ပြီး တွေးမိသေးသည်။

တကယ်တော့. . .

မျိုးသီဟဆီက ဖုန်းများလားဟုထင်မိခြင်းသည် လင်းဘာသာရူးသွပ်မိခြင်းပင်။

မသိစိတ်မှာ ဘယ်အချိန်က နှောင်တွယ်ရစ်ပတ်နေမှန်းမသိတဲ့ ကြိုးအတွက် လင်းကိုယ်လင်း သတ်ပစ်ချင်လောက်အောင် မုန်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်း ဟန်ဆောင်တာ၊ ညာတာဆိုရင် ကိုယ်တိုင်သိဖို့ကောင်းခဲ့သည်။ ခုတော့ လင်းအဖြစ်က ပွဲကြည့်ပရိသတ်ကနေ အရှုံးသမားဘဝ လုံးဝ ရောက်သွားရသလို၊ လုံးဝမမျှော်ကြ စွန့်လွှတ်ရတော့မယ်ဆိုတဲ့အသိ က လင်းနှလုံးသားကို အိပ်ပျော်နေရာမှ လှုပ်နိုးခဲ့လေသလား။

"လင်း. . . ငါပါ"

မကြားရတာကြာပြီဖြစ်သော ချောချော၏ အသံခပ်အစ်အစ်ကြောင့် လင်း ဝမ်းနည်းဝမ်းသာဖြစ်သွားသည်။

"ဟဲ့! လင်း ကြားရရဲ့လား။ ခု ငါ မန္တလေးက ဆက်နေတာ"

"အေး. . . ကြားပါတယ်"

"နင့်အသံက တစ်မျိုးပဲ။ ဒီနေ့အလုပ်ပိတ်တယ်ဆိုပြီး အိပ်နေတာမဟုတ်လား။ ဟွန်း! ငါသိတယ်နော်၊ အိပ်ရေးမဝလို့ အသံက မကြည်မလင်နဲ့"

"မဟုတ်ပါဘူးဟာ။ ငါက ရုတ်တရက် နင်ဖုန်းဆက်တော့ အံ့သြသွားတာ"

ယုတ္တိမရှိသော လင်းရဲ့ဆင်ခြေကို လိမ္မာပါးနပ်လွန်းသော ချောချောက ယုံကြည်ပါမလား။ ချောချောဖုန်းဆက်တာ လင်းအတွက် ပြောပလောက်အောင် အံ့သြစရာမှမရှိတာဘဲ။





"ဟဲ့၊ ငါပြန်လာတော့မယ်သိလား။ ဒီမှာ အလုပ်မရှိတော့ ပျင်းတယ်ဟ။ ဒါနဲ့ နင် အဆောင်ရှာထားတာ အဆင်ပြေပြီလား"

အမှတ်တမဲ့မေးလိုက်ပေမယ့် လင်းရင်ထဲမှာ သူ့ကိုသာ မှတ်မှတ်ရရသတိရသွားမိသည်။ လက်ထဲမှာကိုင်လာသောသော့တွဲလေးကို ကြည့်ရင်း. . .

"အေး. . . ရှာထားတယ်။ နင်လာရင် ငါတို့အတူတူနေမယ်လေ"

ဟု လွှတ်ခနဲပြောလိုက်သည်။ မျိုးသီဟ အိမ်ထောင်ကျသွားခြင်းအတွက် လင်း စိတ်ရှုပ်ကင်းကင်းနဲ့ သူ့တိုက်ခန်းမှာ သွားနေဖို့ ဆုံးဖြတ်လိုက်မိသည်။

"ဟုတ်လား။ ဒါဆိုအဆင်ပြေတာပေါ့။ ဘယ်နားက အဆောင်လဲ၊ နာမည်ဘာလဲ. . . သန့်ရဲ့လား"

"အားလုံး နင်သဘောကျမှာပါ။ အဆောင်နာမည်က မထောင်းဘဲ ပေးတဲ့လက်ဆောင်တဲ့"

"ဟင်! နာမည်ကြီးကလည်း ဘယ်လိုတုန်းဟ၊ တစ်ခါမှမကြားဖူးပါဘူး"

ချောချောရဲ့ အကြောင်းကြောင်းအမေးကြောင့် လင်း ပြုံးလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"နင်လာတော့ သိရမှာပေါ့"

"အေး. ဒါနဲ့ နင်တို့ရုံးက ဇာတ်လမ်းပြောပြဦးလေ။ ငါမေးချင်နေတာကြာပြီ"

သတိတရမေးလိုက်သော ချောချောစကားအဆုံး လင်း အရင်လို အားကြိုးမာန်တက် ပြောမပြချင်တော့လောက်အောင် တုံ့ဆိုင်းနေမိသည်။ တကယ်တော့ လင်းပြောသင့်တာ တစ်ခွန်းတည်း။ ဇာတ်လမ်းက ဆုံးသွားပါပြီလို့လေ။ တကယ်တော့ အဲ့ဒါကိုပဲ လင်းပြောမထွက်တာ။ အရင်ကလိုစိတ်မျိုးနဲ့ဆိုရင် မျိုးသီဟက တစ်ယောက်ကိုရွေးလိုက်လို့ နောက်တစ်ယောက်က ဘယ်လိုဖြစ်သွားတာဘာညာနဲ့ ရယ်စရာလုပ်နိုင်မှာဖြစ်ပေမယ့် သည်တစ်ကြိမ်တော့ လင်း ပြောနိုင်စွမ်း မဲ့နေခဲ့ပြီ။

"ဟဲ့! လင်း. . . ဟလို့ လင်း"

"အေး. . . ငါနားထောင်နေပါတယ်"

"ငါမေးတာ ပြောဦးလေ။ အရမ်းစိတ်ဝင်စားလို့ပါ"

"နင်က သူတို့ကိုလည်း မမြင်ဖူးဘဲနဲ့"

"နင်ပြောပုံအရဆို စိတ်ဝင်စားဖို့ကောင်းတဲ့လူတွေပဲဟာ။ ငါ





သိချင်တာပေါ့"

"မျိုးသီဟက ဟန်နီ့ကိုရွေးလိုက်ပြီ"

အို! ဘာဖြစ်လို့ လင်းအသံက နွမ်းမြောတသံ ပါနေရတာလဲ။ ပြီးတော့ ဝမ်းနည်းနေရတာလဲ။

"ဟယ်! ဟုတ်လား သူတို့ ချစ်သူတွေဖြစ်သွားပြီပေါ့။ အဲလိုဆို ဟိုတစ်ယောက် သနားပါတယ်နော်"

"ချစ်သူတွေဖြစ်သွားတာမဟုတ်ဘူး။ သူတို့. . . သူတို့ ခိုးပြေးသွားကြတာ"

"ဘုရားရေ! မြန်လှချည်လား"

နောက်ထပ်. . . ချောချောပြောနေသည့်စကားတွေကို လင်း မကြားရတော့ချေ။

ကျန်ခဲ့တဲ့တစ်ယောက်က သနားစရာပေါ့တဲ့။ အဲဒီတစ်ယောက်က ဘယ်သူလဲ. . .

ချန်ရစ်သူမရှိဘဲ ကျန်ခဲ့တာ လင်းပါ။ သူ့ကို အမှတ်တရ သတိရဖြစ်အောင် ပြုစားခဲ့တဲ့မှော်ဆရာက သူ့ရဲ့အပြုအမူကိုတောင် သတိထားမိမှာမဟုတ်ချေ။

နောက်ဆုံး ချောချောက သူပြောချင်တာတွေပြောပြီး ဖုန်းချ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ခဏနေဦးဟု သူမတို့နှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက် မတားဆီးမိကြချေ။

ထို့အတွက် အနည်းငယ် ထူးဆန်းသလိုခံစားနေရခြင်းသည်လင်း သူ့ကိုအကြွင်းမဲ့သတိရနေကြောင်း အသိအမှတ်ပြုရပေလိမ့်မည်။

▣ ▣ ▣



# အချစ်ချင်းတူရင် စစ်ခင်းယူမယ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"ဟင်! ဆ. . . ဆရာ"

လင်းသည် ရုံးခန်းအတွင်းသို့ဝင်လျှင်ဝင်ချင်း ဆရာဦးစိုးသူရကိုတွေ့လိုက်ရတာမို့ ရုတ်တရက်အံ့ဩသွားကာ နှုတ်မှအလန့်တကြားပင် ရေရွတ်လိုက်မိလေသည်။

ဆရာက မေကြယ်စင့်ရှေ့စားပွဲပေါ်မှာ လက်ထောက်ပြီး မတ်တတ်ရပ်နေရာမှ လင်းအသံကြားသွားသောကြောင့်ထင်သည်။ နောက်ကို တစ်ချက်လှည့်ကြည့်ပြီး. . .

"ဪ လင်းရတီ၊ ညည်းဒီနေ့လည်းနောက်ကျနေပြန်ပလား"

ရွှေဝဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆီး၍မေးလိုက်သည်တွင် လင်းမှာဘာဖြေလို့ဖြေရမှန်းမသိ ဝေါင်တောင်တောင်နှင့် အခန်းဝမှာ ခြေစုံရပ်လိုက်မိ၏။

ဦးစိုးသူရက မနေ့တစ်နေ့ကတည်းက ရုံးတက်နေသူလို လေသံနှင့်ဟောက်လိုက်ပေမယ့် လင်းကတော့ တကယ်ကိုလန့်သွားမိတာပါ။

"မ. . . မနေ့က နောက်မကျပါဘူးဆရာ၊ အရင်နေ့တွေတုန်းကလည်း နောက်မကျပါဘူး။ ဒီနေ့မှ"

"အေးလေ, အရင်နေ့တွေက နောက်ကျလည်း ကျုပ်မြင်နိုင်တာမှမဟုတ်ဘဲ၊ ဒီနေ့ရောက်လို့မြင်ရတာ။ ကဲကဲ, လုပ်စရာရှိတာလုပ်ပါ။ အခုမှ ရုံးပြန်တက်တာ မဆူချင်ဘူး"

လင်းမှာ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

ဦးစိုးသူရ မျက်နှာလွှဲသွားသည်နှင့် အခန်းထဲသို့လှစ်ခနဲပြေးဝင် ထမင်းချိုင့်ထည့်သည့်ဆွဲခြင်းတွေဘာတွေကို နေရာချကာ ရုံးခေါ်ချိန်စာအုပ်မှာ လက်မှတ်ပြေးထိုးလိုက်ပါသည်။

ဒီနေ့ သူ ရုံးမလာတော့တာ သေချာသလောက် ရှိနေတာကြောင့် စိတ်ထဲမရွှင်လန်းရသည့်အထဲ ဆူမည့်ပူမည့် ဦးစိုးသူရပါ ပြန်ရောက်လာသည့်အတွက် လင်းမှာ စိတ်မောလူမော၊ ခေါင်းတွေ-





ပင် ကိုက်ချင်သလိုလိုဖြစ်လာရလေသည်။

မေကြယ်စင်ကတော့ သိပ်ပြီးဂရုစိုက်မနေပါ။ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး အစီရင်ခံတင်ပြစရာရှိသည့်ဖိုင်(လ်)တွေကိုသာ အာရုံစိုက် စီထပ်နေသည်။

ခုကျတော့လည်း မနေ့က အံကြိတ်မျက်ရည်ဝဲ၊ ဒေါသတွေဖြစ်နေခဲ့တာ သူမ မဟုတ်သည့်အတိုင်း။

လင်းကတော့ ရင်ထဲမှာ နင့်နေအောင် နွမ်းလျမောပန်းနေသည်။ ခုမှခံစားလို့ကောင်းဆဲ။

သူ့ရည်းစားလည်း မဟုတ်ဘဲနဲ့လို့ အပြစ်တင်ရင်လည်း ခံရပါမည်။

"လင်း. . . ဟဲ့, ဒီကိုလာဦး"

မှန်တံခါးကို ဟရုံလေးဟပြီး ခေါင်းလေးတွေပြူနေတဲ့ ထိုက်ထိုက်နှင့် မေမိလွင်က လင်းကို လက်ယပ်လှမ်းခေါ်သည်။

လင်းက ဦးစိုးသူရ, သူ့ရုံးခန်းထဲဝင်သွားသည်ကို တစ်ချက်ကြည့်လိုက်ပြီး သူမတို့ဆီ ခပ်သွက်သွက်လေးလျှောက်လာခဲ့သည်။

"ဘာလဲဟဲ့, အရေးတကြီး"

"အရေးကြီးဆို သတင်းထူးတယ် လင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသတင်းထူးတာလဲ"

"မျိုးလေ. . . မျိုး၊ ကိုမျိုးသီဟနဲ့ပတ်သက်တဲ့သတင်းထူးတာကိုပြောတာ"

"ဟင်! "

မျက်နှာက တယ်ပြီးကျွန်မြေမပျက်လှပေမယ့် လင်းရင်ထဲ ဒိန်းခနဲတောင် တုန်သွားရပါသည်။

သူ့သတင်းဆိုတော့ ဘာများပါလိမ့်။

မေမိလွင်က လင်းပခုံးကို ဖတ်ခနဲပုတ်ရင်း. . .

"ကိုယ့်ဘာသာ ထင်ရာစဉ်းစားမနေနဲ့၊ ပြောတာကိုဆုံးအောင်နားထောင်၊ မနက်က ဆရာလာတော့လေ, ကိုမျိုးသီဟနဲ့ ဖုန်းပြောသေးတယ်သိလား"

"အဲဒါ ဘာဆန်းလဲ"

"ဩော်, ဒီလင်းတစ်ယောက်ဟာလေ စကားကိုဆုံးအောင်နားမထောင်ဘဲ ဖြတ်ဖြတ်ပြောတာကို အသည်းယားတာ"

"ကဲ, ဟုတ်ပါပြီ. . . မြန်မြန်ပြောပါ။ တော်ကြာ. . . ဆရာက Meeting ဆိုရင် အကုန်လုံးအမြီးတန်းပြီး ပြေးရဦးမယ်"

မေမိလွင် ရစ်နေတာကို ထိုက်ထိုက်ကပါ အားမလိုအားမ





ဝင်ပြောလေသည်။

"အေးပါ, ပြောမှာပါ။ အဲဒါဆရာကလေ, ကိုမျိုးသီဟနဲ့အလုပ်ကိစ္စထင်တယ်။ ဖုန်းပြောတာ အေးအေးဆေးဆေးပဲ"

"ဟဲ့, အေးအေးဆေးဆေးမပြောလို့ ဆရာက ဟစ်ဟော့ဆိုသလို ရှီ. . . ရှီနဲ့ ထည့်ပြောရမှာလား"

လင်းရဲ့အငေါ်တူးစကားကြောင့် မေမိလွင်ခမျာ မျက်လုံးလေးအပြူးသားဖြစ်သွားသည်။ ပြီးမှ. . .

"ဘယ်ကလာ, ငါပြောတာ သူ့, မျိုးကိုဘာမှမဆူမပူဘူးလို့"

**"ဟုတ်လား"**

**"ဟုတ်ပါ့**၊ တကယ်ဆို မျိုးက ဟန်နီကိုခိုးပြေးသွားတာမဟုတ်**လား။ အလုပ်**လုပ်ရင်း ရုတ်တရက်ကြီး ဒီလိုလုပ်သွားရင် ဆရာဘယ်**ဒီလိုနေလိမ့်မလဲ**၊ ဆရာလောက်ဒေါသကြီးတာ ဆရာပဲ၊ ခုဟာက စဉ်း**စားစရာဖြစ်မနေဘူးလား**"

စကားပြောရင်းပြောရင်း မေမိလွင်ရဲ့စကားတွေထဲမှာ ကိုမျိုးသီဟ,မဟုတ်တော့ဘဲ အရင်လိုချစ်စနိုးခေါ်ဟန် 'မျိုး,မျိုး' ဖြစ်သွားတာမို့ လင်းမျက်ခုံးကို နိမ့်ချည်မြင့်ချည်လိုက်မိသည်။

ဒါကိုသဘောမပေါက်သည့်မေမိလွင်က သူ့စကားကို လင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစားစဉ်းစားနေသည့်အထင်နှင့်. . .

"လင်း, အဲဒါ နင်ဘယ်လိုသဘောရသလဲဟင်"

ဟု အားတက်သရောကြီး မေးလိုက်လေသည်။

"သိဘူးလေ၊ ဘယ်လိုသဘောရရမှာလဲ"

"ထူးတော့ထူးဆန်းတယ်ဟ၊ ကိုမျိုးသီဟကလည်း မိန်းမဆို တာ ဆရာရောက်လာမယ့်ရက်နဲ့ ကွက်တိတိုက်ပြီး နိုးသလိုပဲ၊ တကယ် ဆို ဒီအလုပ်တာဝန်တွေအားလုံးပြီးဆုံးမှ နိုးပါတော့လား"

ထိုက်ထိုက်ရဲ့တွေးတွေးဆဆစကားက တကယ်လည်းစဉ်းစား စရာဖြစ်နေသည်။

"ဟဲ့! ဟိုက ရဲတင်းပေါက်ဆိန်က အသည်းအသန်ကြီးခွဲ လိုက်သွားသလားမှမသိဘဲ"

"အား, အဲလိုကြီး တရားသေပြောလို့လည်း မရသေးပါဘူး မစဉ်းစားချင်ဘူး ထိုက်ထိုက်ရာ. . . သူတို့ကိုယ်ရေးကိုယ်တာတွေ လည်း မသိချင်တော့ဘူး"

စိတ်ရှုပ်စိတ်ပျက်ဟန်နှင့်ဆိုလိုက်သော လင်းစကားတွေ အ အရာတွေကြောင့် ထိုက်ထိုက်နှင့် မေမီလွင်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းတွေရမ်းကြသည်။





ပြီးမှ. . .

"လင်း, နင်တစ်ခုခုဖြစ်နေသလားဟင်"

"ဟာ! ဘာဖြစ်ရမှာလဲ၊ လင်းဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ပါဘူးဆိုတာကိုက တစ်ခုခုပဲ၊ အင်းပါ. လင်းမပြော ချင်လည်း အတင်းအကျပ်မမေးပါဘူး၊ ဒါနဲ့ မကြယ်စင်ကတော့ ဟိုနေ့ က ပေါက်ကွဲခဲ့တာ သူမဟုတ်လေဟန်၊ သမာဓိယူနေလေရဲ့။ ကြည့်ရ တာ ခံစားရလည်းခဏပဲ။ အေးဆေးပါဆိုတဲ့ပုံစံမျိုးသိလား"

ထိုက်ထိုက်စကားကြောင့် မေမီလွင်က. . .

"အဲဒါကိုကြည့်. . . အသိသာကြီးပဲ၊ သူနဲ့ဟန်နီက အပြိုင် အဆိုင်လုပ်ပြီး မျိုးကိုအရောဝင်နေတာ တကယ်နစ်နစ်ကာကာ တွယ် တာတဲ့လူဆို ဒီလိုဘယ်နေမလဲ။ ဟိုကလည်း သူ့အပေါ်ဘာမှမဟုတ်လို့ ပေါ့"

"ဟင်! ကိုမျိုးသီဟက ဟန်နီအပေါ်ရော ဘာတွေဟုတ်ခဲ့လို့ လဲ။ ခုမှ ဆိုင်းမဆင့်ပုံမဆင့်"

"မိန်းမယူတာ ဘာမှဆင့်စရာမလိုဘူးဟဲ့"

သူတို့နှစ်ယောက်ပဲ ဆက်လက်ငြင်းခုန်ကြပါစေ။

လင်း, ကိုယ့်အလုပ်စားပွဲရှိရာ ပြန်လျှောက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမိလွင်တို့ပြောသလိုပင် မေကြယ်စင့်ပုံစံက ဘာမှထိခိုက်ခံစားနေရပုံ နိမရှိ။

လင်းတစ်ယောက်တည်းသာ ကြိတ်ဆွေးဆွေးနေတာ. . .

ကိုယ့်လိပ်ပြာတောင် ကိုယ်ပြန်ရှက်မိပါရဲ့။

"လင်းရေ၊ ဒီမှာ ဆရာသွားနေတဲ့လအတွင်း လုပ်ထားတဲ့စာရင်းဇယားတွေ တစ်ချက်ပြန်စစ်လိုက်၊ Meeting... မှာ ဆရာ့ကိုတင်ရမယ်"

"ဟုတ်ကဲ့၊ မကြယ်စင်"

စက်ရုပ်တစ်ရုပ်လို လူက လှုပ်ရှားနေပေမယ့် မေကြယ်စင့်လောက်တောင် သွက်လက်တက်ကြွမှုမရှိတဲ့ နေးတုံ့နေးကန်ဖြစ်နေသည့်လင်းကို ဘယ်သူမှမရိပ်မိပေမယ့် လင်းကတော့ ကိုယ့်ကိုယ်ကိုအားမလိုအားမရရယ်။

ခဏနေတော့ အားလုံး ဒီနေ့မှရုံးပြန်တက်သော ဆရာ့ရုံးခန်းထဲသို့ဝင်ကာ Meeting ထိုင်ကြရပါသည်။

ဆရာ့ပုံစံက ရွှင်ရွှင်ပျပျပင်။

"ဆရာမရှိတဲ့အချိန်မှာ အားလုံးစည်းကမ်း**ရှိရှိနဲ့ အလုပ်**ကြိုးစားခဲ့တဲ့အတွက် ဝမ်းလည်းသာတယ်၊ ကျေးဇူးလည်း**တင်တယ်**။ ကိုယ့်





ညီကတော့ သူ့ကိုယ်ရေးကိုယ်တာကိစ္စလေးတစ်ခုအတွက် ရုံးမတက်နိုင်လို့ မနေ့ကတည်းက ဂုဏ်ပြုညစာစားပွဲလေး လုပ်ပေးလိုက်တယ်။ ဒီကဝန်ထမ်းတွေကတော့ လာမယ့်အင်္ဂါနေ့ကျမှပဲ ဆရာ့မွေးနေ့နဲ့ပေါင်းပြီး လုပ်ပေးတော့မယ်. . . ဟုတ်ပြီလား"

"ရပါတယ်ဆရာ"

မေကြယ်စင့်မျက်နှာက ဆရာ့ကိုတစ်စုံတစ်ခုပြောလည်းပြောချင်၊ ပြောလည်းမပြောရဲသလို ရှုံ့တွန့်တွန့်ဖြစ်နေရာမှ မနည်းအားယူလိုက်ပုံနှင့်. . .

"ဆရာ"

"ဟေ၊ ပြော. . . ကြယ်စင် ဘာလဲ"

"ဟို၊ ဟန်နီ. . . ဟန်နီလေ"

"အိုး. . . ဆရာသိပြီးပါပြီ"

ဆရာက လက်တစ်ဖက်မြှောက်ကာရယ်ရင်း ပြန်ဖြေလိုက်ပုံကြောင့် မေကြယ်စင်သာမက ရုံးအဖွဲ့အားလုံး အံ့သြသွားရလေတော့သည်၊

အင်းလေ၊ သိပြီးလောက်ရောပေါ့။ မနေ့ညက သူ့ညီနဲ့တွေ့ပြီး စားကြသောက်ကြဆိုတော့ ဟန်နီလည်း ပါမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မေကြယ်စင်ခမျာ မျက်နှာပုပ်ပုပ်နှင့်ပင် ပြန်လည်ငြိမ်သက်သွားကာ ဘာမှမမေးတော့ချေ။

ဆရာက ဟန်နီ့ကိစ္စကိုဘာမှအရေးအရာလုပ်မပြောဘဲ အလုပ်ကိစ္စကိုသာ ဂရုတစိုက် မှာကြားဆွေးနွေးနေတော့၏။

လင်းရင်ထဲမှာတော့ ဆရာ့နေရာမှာ သူ့မျက်နှာကိုအစားထိုးမြင်ယောင်ကာ ဝမ်းနည်းဆွတ်ကျင်သွားမိလေသည်။

▣ ▣ ▣



## အခန်း (၂၈)

အဝေးပြေးဝင်းထဲမှာ နေက ခြစ်ခြစ်တောက်ပူနေသည်။ လင်းမျက်နှာမှာလည်း ချွေးလေးတစိုစိုဖြစ်နေတော့၏။

'နှင် ငါ့ကိုကြိုဖြစ်အောင်လာကြိုနော်။ နှင့်ရုံးပိတ်ရက်နဲ့တိုက်ပြီး တမင်ပြန်လာတာ' ဟူသော အခင်ဆုံးသူငယ်ချင်း ချောချော၏ တဖွဖွအမှာစကားကြောင့်သာ လာကြိုရသည်။

ကျယ်ပြောလှသောကားဝင်းကြီးထဲမှာ လင်းတစ်ယောက်တည်း ယောင်ချာချာဖြစ်နေမိသည်။

"တီ! တီ!"



www.burmeseclassic.com

www.burmeseclassic.com



နောက်က ကားဟွန်းသံကြောင့် လမ်းမအလယ်လျှောက်နေမိသော လင်းမှာ ဘေးသို့ကပျာကယာကပ်ပေးလိုက်ရသည်။ ထိုအခါ လင်း၏ မြင်ဖူးသလိုလိုရှိထားသော လင့်ခရူဇာတစ်စီးသည် လင်းရှေ့ မလှမ်းမကမ်းမှာပင် ရပ်သွားလေတော့၏။

လင်းသည် အမှူမဲ့အမှတ်မဲ့ပင်လျှောက်လာခဲ့စဉ် ရပ်ထားသော ကားတံခါး ရုတ်တရက်ပွင့်လာပြီး ကားပေါ်မှ လူတစ်ယောက်ဆင်းလာတာ မြင်လိုက်ရစဉ် အံ့သြခြင်းကြီးစွာဖြစ်မိသောကြောင့် လင်းထိုနေရာမှာပင် ခြေစုံရပ်ပစ်လိုက်မိသည်။

"လင်း"

သူ. . . မျိုးသီဟ။

လင်းမှာ သိပေါင်းကျွမ်းပေါင်းတစ်ယောက်ကို တွေ့ရသလို ခြေဖနှတ်ဆက်ရမလိုရှောင်ထွက်သွားရမလို ယောင်တောင်တောင်ဖြစ်နေစဉ် သူက လင်းရှေ့သို့ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာတော့သည်။

"လင်း၊ ဟား. . . ကြည့်စမ်း၊ ခုနကတည်းက ကိုယ့်စိတ်ထဲ ထင်နေတာ။ လင်းဝတ်နေကျ ရုပ်အင်္ကျီပွပွကြီးတွေနဲ့ဆိုတော့ တူပါတယ် ဆိုပြီးကြည့်နေတာ၊ ထီးနဲ့ကွယ်နေတော့ သိပ်လည်းမသေချာလို့ ကား ရပ်ပြီးဆင်းကြည့်တာ တကယ်ပဲ လင်းဖြစ်နေတာကိုး"





သူက ရွှန်းရွှန်းဝေအောင် နှုတ်ဆက်နေသလောက် လင်းကတော့ အံ့သြမင်တက်ကာ ငေးကြောင်ကြောင်ဖြစ်လို့နေပါသည်။

"ဒါနဲ့ လင်း ဘာလာလုပ်တာလဲ"

"သူငယ်ချင်းတစ်ယောက်ကို လာကြိုတာပါ"

"ဟုတ်လား"

သူ့ရဲ့မှုပိုင်စတိုင်(လ်)အတိုင်း မျက်ခုံးပင့်လျှက် ပြုံးတေ့တေ့ မေးလိုက်လျှင် လင်းမှာ ဘာပြန်ပြောရမှန်းမသိဘဲ စိတ်လှုပ်ရှားနေမိတာတော့ အရမ်းပဲဖြစ်လေသည်။

"ကိုယ်လည်း ညီမဝမ်းကွဲလေးတစ်ယောက်ကိုလာကြိုတာ"

"ဩော်၊ ရှင့်မှာ ညီမဝမ်းကွဲတွေဘာတွေ ရှိသေးတယ်ပေါ့"

"ရှိတာပေါ့ လင်းရဲ့။ ဒါနဲ့ လင်းသူငယ်ချင်းက ဘယ်ကလဲ"

"မန္တလေးက"

"ဩော်၊ သူလာမယ့်ကားနဲ့ရောက်မယ့်အချိန် လင်းသိပြီးပြီလား"

"သိပြီးပါပြီ"

"လင်းကိုကြည့်ရတာ တစ်မျိုးပဲ. . . နေရောကောင်းရဲ့လား၊ အလုပ်ကော အဆင်ပြေလား၊ ကိုယ်လည်း ရုံးကိုတစ်ခေါက်မှမရောက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဟိုရက်က ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ခရီးလွန်နေတာလေ"

"ဟန်းနီးမွန်းထွက်နေတာလား"

"ဗျာ! "

သူက အထိတ်တလန့်မျက်မှောင်ကြုတ်ရင်း မေးလိုက်လေ၏။

"ဟန်းနီးမွန်းထွက်နေတာလားလို့မေးတာပါ။ ဒီရက်ထဲ ကိုယ်ရေးကိုယ်တာဆို အဲဒီကိစ္စပဲရှိမှာပေါ့"

သူက မျက်မှောင်ကြုတ်လျက်ပင် လင်းကို နားမလည်သလို ကြည့်ကာ. . .

"ဟာ, ဘာလို့ ကိုယ်က ဟန်းနီးမွန်းထွက်ရမှာလဲ။ အခ်ိပ္ပာယ် မရှိတာ။ လင်းကလည်း နောက်စရာရှားလို့"

"အို! လင်းက ဘယ်မှာနောက်လို့လဲ။ ရှင်နဲ့ဟန်နီ လက်ထပ်လိုက်တာ တစ်ရုံးလုံးသိတယ်"

"ဗျာ! "

သူ့ရဲ့ ဗျာခနဲအာမေဋိတ်သံက အတော်လေး အထိတ်တလန့်နိုင်လှလေသည်။

"ရှင်က လင်းကို ညာလို့ရမယ်ထင်ပြီး လာညာသေးတယ်နော်"





"ဟာ! မဟုတ်ဘူးနော် လင်း။ လင်း တစ်ခုခုတော့လွဲပြီထင်တယ်"

"အိုး! လွဲစရာလား။ လွဲရင် တစ်ရုံးလုံး လွဲတာပဲ။ ရှင့်အစ်ကိုကအစ သိတယ်"

"ဟောဗျာ. . . ကိုကိုတောင်သိတယ်ဟုတ်လား။ သူက ဘာကိုသိတာလဲ"

"ရှင်နဲ့ဟန်နီကိစ္စကိုပေါ့"

အိပ်ချင်ယောင်ဆောင်နေတဲ့[illegible]ဆိုတဲ့စကားလိုပင် သူမသိဟန်ဆောင်နေတာ သိသိကြီးနဲ့ အာပေါက်မတတ်ရှင်းပြနေရတာ လင်း စိတ်မရှည်ချင်တော့။

"မဟုတ်တာ. . . ဒါ ညာရမယ့်ကိစ္စမှမဟုတ်တာ လင်းရယ်။ ကိုကိုမရောက်ခင် နှစ်ရက်ကတည်းက ကိုယ့်အဘွားနေမကောင်းလို့ မန္တလေးရောက်နေတာ။ တစ်ခုတော့ရှိတယ်. . . အဲဒါ ကားမောင်းသင်ပေးတုန်းက ဟန်နီ့ကို ပြောလိုက်တယ်။ ဟာကွာ. . . အဲဒီသတင်းလွှဲကြီးက ရုံးမှာပြန့်ကုန်ပြီလား"

"ဆရာတောင် သိပါတယ်ဆို။ ဒါနဲ့ ဆရာပြန်ရောက်တဲ့ညက ရှင့်ကို ညစာလိုက်ကျွေးသေးတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ. . . သူပြန်ရောက်မယ်သတင်းကြားလို့ ပြန်ပြေးလာတာ။ အဘွားအခြေအနေကလည်း စိုးရိမ်စရာမရှိဘူးလေ"

"ရှင်က မလည်ရှုပ်ပဲ ကိုမျိုးသီဟ၊ မန္တလေးသွားတာ ရုံးကို ဖုန်းဆက်ပြောခဲ့လည်း ရရဲ့သားနဲ့"

"ကိုယ်သိရတဲ့အချိန်က ညခြောက်နာရီ၊ ရုံးကိုဖုန်းဆက်လို့ ဘယ်လိုမှမမီတော့လို့ ဟန်နီ့ကို ပြောလိုက်တာ။ ကိုကို့အိမ်ကိုလည်း ဖုန်းဆက်ထားခဲ့သေးတယ်"

"ဒါနဲ့များစေတနာ ရှင့်ကိုယ်ရေးကိုယ်တာကိစ္စတဲ့။ တကယ်ဆို ရှင့်အဘွားက သူ့အဘွားပဲမဟုတ်ဘူးလား"

"မဟုတ်လို့ပေါ့လင်းရဲ့"

"ဟင်! ရှင့်ဟာက ရှုပ်နေတာပဲ"

လင်းရဲ့စုပုပ်ပုပ်အပြောကြောင့် သူက သဘောကျသွားသလို ဟက်ခနဲရယ်ချလိုက်ကာ. . .

"ဟုတ်ပါတယ်. . . ကိုယ့်အဖြစ်က တော်တော်ကိုရှုပ်ပါတယ်၊ တကယ်တော့ ကိုယ်က ကိုကို့ရဲ့ညီအရင်းမဟုတ်ပါဘူး။ တစ်ဝမ်းကွဲပါ။ ဒါပေမဲ့ ကိုယ့်မိဘတွေဆုံးကတည်းက မွေးစားထားလိုက်တာ အရင်းတွေလိုပဲ၊ အခုလာကြိုတာလည်း ကိုယ့်အမေဘက်ကတော်တဲ့ ညီမဝမ်း





ကွဲလေးတစ်ယောက်။ ကဲ, ရှင်းပြီလား လင်း"

လင်းရင်ထဲ ပေါ့သွားတာတော့ အမှန်ပါ။ ဒါပေမဲ့ သူ့ရဲ့နှစ်ပင်လိမ်သုံးပင်လိမ်အရှုပ်ဇာတ်ကို မကျေနပ်သေးတာကြောင့် မှုန်တေတေ ရှုတင်းတင်းမျက်နှာကို မပြင်သေးဘဲ. . .

"ဟွန်း ရှင်က တော်တော်ရှုပ်တဲ့လူ၊ ရှင့် ဟန်နီနဲ့ဖိုးပြေးပြီဆိုတော့ မကြယ်စင်ခမျာ သနားပါတယ်. . . မိုင်တွေနေတာပဲ"

လင်းစကားအဆုံး သူက ရယ်ဟာဟာနှင့်ပင်. . .

"ဟုတ်ရဲ့လား လင်းရယ်၊ သူဒေါသထွက်နေတာမဟုတ်ဘူးလား။ တကယ်တော့ သူတို့နှစ်ယောက်က အစေအရာရာအပြိုင်အဆိုင်၊ အဲဒီ့အပြိုင်အဆိုင်ကြားမှာ ကိုယ်က မားစားခံဖြစ်နေတာပါ လင်းရယ်။ ကိုယ်ဘယ်သူနဲ့မှမရှုပ်ခဲ့ပါဘူး။ သူတို့နဲ့အထိုက်အလျောက်ခင်နေရင်း ဇာတ်ရှုပ်ထဲ ဝင်မျောနေတာ၊ ဝန်ထမ်းတွေပြောနေတဲ့စကားတွေ ပြန်ကြားသားပဲ၊ ကိုယ်မှမဟုတ်တာ"

"အမယ်! ဘာမဟုတ်တာလဲ၊ ရှင်နဲ့ကြယ်စင်, အခန်းထဲမှာ ဟိုဟာ. . . လင်း မမြင်ဘူးမှတ်နေလား"

"ဟာကွာ. . . လင်းရယ်၊ အဲဒါ ကိုယ်နဲ့ဘာမှမဟုတ်ဘူး။ သူက ရုတ်တရက်ကြီး မျက်လုံးထဲအမှုန်ဝင်တယ်, အမှိုက်ကြည့်ပေးပါဆို



www.burmeseclassic.com

www.burmeseclassic.com



လို့ ကြည့်ပေးနေတာ။ ဪ၊ အဲဒါကြောင့် ကိုယ်ထွက်လာတော့ လင်း မျက်နှာက တစ်မျိုးလေးဖြစ်နေတာကိုး''

လင်းသည် ယုံရခက်မယုံရခက်နှင့် သူ့မျက်နှာကိုကြည့်နေစဉ် သူက တစ်မျိုးလေး ရွှန်းစိုရီဝေသောအကြည့်တို့နှင့် လင်းကိုစေ့စေ့စူးစူးပြန်ကြည့်နေသည်ကိုမြင်ရလျှင် ရင်သည် ပရမ်းပတာခုန်ပေါက်နေတော့၏။

အခန်းထဲမှာ သူက ကြယ်စင့်မျက်နှာကို ငုံကိုင်းအုပ်မိုးကြည့်လျက် တစ်ယောက်နဲ့တစ်ယောက် နီးစပ်ပူးကပ်နေတော့ လင်းစိတ်ထဲ သရိုးသရီ တစ်မျိုးတစ်မည်ဖြစ်ခဲ့တာ။

''ကြည့်စမ်း! ချာတိတ်မ၊ အဲ့ကတည်းက ကိုယ့်ကိုအထင်တွေလွဲနေခဲ့တာပေါ့။ ဟုတ်လား''

သူ့စကားသည် လင်းစိတ်ထဲကိုထွင်းဖောက်မြင်ပြီး ပြောလိုက်သလို ဘာဘာညာညာသဘောသက်ရောက်နေတာမို့ လင်းရှက်သွားမိသည်၊

''တော်သေးတာပေါ့ကွာ. . . လင်းနဲ့တွေ့ရပေလို့။ မဟုတ်လို့ကတော့ အထင်တွေလွဲပြီ။ ဒါနဲ့ လင်း ဟိုအခန်းကို ဘယ်တော့ပြောင်းလာမှာလဲဟင်''





''ဘာဖြစ်လို့လဲ''

''ဟို. . . ကိုယ့်ညီမလေးကိုလည်း လင်းနဲ့အတူတူထားမလားလို့ စိတ်ကူးနေတာ''

''ရပါတယ်၊ လင်းတို့သူငယ်ချင်းနှစ်ယောက်တည်း အခန်းက အကျယ်ကြီးမဟုတ်လား''

''အင်း, ဟော. . . ဟိုမှာ မန္တလေးကားတစ်စီး ဆိုက်လာပြီ၊ မြတ်မန္တလာထွန်းထင်တယ်။ ကိုယ်သွားလိုက်ဦးမယ်၊ လင်းသူငယ်ချင်းကရော ဘယ်ကားနဲ့လာမှာလဲ''

''အဲလိုကားနဲ့ပဲ၊ နေဦး. . . လင်းမှာ ကားနံပါတ်ပါတယ်''

သူက လင်းလက်ထဲက စာရွက်လေးကိုယူကြည့်ပြီး မျက်ခုံးပင့်ကာ. . .

''အတူတူပဲ၊ ကိုယ်လာစောင့်တာလည်း ဒီကားပဲ''

ဟုဆိုကာ ရှေ့မှထွက်သွားတာမို့ လင်းလည်း သူ့နောက်က လိုက်သွားမိပါသည်။

ကားပေါ်မှ အထုပ်အပိုးကိုယ်စီနှင့်ခရီးသည်တွေ အလျှိုအလျှို ဆင်းလာတာကို လင်းစောင့်ကြည့်နေလိုက်သည်။ အမြဲလိုပျာလောင်ခတ်နေတတ်သော လင်းရဲ့သူငယ်ချင်းမတစ်ယောက် အထုပ်တွေ မနိုင်



www.burmeseclassic.com

www.burmeseclassic.com



မနှင်းဆွဲလာရင်း လင်းတို့နှစ်ယောက်တွဲလျက်တွေ့လျှင် မျက်လုံးကြီးပြူးကာ အံ့ဩသွားလိမ့်မည်ဟုတွေးကာ အသာကျိတ်ပြုံးရပြန်၏။

“ဟော!”

“ဟယ်!”

လင်းတို့နှစ်ယောက်လုံး ကိုယ့်ခရီးသည် ကိုယ်တွေ့သွားတာမို့ အာမေဋိတ်သံလေးတွေပြုရင်း အပြေးကလေးလျှောက်သွားလိုက်ကြသည်။

“လင်း”

ချောချောက Luggage ကြီးကိုပစ်ချကာ လင်းကိုဝမ်းသာအားရ ဆီးဖက်လိုက်တာမို့ သူအံ့ဩသွားရသည်။

“ချောချောက လင်းနဲ့သိတယ်၊ ဟုတ်လား”

“အင်း”

“ဟာကွာ. . . အဲဒါ ဘာလို့ ကိုယ့်ကိုမပြောတာလဲ”

“အမြင်ကပ်လို့”

လင်းသည် ချောချောနှင့်သူ့ကိုကြည့်ကာ အမှန်ပင်အံ့ဩနေမိပါသည်။

“ချောချောက ရှင်နဲ့ Cousin လား။ ကြည့်စမ်း! ဒီမိန်းမ





မကောင်းဘူး. . . အစောကတည်းက ဘာလို့မပြောတာလဲ၊ ဒီလောက်လင်းနဲ့စကားစပ်မိနေတာကို”

ချောချောသည် စပ်ဖြဲဖြဲရယ်နှင့် လင်းတို့နှစ်ယောက်ကိုကြည့်ကာ. .

“မပြောပါဘူး၊ ပြောရင် ကိုမျိုးနဲ့ပတ်သက်တဲ့သတင်းအမှန်တွေ၊ လင်းစိတ်ရင်းအမှန်တွေ ဘယ်သိရတော့မလဲ၊ အစပိုင်းတော့ ငါလည်းမသိသေးဘူး. . . နောက်မှ လင်းပြောတဲ့ ‘မျိုး’ ဆိုတာ ကိုမျိုးပဲလို့ သိလိုက်ရတာ”

“တော်တော်ဆိုးတဲ့ချောချောပဲ၊ ကိုယ့်ကိုလည်း လင်းနဲ့သူငယ်ချင်းဆိုတာ လုံးဝမပြောဘဲ အလုပ်ထဲကအကြောင်းတွေမေးသလိုလိုနဲ့ လင်းနဲ့ပတ်သက်တာတွေ မရမကအစ်နေတာ”

“ဟယ်!တော်တော်အကျင့်ယုတ်တာပဲ ကဲဟယ်, ကဲဟယ်”

“အား. . . နာတယ်ဟ၊ ခရီးပန်းလာတဲ့လူကို အဲလိုပဲနှိပ်စက်ကြတော့မှာလား။ ဒီကစေတနာနဲ့ဟာကို. . . လင်းနော်၊ ငါ့ကိုမထုနဲ့၊ ဖုန်းဆက်တုန်းက နင် ဘယ်လိုကြွေနေတယ်ဆိုတာ မသိဘူးမှတ်နေလား။ ပြန်ပြောပြလိုက်မှာနော်”

“ချောချောနော်”



www.burmeseclassic.com

www.burmeseclassic.com



လင်းက ရှက်ဝဲဝဲလေးပြောလိုက်တော့ မျိုးသီဟက သဘောပေါက်သွားဟန်နှင့် ပြုံးကျဲကျဲလုပ်နေလေသည်။

"ဒါနဲ့များ နင်က ငါလုပ်တဲ့အလုပ်မှာ ဝင်မလုပ်ဘူး"

"မလုပ်ပေါင်. . . ကိုမျိုးအစ်ကို ဦးစိုးသူရကြီးကိုကြောက်လို့။ သူက တအားဆူတတ်ငေါက်တတ်တာ"

"အဲဒါ နင့်အမျိုးပဲလေ"

"ဘာမှမတော်ဘူး. . . အဲဒါ ကိုမျိုးအဖေဘက်က တော်တဲ့ အစ်ကို"

"ဩော်, ဒီလိုလား"

"ဒီလိုပေါ့ ယောက်မရဲ့"

"ဟဲ့, ချောချောနော်၊ ငါ ပိတ်ထုပစ်လိုက်ဦးမယ်"

"ဟဲဟဲ. . . အဆောင်ရောက်မှ နင့်ကိုဖေဒင်တွက်ပေးဦးမယ်၊ ဒီနှစ်ထဲ အိမ်ထောင်ကျကိန်းလေးဘာလေး ရှိနေလားလို့။ အား. . . နာလိုက်တာ၊ ဘာလို့ဆွဲဆိတ်ရတာလဲ၊ စေတနာနဲ့လည်း သူတို့နှစ်ယောက်ဆုံအောင် ဖန်တီးပေးရသေးတယ်"

"ဟုတ်သားပဲ လင်းရယ်"

"ဘာဟုတ်သားပဲလဲ. . . ရှင်တို့နော်၊ မောင်နှမနှစ်ယောက်





ပေါင်းပြီး လင်းကို အရူးလုပ်နေတာ"

"ကိုယ်လည်းဘာမှမသိရပါဘူး လင်းရယ်၊ မသိလို့သာ ကိုယ် လင်းကိုချစ်နေတာတွေ သူ့ကိုအကုန်ပြောပြလိုက်မိတာပေါ့"

"ဟယ်! ကြည့်စမ်း. . . တို့အစ်ကိုက လင်းကိုရည်းစားစကား ပြောပြီဟေ့"

ချောချောသည် အရက်ရှိရကောင်းမှန်းလည်းမသိ၊ အသံပြဲကြီးနှင့်အော်လိုက်တာမို့ လင်း တအားရှက်သွားပြီး ထိုနေရာမှ အပြေးကလေး ထွက်လာမိတော့သည်။

ဒါပေမဲ့ လင်းနောက်မှာ ခြေသံတစ်စုံ ကပ်ပါလာတာကိုလည်း သိနေပါသည်။

ပြီးတော့ ချောချောရဲ့ ကျေနပ်အားရနေတဲ့ရယ်သံတွေ၊ အားလုံးထဲမှာ လင်းရင်ထဲက တဒိတ်ဒိတ်ခုန်နေတဲ့အသံက အကျယ်ဆုံး။

လင်း အရမ်းကိုပျော်နေသည်လေ. . .။ ။

ပြီးပါပြီ။

ကြည်နူခေတ်

**2. 12. 2010** (ကြာသပတေးနေ့)

www.burmeseclassic.com